# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

### အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် ၂၀၁၉ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၂၀၀)

# နိုင်ငံတော်သမ္မတအိမ်တော်၌ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၁ ခုနှစ် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီး၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻





**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ ပရိတ်တရားတော်များ နာယူကြည်ညိုကြစဉ်။**

သတင်းစဉ်

## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့်မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ၁၃၈၁ခုနှစ် မြန်မာနှစ်သစ်ကူးမင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွား ဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# လောကကို စောင့်သည့်တရား

လောကလူ့ရွာ လူ့ကမ္ဘာမှာ လူအဖြစ်ဖြင့် လူ့ဘဝကိုရရှိလာကြသူတို့သည် လောက၏ လှပသာယာငြိမ်းချမ်းဖွံ့ဖြိုးမှုကို ဆွတ်ခူးခံစားခြင်းနှင့်အတူ လောကကို စောင့်ရှောက်ခြင်းဟူသည့် တာဝန်သည် လည်းကောင်း၊ ပိုမို လှပသာယာငြိမ်းချမ်းဖွံ့ဖြိုးစေရန်အလို့ငှာ မိမိတတ်စွမ်းသမျှ ပါဝင်စိုက်ပျိုးဆောင်ရွက်ခြင်းဟူသည့် ဝတ္တရားတို့သည် လည်းကောင်း တွဲလျက်ပါဝင်နေသည်ဟု မြင်ပါသည်။ ရှေ့လူတို့ စိုက်ပျိုးခဲ့သည့် အသီးအပွင့်တို့ကို ခူးယူစားသုံးခြင်း၏ နောက်အနာဂတ်အတွက် မိမိတို့က တစ်ပြန်တစ်လှည့် ပျိုးထောင်စိုက်ပျိုးခြင်းဟု ဆိုရပါမည်။

လူမှုအဖွဲ့အစည်းအတွင်း၌ အချို့က နည်းနည်းခူးယူစားသုံးပြီး များများ ပြုစုစိုက်ပျိုး၊ အချို့က များများခူး များများစိုက်၊ အချို့က များများခူး နည်းနည်းစိုက် စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ တွေ့မြင်ကြရပါ၏။ သည်လိုထဲတွင် ရသလောက် ဆွတ်ခူးစားသုံးပြီး အပင်တို့ကို ဖျက်ဆီးချိုးဖြတ်အမြစ်လှန်ကြသူတို့သည်လည်း ရှိချေ၏။ ထိုသူတို့သည်ကား လူ့အဖွဲ့အစည်း၏ စိတ်ပျက်ဖွယ်ရာသူများဟု သတ်မှတ်ရမည်ထင်၏။

ဤသို့ပြုခြင်းဖြင့် မိမိကိုယ်တိုင်အပါအဝင် လူ့အဖွဲ့အစည်းကို ထိခိုက်စေမည်၊ ပျက်စီးစေမည်ကိုလည်း မသိ။ လောက၏ အလှအပကို နားမလည်။ လောက၏ သာယာငြိမ်းချမ်းမှုကို သဘောမပေါက်။ လူမှုအဖွဲ့အစည်းကို၊ အလှအပကို၊ သာယာငြိမ်းချမ်းမှုကို ဖျက်ဆီးရာရောက်သည်ကိုလည်း ရှက်ရမည်၊ ကြောက်ရမည်ဟူသည့် စိတ်သဘောထား မရှိသူတို့ များလာသည့်အခါ လောကသည် အကျည်းတန် ပျက်စီးရတော့မည်။

အမှန်တော့ လူမှုလောက၏ အလှအပကို ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ လူမှုအဖွဲ့အစည်းအတွင်းရှိ လူအားလုံးတွင် တာဝန်ရှိသည် မဟုတ်ပါလော။ လူအများကပင် မိမိတို့၏ လောကကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် မဟုတ်ပါလော။

လောကပါလတရားဟူသည့် လောကကို စောင့်ရှောက်သည့် တရားနှစ်ပါးအဖြစ် ဟိရိနှင့်ဩတ္တပ္ပဟူ၍ ရှိပါ၏။ မကောင်းမှုပြုရမည်ကို ရှက်ခြင်း။ မကောင်းမှုပြုရမည်ကို ကြောက်ခြင်း။

ထို မကောင်းမှုနှင့်ကောင်းမှုကို ခွဲခြားသိမြင်နိုင်ရန်လည်း လိုပါမည်။ မကောင်းမှုဆိုသည်က ဘာနှင့် ကောင်းမှုဆိုသည်က ဘာဆိုသည်ကို ခွဲခြားသိမြင်ခြင်းမှာ အသိဉာဏ်ပညာဖြစ်၏။ အသိဉာဏ်ပညာနည်းသူတို့သည် ကောင်းမှု၊ မကောင်းမှုကို ခွဲခြားမသိမြင်။ ထို့ကြောင့် ရှက်စရာကောင်းသည်ကို ရှက်ရမှန်းမသိ။ ကြောက်ရမည့် အကုသိုလ်ကို ကြောက်ရမည်မှန်းမသိ။ အရှက်မရှိ အကြောက်မရှိသည့်အခါ လောကကို ဖျက်ဆီးဖို့ ဝန်မလေးတော့။

လူများစုက လောကကိုစောင့်ရှောက်နိုင်မှသာလျှင် လှပသာယာငြိမ်းအေးချမ်းသာသည့် လောကတွင် ရှင်သန်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် မည်သည်က ကောင်းမှုကုသိုလ်၊ မည်သည်က မကောင်းမှုအကုသိုလ်ဆိုသည်ကို ကလေးဘဝအရွယ်ကစ၍ ခွဲခြားနားလည်နိုင်ရန် လိုအပ်ပါမည်။ ထိုသို့ ခွဲခြားနားလည်နိုင်သည့် အသိပညာနှင့် လူမှုကျင့်ဝတ်ကို ဂဃနဏ နားလည်အောင် သင်ကြားပေးနိုင်သည့် အခြေခံပညာရေးစနစ်ဖြင့်သာ ယဉ်ကျေးသည့်၊ တိုးတက်ဖွံ့ဖြိုးသည့်နိုင်ငံကို တည်ဆောက်နိုင်စွမ်းရှိသူတို့ ပေါ်ထွန်းလာကြမည်ဖြစ်ပါ၏။

ယဉ်ကျေးသည့် စိတ်ထား၊ သူတစ်ပါးကို ထောက်ထားစာနာ နားလည်နိုင်သည့် နှလုံးသား၊ လောကကို ချစ်ခင်မြတ်နိုးမှုဖြင့် စောင့်ရှောက်ထိန်းသိမ်းလိုသည့် သဘောထား၊ အနာဂတ်အတွက် ရည်ရွယ်စောင့်ရှောက်ရင်း ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းလိုသည့် စွမ်းအား စသည်တို့ဟူသည် အခြေခံပညာရေးစနစ်ကောင်းတို့ဖြင့်သာ အများဆုံး ပြုစုပျိုးထောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# မန်းရွှေစက်တော်ဘုရား ခြေတော်ရာပိတ်ပွဲကျင်းပ

**မင်းဘူး ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားခြေတော်ရာပိတ်ပွဲအား ယနေ့နံနက်ပိုင်းက ကျင်းပရာ အောက်စက်တော်ရာ ပါဒစေတီတော်မြတ်ကြီး၏ အလင်းပေါက် ဖန်အုပ်ဆောင်းကို သြဝါဒဆရာတော်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ခြေတော်ရာမပိတ်မီ ရွှေဆိုင်းများ ကပ်လှူပူဇော်ခဲ့ကြပြီး ခြေတော်ရာပိတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။



**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ဆရာတော်သံဃာတော်များထံ ဥပသကာများက တံခွန်ကုက္ကား၊ မုလေးပွားတို့အား ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ အောက်စက်တော်ရာ ပါဒစေတီအား သံဃာတော် အရှင်သူမြတ်တို့မှ အနေကဇာတင် ရွတ်ဖတ်ပူဇော်ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော် အရှင်သူမြတ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ ပါဒစေတီတော်မြတ်ကြီး၏ အလင်းပေါက် ဖန်အုပ်ဆောင်းအား ပိတ်ကြသည်။

**ဘုရားဖူးများ အထူးစည်ကား**

အဆိုပါ မန်းရွှေစက်တော်ရာဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့ထိ သုံးလကြာ ကျင်းပလျက်ရှိပြီး မန်းရွှေစက်တော်ဘုရားအနီးတွင် ဆင်အပန်းဖြေစခန်းကို ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **ကျော်စိုးဝင်း၊ မျိုးမြတ်(မင်းဘူး)**

# ဥဿသီရိဥယျာဉ်တော်ကြီး သိမ်တော်ကြီးဘေးမဲ့ငါးကန်တွင် ဇီဝိတဒါန ငါးလွှတ်သူများ၊ ငှက်လွှတ်သူများ၊ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်အနီး ဥဿသီရိဥယျာဉ်တော်ကြီး သိမ်တော်ကြီး ဘေးမဲ့ငါးကန်တွင် ယနေ့နံနက် ဇီဝိတဒါနငါးလွှတ်သူများ၊ ငှက်လွှတ်သူများ၊ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားခဲ့သည်။

သိမ်တော်ကြီး ဘေးမဲ့ငါးကန်သို့ ယနေ့ နံနက်ပိုင်းမှစ၍ မိသားစုများ၊ ရုံးဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက စုပေါင်းငါးလွှတ်ခြင်းများ၊ ငါးအစာကျွေးခြင်းများ၊ ငှက်လွှတ်ခြင်းစသော ဇီဝိတဒါနကုသိုလ်ပြုခြင်းများကို တပျော်တပါး လုပ်ဆောင်ကြလျက်ရှိသည်ကို တွေ့ရသည်။



ငါးလွှတ်ခြင်းကုသိုလ်ယူရန်အတွက် ငါးများ ရောင်းချခြင်းကို ကမ္ဘာအေးစေတီတော်မုခ်ဦးအဝမှာပင် တွေ့ရသည်။ ဘေးမဲ့ငါးကန်သို့ သွားရာလမ်းတစ်လျှောက်နှင့် ငါးကန်အနီးတို့တွင်လည်း ဘေးမဲ့ပေးရန် ငါးများရောင်းချပေးလျက်ရှိသည်။

တစ်ဦးတစ်ယောက်ချင်း ငါးရောင်းချသူများသာမက ငါးလုပ်ငန်းဦးစီးဌာန လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းမှလည်း ငါးသားပေါက်များ လာရောက်ရောင်းချပေးလျက်ရှိသည်ကို တွေ့ရသည်။ **(ဝဲပုံ)**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ငါးလုပ်ငန်းစခန်းများမှ ငါးသားပေါက်များကို ပြည်သူများ စျေးနှုန်းချိုသာစွာဖြင့် အလှူဒါနပြုနိုင်ရေးအတွက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ရွှေတိဂုံစေတီတော်၊ သာခုကန်နှင့် စွယ်တော်စေတီတော်တို့တွင် လှော်ကားငါးလုပ်ငန်းစခန်းမှ တာဝန်ယူရောင်းချပေးလျက်ရှိပြီး ကမ္ဘာအေးစေတီတော်တွင် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းမှ ရောင်းချပေးလျက်ရှိသည်။

**လင်းညွန့်၊ ဓာတ်ပုံ-ပေါ်ဦး**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ပုပ္ပား-တောင်ကလပ်၌ ဘုရားဖူးများဖြင့် စည်ကား

**ကျောက်ပန်းတောင်း ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ ပုပ္ပား-တောင်ကလပ်သို့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက်တွင် ဘုရားဖူးလာရောက်ကြသည့် ဧည့်သည်များ များပြားလျက်ရှိကြောင်း တောင်ကလပ်ဂေါပကအဖွဲ့ဝင် ဦးဝင်းလှိုင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပား-တောင်ကလပ်တွင် နှစ်စဉ်နှစ်တိုင်း မြန်မာနှစ်ဆန်းတစ်ရက်နေ့တိုင်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ပုပ္ပားတောင်ကလပ်တွင် ပြည်တွင်းဘုရားဖူးများ စောင်းတန်းနှစ်တန်းလုံးကျပ်နေရာ စျေးရောင်းစျေးဝယ်များ ရောင်းဝယ်၍မရအောင် လူများနေကြောင်း**(ယာပုံ)** နှင့် မျောက်စာရောင်းချသည့် စျေးသည်များ နေ့ခင်းမရောက်မီ ရောင်း၍ကုန်သွားကြောင်း မျောက်စာရောင်းချသည့် စျေးသည်များက ပြောသည်။

အချို့ အသက်ကြီးသူများ တောင်ပေါ်အထိ မတက်ရောက်နိုင်ကြတော့ဘဲ စောင်းတန်းနှစ်ခု ပေါင်းစုံသည့်နေရာအထိသာ တက်ရောက်နိုင်ကြကြောင်းနှင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ စျေးရောင်း စျေးဝယ်၊ တောင်ကလပ် တက်ရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း ပုပ္ပား-တောင်ကလပ်ဂေါပကအတွင်းရေးမှူး(ဘဏ္ဍာငွေထိန်းသိမ်းရေး) ဦးကျော်ဝင်းဆွေက ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

***✻ ရှေ့ဖုံးမှ***

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၏ ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

***စာမျက်နှာ ၄ သို့***



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချိုနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ဝုဏ္ဏေဝါခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**ကိုးပါးသီလ ခံယူဆောက်တည်**

ထို့နောက် ဈေးကုန်းဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

**ပရိတ်တရားတော်များ နာယူကြည်ညို**

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်း**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဈေးကုန်းဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာ

ပြည်သူလူထုဟာ ကိုယ့်နိုင်ငံမှာရှိနေတဲ့ ဥပဒေတွေဟာ တရားတဲ့ဥပဒေတွေလား၊ ဒီဥပဒေတွေဟာ၊ ဒီတရားဥပဒေတွေဟာ စိုးမိုးနေရဲ့လား၊ တရားဥပဒေစိုးမိုးရေးဆိုတာ ရှိရဲ့လား။ အင်မတန်မှ လှပကောင်းမွန်တဲ့ တရားဥပဒေတွေကို စာအုပ်ကြီးထဲမှာထားပြီးတော့ ပြည်သူတွေရဲ့ဘဝတွေအပေါ်မှာ သက်ရောက်မှုရှိအောင် မလုပ်နိုင်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောလို့မရပါဘူး။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဟာ အစကတည်းက တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာဆိုပြီး၊ ကျွန်မတို့တင်ပြပြီးတော့ ရွေးကောက်ပွဲမှာ ဝင်ခဲ့တာဖြစ်ပါတယ်။

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## လက်ရှိတည်ဆောက်ထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်အဆင့်မှ ရှေ့သို့တက်လှမ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးလွှမ်းခြုံ၍ ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်သည့်အဆင့်သို့ တက်လှမ်းကြပါရန် အလေးအနက်ထားတိုက်တွန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ**
**“ဝ”အထူးဒေသ(၂)ငြိမ်းချမ်းရေးတည်ဆောက်မှုနှစ်(၃၀)ပြည့် အခမ်းအနားသို့**
**ပေးပို့သောသဝဏ်လွှာ**

**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**(၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်)**

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကျရောက်သော “ဝ”အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ်မင်္ဂလာအခါသမယတွင် အထူးဒေသ(၂) ခေါင်းဆောင်များနှင့်တကွ ပြည်ထောင်စုကြီး၏ သားသမီးများဖြစ်ကြသော ဝတိုင်းရင်းသားညီအစ်ကိုမောင်နှမမိသားစုများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေဟု ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သောနှစ်(၃၀)ကစတင်ခဲ့သော ငြိမ်းချမ်းရေးလမ်းစဉ်သည် နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အလေးထားမှုနှင့် အပြန်အလှန်စောင့်ထိန်းမှုတို့ဖြင့် ယနေ့အချိန်အထိ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို ဆောင်ကြဉ်းပေးနိုင်နေဆဲဖြစ်ပါသည်။ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့၏ အသီးအပွင့်ကိုရရှိခံစားလျက်ရှိသော ဝတိုင်းရင်းသားပြည်သူများအတွက်လည်း ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပါသည်။

သို့သော်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုရရှိရန်အတွက်မူ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူရေးနှင့် တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိစေမည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရန် အထူးပင်အရေးကြီးလှပါသည်။ ရရှိထားသောတည်ငြိမ်အေးချမ်းမှုကို ရေရှည်ခိုင်မာစွာထိန်းသိမ်းနိုင်စေမည့် ပဋိပက္ခလျှော့ချရေး၊ စောင့်ကြည့်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များ၊ တိုင်းရင်းသားအခွင့်အရေး၊ တန်းတူရေးနှင့်ညီညွတ်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲများမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ရေးထိုးပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ NCA သည် “ဝ” အထူးဒေသ(၂)အပါအဝင် တိုင်းရင်းသားများ မျှော်လင့်တောင့်တလျက်ရှိသော အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိရေးဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းရာတွင် ဖြတ်သန်းရမည့် တံခါးပေါက်တစ်ခုသာဖြစ်ပြီး လမ်းဆုံးပန်းတိုင်မဟုတ်သည်ကို သတိချပ်စေချင်ပါသည်။ NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီးသည့်နောက်တွင်လည်း NCA က လွှမ်းခြုံခြင်းမရှိသော ကိစ္စရပ်များရှိလာပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှုရယူနိုင်ကြောင်းလည်း အလေးအနက်ထား အသိပေးလိုပါသည်။

ယနေ့အချိန်အခါတွင် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းနိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုများ အစဉ်တစိုက်တောင်းဆိုခဲ့ကြသော်လည်း အလှမ်းကွာဝေးခဲ့ရသော နိုင်ငံရေးဆွေးနွေးပွဲများမှာ သမိုင်းကြောင်းတစ်လျှောက် ပထမဦးဆုံးအကြိမ်ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရုံမကသည့်အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးအထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအိပ်မက်အတွက် ဖက်ဒရယ်အခြေခံမူအများအပြားကို သဘောတူညီမှုရယူနိုင်ခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါညီလာခံစားပွဲဝိုင်းများတွင် “ဝ” အထူးဒေသ(၂)အပါအဝင် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေခြင်းမှာ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သူ တိုင်းရင်းသားမျိုးနွယ်စုအားလုံး ပါဝင်နိုင်စေလိုသော နိုင်ငံရေးစိတ်ရင်းစေတနာကြောင့်ပင် ဖြစ်ပါသည်။ ထို့အပြင် နှစ်ဦးနှစ်ဖက် အပြန်အလှန်စောင့်ထိန်းမှုဖြင့် လက်ရှိတည်ဆောက်ထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အဆင့်မှ ရှေ့သို့တက်လှမ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးလွှမ်းခြုံ၍ ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်သည့်အဆင့်သို့ တက်လှမ်းကြပါရန်လည်း အလေးအနက်ထား တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်အနေဖြင့် “ဝ” အထူးဒေသ(၂) ခေါင်းဆောင်များ၊ ဝတိုင်းရင်းသားပြည်သူများအားလုံး နှစ်သစ်အခါသမယတွင် စိတ်သစ်၊ လူသစ်၊ အိပ်မက်အသစ်များဖြင့် ငြိမ်းချမ်းအေးမြနိုင်ကြပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုအိပ်မက်အသစ်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက် ဆန္ဒပြုတိုက်တွန်းရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး မြဝတီမြို့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား တက်ရောက်

မြဝတီ ဧပြီ ၁၇

**ကရင်ပြည်နယ် မြဝတီမြို့၌ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့သည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့၌ ကျင်းပသော ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ မြဝတီမြို့အမှတ်(၁)ရပ်ကွက် အမှတ် (၁) ချစ်ကြည်ရေးတံတားအောက်၌ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ ရောက်ရှိကြပြီး ငါးမြစ်ချင်းကောင်ရေ တစ်သောင်း၊ တီလားဗီးယားရှစ်ထောင်နှင့် ငါးခုံးမနှစ်ထောင် စုစုပေါင်းငါးကောင်ရေ နှစ်သောင်းကို မြန်မာ- ထိုင်း နှစ်နိုင်ငံနယ်စပ်သောင်ရင်းမြစ်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် မြဝတီမြို့အမှတ်(၄)ရပ်ကွက်၊ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ သာသနာ့ဟိတကာရီ ဗိမာန်တော်၌ ကျင်းပသော သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကာ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့ပြီး အားပေးစကား ပြောကြားသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ အသက် ၈၅ နှစ်အထက် အဘိုး ၂၂ ဦး၊ အဘွား ၅၃ ဦး စုစုပေါင်း ၇၅ ဦးတက်ရောက်ကြပြီး ထောက်ပံ့ငွေ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများ ကူညီထောက်ပံ့ပေးခဲ့သည်။ အခမ်းအနားသို့ လူကိုယ်တိုင်တက်ရောက်ခြင်းမရှိသော အဘိုး၊ အဘွားများအား အိမ်တိုင်ရာရောက် ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ဦးအိုက်ကျန်ခမ်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း- မောင်စိန်လွင်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။**
ဓာတ်ပုံ- မင်းထက်



နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကျင်းပစဉ်။

# ၁၃၈၁ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်၊ နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူ

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် (C)ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက်ပဓာနနာယက ဆရာတော်အရှင်တေဇောဘာသ အမှူးပြုသော သံဃာတော်အရှင်မြတ်တို့ ကြွရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်တေဇောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်မြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ယင်းနောက် ဆရာတော်သံဃာတော်အရှင်မြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## လှိုင်ကော်မြို့ရှိ မိုးကောင်းမဟာမြတ်မုနိ ဘုရားကြီးအား ရေသပ္ပာယ်ပူဇော်

**လှိုင်ကော် ဧပြီ ၁၇** - ကောဇာသက္ကရာဇ် ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ကယားပြည်နယ် လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ မိုးကောင်းဘုရားကြီးဓမ္မာရုံ၌ မိုးကောင်းမဟာမြတ်မုနိဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ခြင်းကို ယနေ့ နံနက်က အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး လှိုင်ကော်မြို့မိုးကောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးကောင်းဘုရားကြီးနှင့် ဂြိုဟ်နံဘုရားများအား ရေသပ္ပာယ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၃/၂၀၁၉**
**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်**
**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား/သူ ၉၅၃၅ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်။ ကျန် အကျဉ်းသား/သူများထဲမှ လွှတ်သင့်လွှတ်ထိုက်သူများကိုလည်း စနစ်တကျစိစစ်လျက်ရှိပြီး လွတ်ငြိမ်းသက်သာခွင့် ဆက်လက်ပေးသွားမည်ဖြစ်ပါသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၄/၂၀၁၉**
**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်**
**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသားအကျဉ်းသား ၁၆ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

❒ *ကျောဖုံးမှ*

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် (၁၁)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကျင်းပစဉ်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ကမ္ဘာသူကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ် ကင်းရှင်းစေရန် နေပြည်တော်ကောင်စီနယ်မြေ အတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦး မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများ ဖျန်းပက်ကာ မေတ္တာပို့သကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော သတ္တသတ္တာဟစေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီ၊ ရန်အောင်မြင်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားနေပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ကြသူများ များပြားခဲ့သည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

**သတင်းစဉ်**



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နေပြည်တော်ရှိ သတ္တသတ္တာဟစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နေပြည်တော် ရေပန်းဥယျာဉ်၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိစဉ်။

# “ဝ”အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့တက်ရောက်





**ပန်ဆန်း ဧပြီ ၁၇**

“ဝ” အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀)ပြည့် အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ပန်ဆန်းမြို့၌ ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးမိုးဇော်ဦးတို့ပါဝင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့တက်ရောက်ကြသည်။ **(ယာပုံ)**

**မီးရှူးမီးပန်းများ ပစ်ဖောက်**

ရှေးဦးစွာ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်နှင့် “ဝ”အထူးဒေသ(၂)၏ အလံကို အခမ်းအနားဖြင့် လွှင့်ထူ၍ နိုင်ငံတော်သီချင်းကို တီးမှုတ်ဂုဏ်ပြုသည်။

**ကပြဖျော်ဖြေ**

ထို့နောက် “ဝ’ အထူးဒေသ(၂)၏ ငြိမ်းချမ်းရေး တည်ဆောက်မှု နှစ် (၃၀) ပြည့်ကို စစ်ရေးပြအခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုခြင်း၊ “ဝ” အထူးဒေသ (၂) နယ်မြေအတွင်းရှိ တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်အဖွဲ့နှင့် လုပ်ငန်းနယ်ပယ်အသီးသီးရှိ ကိုယ်စားလှယ်အဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလုများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေမှုများပြုလုပ်၍ အခမ်းအနားကျင်းပရာသို့ ဝင်ရောက်နေရာယူခြင်းတို့ကို ပြုလုပ်ကြသည်။

ယင်းနောက် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) အထွေထွေအတွင်းရေးမှူးချုပ်၊ “ဝ”ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) စစ်ဦးစီးချုပ် ဦးပေါက်ယူချန်းက မိန့်ခွန်းပြောကြားသည်။

**သဝဏ်လွှာကို ဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး “ဝ” အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ်(၃၀)ပြည့် အခမ်းအနားသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် အခမ်းအနားမှူးက “ဝ”အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့မှ ပေးပို့လာသည့် သဝဏ်လွှာများကို မှတ်တမ်းတင်ပြီး သဝဏ်လွှာဖတ်ကြားသည်။

**နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များအား ပန်ဆန်းမြို့ ပြည်သူ့ခန်းမ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်း ဦးဆောင်သောအဖွဲ့တို့သည် ပြည်သူ့ခန်းမ၌ သီးသန့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောအဖွဲ့သည် “ဝ”အထူးဒေသ(၂) ပန်ဆန်းမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်း ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့ ပန်ဆန်းမြို့အတွင်း ကြည့်ရှုလေ့လာ

**ပန်ဆန်း ဧပြီ ၁၇**

“ဝ” အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ် (၃၀) ပြည့် အခမ်းအနားသို့ တက်ရောက်ရန်အတွက် ပန်ဆန်းမြို့၌ ရောက်ရှိနေသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးမိုးဇော်ဦးတို့ ပါဝင်သည့် အဖွဲ့သည် “ဝ” အထူးဒေသ(၂)၏ ဗဟိုရုံးအုပ် ဦးအောင်မြင့် လိုက်ပါလျက် ဧပြီ ၁၆ ရက် ညနေပိုင်းတွင် ပန်ဆန်းမြို့ရှိ အာဇာနည်ကျောက်တိုင်၊ ငြိမ်းချမ်းရေးအထိမ်းအမှတ်ဥယျာဉ်ရှိ ငြိမ်းချမ်းရေးကျောက်တိုင်၊ မုန်ခန်းမြို့နှင့် ပန်ဆန်းကြားရှိ မုန်ခန်းတံတားနှင့် ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ် ဗဟိုစခန်းဟောင်းရှိရာနေရာတို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

ညပိုင်းတွင် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးပေါက်ယူချန်းနှင့်အဖွဲ့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့ တက်ရောက်ကြသည်။

“ဝ”အထူးဒေသ(၂)၏ ငြိမ်းချမ်းရေးတည်ဆောက်မှု နှစ်(၃၀)ပြည့် အခမ်းအနားအထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသည့် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား “ဝ”တိုင်းရင်းသားရိုးရာတေးသီချင်းများ၊ အက၊ အလု သရုပ်ဖော်တင်ဆက်မှုများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**





# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

ရန်ကုန် ဧပြီ ၁၇

**မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။**



မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

### ပရိတ်တရားတော်များ နာကြား

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော် အထက်ပစ္စယံ၌ စေတီတော်ကြီးအား သံဃာ ၁၀၈ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ၁၃၈၁ ခုနှစ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ရင်ပြင်တော်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာများအား အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ နံနက် ၆ နာရီခွဲတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာကြားကြပြီး ရေစက်ချအမျှပေးဝေခြင်း အခမ်းအနားများ ကျင်းပကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ (၃၅) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ သွေးလှူဒါန်းပွဲ ကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအောင်မြတ်က သွေးလှူရှင်များအား ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းခြင်း အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ပါမောက္ခ ဒေါက်တာ ဒေါ်သီတာအောင်၊ ဆရာဝန်များနှင့် သွေးလှူရှင်များအတွက် အာဟာရဒါနလှူဒါန်းသော အလှူရှင်များအား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ကြသည်။

### မေတ္တာပို့ အမျှပေးဝေ

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက် ၉ နာရီခွဲတွင် ဂေါပကရုံး အာရုံခံတန်ဆောင်းအပေါ်ထပ်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ကယားအဆောင်မှူး အဘိဓမ္မာပိဋကတ် မဟာဌာန ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသက သီလပေးတရားချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် နှစ်သစ်မင်္ဂလာ အခါတော်နေ့အခမ်းအနားကို ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဝင်းသိန်းက နှစ်သစ်မင်္ဂလာ အခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာ ထောမနာစကား ပြောကြား၍ မင်္ဂလသုတ်အမွန်း ရွတ်ဆိုပူဇော်ခြင်း၊ မင်္ဂလသုတ်ပါဠိတော်ကို ဘာသာရေးဝတ်အသင်းအဖွဲ့များက စုပေါင်းရွတ်ဖတ်ပူဇော်ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

### တရားများ ချီးမြှင့်

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် ကျက်သရေခန်းမဆောင်၌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိ ဘိဝံသ ဆရာတော်များက သီလပေးတရားများ ချီးမြှင့်ပြီး အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

### ရေစက်သွန်းချ

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၇ နာရီတွင် စေတီတော် လိုဏ်ဂူအတွင်း၌ ဂေါပကအဖွဲ့နှင့် ဒာယကာ ဒကာမများက စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် ကန်ဦးဇေတဝန်စာသင်တိုက်၏ ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တရားတော်များချီးမြှင့်ကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် (၂၀)ကြိမ်မြောက် ဇီဝိတဒါန ငါးလွှတ်ပွဲများကို နှစ်ဦးဒါနအဖြစ် ကျင်းပကြသည်။

### ကျွေးမွေးလှူဒါန်း

သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ဘုရားရင်ပြင်တော်ရှိ အောင်မြေရုံ၌ ဆရာတော်များ ပင့်လျှောက်၍ သီလခံယူခြင်း၊ ယနေ့ နံနက် အရုဏ်တက်တွင် နှစ်သစ်ကူးဆွမ်းဦးတင် ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၁၀ နာရီတွင် ဖြူးကျောင်းတိုက် ဆရာတော်ထံမှ ရှစ်ပါးသီလနှင့် ရေစက်ချတရားများ ခံယူဆောက်တည်ကြခြင်း၊ စေတနာရှင် အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။

### ပရိတ်ရေများပက်ဖျန်း

ယနေ့ နှစ်ဆန်းတစ်ရက်နေ့တွင် ဆရာတော် သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ လမ်းမကြီးများတစ်လျှောက်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများပက်ဖျန်းခြင်း၊ ရပ်ကွက်များတွင် လမ်းများအလိုက် ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

### အခမဲ့လိုက်ပါ ပို့ဆောင်

ထို့အပြင် ပုဂ္ဂလိက အငှားယာဉ်တချို့နှင့် ယာဉ်လိုင်းတချို့ကလည်း သံဃာတော်များ၊ သီလရှင်များနှင့် ဘုရားဖူးပြည်သူများထံမှ ယာဉ်စီးခ မယူဘဲ ကုသိုလ်ဖြစ် အခမဲ့လိုက်ပါ ပို့ဆောင်ကြသည်ကိုလည်း တွေ့ရသည်။

ယနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့်အားလျော်စွာ ဘုရားကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်း ညှပ်ပေးခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်းစသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို ရန်ကုန်တိုင်းဒေသကြီး သာမက မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်မှာ မြန်မာတို့၏ ဘိုးဘွားများ လက်ထက်က စတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှု အစဉ်အလာ လက်ဆင့်ကမ်းအမွေအနှစ် ပုံရိပ်ကောင်းများပင် ဖြစ်ပေသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - လှမိုး**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ဒါနကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်မှ ၁၃၈၁ ခုနှစ် နှစ်သစ်ကူးပြောင်းသော မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့ပေါ်၌ ကုသိုလ်ပြုသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

### အထူး စည်ကားလျက်ရှိ

ထိုကဲ့သို့ ကုသိုလ်ပွားများရာ၌ ယနေ့ နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သဲကုန်းကျောင်း တောင်ပြင်ထီးလင်းတိုက် ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း ပန်း ရေချမ်းဆက်ကပ်ပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီး ပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ဇီဝိတဒါန ငါးလွှတ်ခြင်း၊ အစာကျွေးခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြရာ မဟာမုနိဘုရားကြီးတွင် မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီနှင့် ဝေရောစန ကျောက်စိမ်းစေတီတော် စသည့် တန်ခိုးကြီးဘုရားတို့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ စေတနာရှင်အလှူရှင်များကလည်း စတုဒိသာအအေး၊ ရွှေရင်အေး၊ ကြာဆံဟင်းတို့ဖြင့် လှူဒါန်းကျွေးမွေးကြသည်။

နှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းမှစ၍ မွန်းလွဲပိုင်းအထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ အနယ်နယ်အရပ်ရပ်မှ လူမှုရေးအဖွဲ့အစည်းများ၊ သွေးလှူအသင်းများမှ သွေးလှူရှင်များက သွေးများလာရောက်လှူဒါန်းကြသည်။

### စုပေါင်းဘေးမဲ့ လွှတ်ပေး

ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေး မြို့တော်ခန်းမ၌ မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ အသက် ၉၀ နှင့် အထက် အဘိုး အဘွား စုစုပေါင်း ၃၂ ဦးတို့အား သက်ကြီးပူဇော်ပွဲကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပူဇော်ပွဲကျင်းပရခြင်းနှင့် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားပြီး အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြပြီး တစ်ဦးလျှင် အလှူငွေကျပ် ၃၂၀၀၀ ကျော်နှင့် ဂါရဝပြုလှူဖွယ် ပစ္စည်းများ တစ်ဦးချင်းပေးအပ်လှူဒါန်း ပူဇော်ကန်တော့ကြရာ ကန်တော့ခံများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ မိသားစုများ၏ မြန်မာနှစ်ဆန်းတစ်ရက် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန ပါမောက္ခဌာနမှူး ဆရာတော်ဘဒ္ဒန္တ ပဒုမသာရ အရှင်သူမြတ်အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ဇနီး ပရိသတ်တို့က ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပါမောက္ခဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ရုံးရှေ့ကျုံးရေပြင်အတွင်း၌ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သောင်းတို့ကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြပြီး ငှက်လွှတ်ခြင်းများ ဆောင်ရွက်ကြသည်။ ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အန္တရာယ်ကင်းပရိတ်ရေများကို မန္တလေးမြို့တော်သူ မြို့တော်သားများ အန္တရာယ်ကင်းဝေးစေရေးအတွက် မန္တလေးမြို့ ၃၄ လမ်းရှိ ရေတွင်းစက်ရုံ အမှတ်(၁) မလွန်ရေလှောင်ကန်အတွင်းသို့ သွန်းလောင်းပေးသည်။

ညနေပိုင်းတွင် မန္တလေးမြို့တော် ကျုံးလေးမျက်နှာတွင် သံဃာတော် အရှင်သူမြတ် ၁၀ ပါးစီဖြင့် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ကြရာ မန္တလေးမြို့တော်သူ မြို့တော်သားများက ပရိတ်ရေ ပရိတ်အိုးတို့ ဆက်ကပ်ကာ တရားနာယူကြသည်။ထို့ပြင် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင်လည်း အရာထမ်း၊ အမှုထမ်းမိသားစုများက တိုက်တော်ကျောင်းတိုက်နာယက ဆရာတော် အမှူးပြုသော သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

မန္တလေးမြို့တော် အသီးသီးရှိ ရပ်ကွက်၊ လမ်းများ၌ သံဃာတော်များအားပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်နှင့် ကမ္မဝါစာများ နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြရာ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါသမယနေ့တွင် မန္တလေးမြို့တော်တစ်ခွင်လုံး၌ ကုသိုလ်ပြုသူများ ကုသိုလ်သံများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့မြင်ကြားသိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့၌ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ သက်ကြီးပူဇော်ပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘိုးဘွားများအား အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

# မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘိုးဘွားသက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး အလှူငွေများကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)အား ပေးအပ်စဉ်။

**ရန်ကုန် မေ ၁၇**

၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ယနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဘိုးဘွား သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီးတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများအား နှစ်ဦးမင်္ဂလာအဖြစ် အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ဂါရဝစကား ပြောကြားသည်။

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ အမှုဆောင်အဖွဲ့ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သန်းက ကျေးဇူးတင်စကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်တင့်က သက်ကြီးဘိုးဘွားများနှင့် မိတ်ဆက်ပေးကာ သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ခဲ့ကြသည်။ ကန်တော့ခံဘိုးဘွားများကိုယ်စား ဘိုးစိုးသိန်း ၉၀ နှစ်က ဆုတောင်းမေတ္တာပို့သခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘိုးဘွားသက်ကြီးငါးဦးအား ဂါရဝပြုအလှူငွေများ ပေးအပ်လှူဒါန်းပြီး ကျန်ဘိုးဘွားများအတွက် အလှူငွေများကို ဝန်ကြီးချုပ်က နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)အား ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၁၉ ခုနှစ် သက်တော်ရှည်ဘိုးဘွား ငါးဦးအတွက် တစ်ဦးလျှင် အလှူငွေကျပ် တစ်သိန်းစီလှူဒါန်းခဲ့ပြီး ကျန်ဘိုးဘွားများအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်း လှူဒါန်းခဲ့သည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးသည် သက်တမ်းအားဖြင့် ၈၆ နှစ်ရှိကာ အသက် ၇၀ ကျော် အဘိုးဦးရေ ၄၅ ဦး၊ အဘွားဦးရေ ၁၁၆ ဦးရှိပြီး စုစုပေါင်း ဘိုးဘွား ၁၆၁ ဦးကို ပြုစုထားလျက်ရှိသည်။ ထိုဘိုးဘွားများအနက် အဘိုး ၁၄ ဦး၊ အဘွား ၄၇ ဦး စုစုပေါင်း ဘိုးဘွား ၆၁ ဦးကို ဘိုးဘွားဆေးရုံ၌ ဆေးကုသပေးလျက်ရှိပြီး အသက် ၁၀၄ နှစ်ရှိ အဘွားတင်မြကိုလည်း ဆေးရုံ၌ ပြုစုထားလျက်ရှိသည်။

လက်ခံပြုစုထားသော ဘိုးဘွားများကို အာဟာရပြည့်ဝစေရန် နေ့စဉ် ဘိုးဘွားတစ်ဦးလျှင် ကယ်လိုရီ ၁၂၀၀ မှ ၁၅၀၀ အထိ ကျွေးမွေးပြုစုလျက်ရှိပြီး မကျန်းမာသော ဘိုးဘွားများကို နိုင်ငံတော်ဆေးရုံကြီးများသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ပူတာအို၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲကျင်းပ

**ပူတာအို မေ ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်ရောက်ရာ ကောင်းမြတ်သောအခါသမယတွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ၊ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲကို မေ ၁၇ ရက်က ကျင်းပသည်။

နံနက် ၈ နာရီတွင် ဖုန်ကန်ရာဇီခန်းမ၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပရာ တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ပူတာအိုခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုသိုလ်ရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၅၂ သိန်းကျော်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် ကုသိုလ်ရှင်အလှူရှင်များက အသက် ၈၈ နှစ်အထက် သက်ကြီးအဘိုးအဘွား ၆၈ ဦးတို့အား ထောက်ပံ့လှူဒါန်းကြကာ ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသပေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများက လုံးစွတ်ရပ်ကွက် နမ့်ထွမ်ချောင်းတွင် ငါးသားပေါက်အကောင်ရေ ၂၀၀၀၀ ကို ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ခဲ့ကြသည်။

ထို့နောက် ပူတာအိုမြို့နယ်ရှိ ဆရာတော်၊ သံဃာတော်များထံမှမေတ္တာသုတ်ပရိတ်တရားတော်နှင့် အန္တရာယ်ကင်းကမ္မဝါများ နာကြားကြည်ညိုကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






# မလှိုင်မြို့တွင် အန္တရာယ်ကင်းပရိတ်နာခြင်း၊ သက်ကြီးဘိုးဘွားများ ကန်တော့ခြင်းဆောင်ရွက်

**မလှိုင် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ဆရာတော်သံဃာတော်များထံ အန္တရာယ်ကင်းပရိတ်နာခြင်း၊ သက်ကြီးဘိုးဘွားများ ကန်တော့ခြင်းဖြင့် နှစ်သစ်ကောင်းမှုကုသိုလ်ယူခြင်းများကို နှစ်ဆန်းတစ်ရက် နံနက် ၇ နာရီတွင် စတင်ဆောင်ရွက်ခဲ့ကြသည်။

နှစ်ဆန်းတစ်ရက်နေ့ နံနက် ၇ နာရီက မလှိုင်မြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် တစ်မြို့နယ်လုံးအန္တရာယ်ကင်းစေရန် ရည်ရွယ်၍ ဆရာတော်သံဃာတော်ကြီးများထံမှ မြို့နယ်လုံးကျွတ် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်းကို ဆောင်ရွက်ခဲ့ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ကပ်လှူခဲ့ကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းခဲ့သည်။

မြို့နယ်လုံးကျွတ်အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူပြီးနောက် မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် (၂၁)ကြိမ်မြောက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲ ဆက်လက်ကျင်းပသည်။

မလှိုင်မြို့နယ် ရပ်ကွက်လေးခုရှိ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ကန်တော့ခြင်းများ ဆောင်ရွက်၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကို ကောင်းမှုကုသိုလ်များဖြင့် ကြိုဆိုခဲ့ကြသည်။

ဆရာတော်သံဃာတော်များထံမှ မြို့နယ်လုံးကျွတ် အန္တရာယ်ကင်းပရိတ်တရားနာယူခြင်းနှင့် သက်ကြီးပူဇော်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်၊ မဟာသင်္ကြန်ပွဲဖြစ်မြောက်ရေး ပံ့ပိုးလှူဒါန်းသူ မြို့မိမြို့ဖ ဦးသိန်းထိုက်(ကြယ်ငါးပွင့်ကုမ္ပဏီ) မိသားစုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# မောင်တောမြို့နယ် ရေရှားပါးသော ကျေးရွာများသို့ မီးသတ်ဦးစီးမှူးရုံးမှ သောက်သုံးရေသွားရောက်လှူဒါန်း

**မောင်တော မေ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် မေ ၁၇ ရက် ညနေ ၃ နာရီတွင် ရေရှားပါးသော (၄)မိုင်အုပ်စု သာယာကုန်းကျေးရွာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးစီး၍တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အိမ်ထောင်သည် အမျိုးသမီး သုံးဦး၊ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေလှူဒါန်းခဲ့သည်။

ယင်းသို့ လှူဒါန်းရာတွင် (၄)မိုင်အုပ်စု သာယာကုန်းကျေးရွာရှိ အိမ်ထောင်စု ၅၃ စု၊ လူဦး ရေ ၂၄၀ ခန့် နေထိုင်သည့် ကျေးရွာအား သောက်သုံးရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



(၄၆) ကြိမ်မြောက် မွန်ရိုးရာ သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)က ရွှေတိဂုံ တောင်ဘက်မုခ် မွန်ပိဋကတ်တိုက်၌ ကျင်းပရာ မြို့နယ်အသီးသီးမှ ကန်တော့ခံ ဘိုးဘွားများအား မွန်မောင်မယ်များက နံ့သာရည်ဖြင့် ပက်ဖျန်းကြစဉ်။

တင်စိုး(မြန်မာ့အလင်း)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲတက်ရောက်

စစ်တွေ ဧပြီ ၁၇

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မြန်မာသက္ကရာဇ် ၁၃၈၁-ခု၊ မြန်မာနှစ်ဆန်းတစ်ရက် ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည့် (၅၅) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲသို့ တက်ရောက်ကာ သက်ကြီး ဘိုး၊ ဘွားများအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။**

ရှေးဦးစွာ ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်ရိုးရာ မင်္ဂလာစည်တော်တီးခတ်၍ ဖွင့်လှစ်ပြီး မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဘဏ္ဍာရေးမှူး ဦးစံညွန့်က ကေပိုဒ်ရတု ရွတ်ဖတ်ပူဇော်သည်။ ဆက်လက်၍ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစံသာမောင်က သက်ကြီး ပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်ပြီးရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသော လူပုဂ္ဂိုလ်များက အပူဇော်ခံ အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ကြီး အဘိုး၊ အဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များ၊ ပင်တိုင်အလှူရှင်များက အဘိုး၊ အဘွားများကို အလှူငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းကြသည်။ ယင်းနောက် အပူဇော်ခံ အဘိုး၊ အဘွား များကိုယ်စား အသက် ၈၅ နှစ်ရှိ အဘိုး ဦးကျော်သာက မေတ္တာပို့ ကျေးဇူးတင် စကားပြန်လည်ပြောကြားပြီး ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုကော်မတီမှ **"ရက္ခိတအားမာန်ပြိုင်လောင်းဟန်"၊ "ရခိုင်စည်တီးပြည်ရွာအီး"** ယိမ်းအကများဖြင့် ဂါရဝပြုဖျော်ဖြေကြသည်။

သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီမှ ယနေ့ခန်းမအတွင်းသို့ လာရောက်အပူဇော်ခံအဘိုး၊ အဘွား ၁၀၈ ဦးကိုပူဇော်ကြပြီး ရပ်ကွက်အသီးသီးရှိ အဘိုး၊ အဘွား ၉၈၆ ဦးကိုလည်း လှည့်လည် ပူဇော်သွားမည်ဖြစ်သည်။ စစ်တွေမြို့တွင် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီမှ အသက် ၈၀ နှင့် အထက်အဘိုး၊ အဘွားများနှင့် အသက် တစ်ရာအထက် အဘိုး၊ အဘွား ငါးဦး အပါအဝင် စုစုပေါင်း ၁၀၉၄ ဦးကို ငွေကျပ် ၄၉၂၃၀၀၀၀ ဖြင့် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီ ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ မြို့မိ၊ မြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များနှင့် ရခိုင်ယဉ်ကျေးမှုအဖွဲ့ လူငယ်များ တက်ရောက်ကြကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



ရခိုင်ရိုးရာသက်ကြီး ပူဇော်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကန်တော့ပစ္စည်းများ လှူဒါန်းစဉ်။

# သက်ကြီးပူဇော်ပွဲနှင့် ဗီဇိတဒါနငါးလွှတ်ပွဲကျင်းပ ကရင်ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**ဘားအံ ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ် အလာအတိုင်း ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမနှင့် ကန်သာယာတွင် နံနက် ၈ နာရီက သက်ကြီးပူဇော်ပွဲနှင့် ဗီဇိတဒါနငါးလွှတ်ပွဲကို ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဦးသုံးကြိမ်ချကန်တော့၍ အခမ်းအနားသို့ တက်ရောက်လာသော အဘိုးအဘွား ၃၂ ဦးအား တစ်ဦးလျှင် လှူဒါန်းငွေကျပ် ၅၀၀၀၀ နှင့် ဂါရဝပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် **(အောက်ပုံ)** ဘားအံမြို့ပေါ် ရပ်ကွက်ကိုးရပ်ကွက်မှ ဘိုးဘွား ၃၈၁ ဦး၊ ဘိုးဘွားရိပ်သာမှ ဘိုးဘွားခုနစ်ဦး စုစုပေါင်း ဘိုးဘွား ၃၈၈ ဦးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ အလှူရှင်များ၊ ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနတို့မှ လှူဒါန်းငွေနှင့် ဂါရဝပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၁၂၄၁၉၀၀ ကို လှူဒါန်းခဲ့ကြောင်းနှင့် အဘိုးအဘွားများအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဗီဇိတဒါနငါးလွှတ်ပွဲကို ဇွဲကပင်ခန်းမရှေ့ ကန်သာယာအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဘိုးအဘွားများက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီးကောင်ရေ ၈၀၀၀ ကို ကန်သာယာအတွင်းသို့ ဗီဇိတဒါနအဖြစ် စေလွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဧရာဝတီမြစ်အတွင်းသို့ ငါးလွှတ် ဗီဇိတဒါနပြု

**မန္တလေး ဧပြီ ၁၇**

ယနေ့သည် မြန်မာတို့၏ အထွတ်အမြတ်ထားရာ မြန်မာနှစ်ဆန်းတစ်ရက် နေ့ထူးနေ့မြတ် ဖြစ်သည်နှင့်အညီ အမြို့မြို့အနယ်နယ်တွင် ဗီဇိတဒါနပြုခြင်းများဖြင့် ဆောင်ရွက်လျက်ရှိကြရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဧရာဝတီမြစ်အတွင်းသို့ ငါးလွှတ်၍ ကုသိုလ်ပြုခဲ့ကြသည်။

ယနေ့နံနက် ၇ နာရီခွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့်ဇနီး၊ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုသိုလ်ရှင်များသည် ဧရာဝတီမြစ်ကမ်းထင်းဝင်းဆိပ်တွင် ပြုလုပ်သော တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဗီဇိတဒါနငါးလွှတ်ပွဲသို့ သွားရောက်၍ ဧရာဝတီမြစ်အတွင်းသို့ ငါးကောင်ရေ နှစ်သောင်းကျော်ကို လွှတ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

"ဗီဇိတဒါန ငါးလွှတ်ပွဲဆိုတဲ့ မြန်မာတို့ရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာအရ သက်ရှိသတ္တဝါတွေကို သူတို့နေထိုင်ရာ ရေထဲမှာ ပျော်ရွှင်စေဖို့ရာအတွက် လွှတ်ပေးသလိုပဲ မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာလည်း လူ့လောကအလယ်မှာ စိတ်ပျော်ရွှင်စွာနဲ့ ဆက်လက်ပြီး ဘဝတွေလျှောက်လှမ်းနိုင်အောင်၊ ငြိမ်းချမ်းရေးရရှိအောင်၊ ပျော်ရွှင်စွာနဲ့ လူ့လောက အကျိုးတွေကို လုပ်နိုင်အောင် စိတ်ထဲမှာခံစားပြီးတော့မှ ဒီလိုအလုပ်တွေကို လုပ်ပါတယ်။ ဒီဟာက သင်္ကေတတစ်ခု အနေနဲ့သာ ငါးလွှတ်ပွဲအဖြစ်နဲ့ မြန်မာရိုးရာအနေနဲ့ရှိတာပါ။ စိတ်ထဲမှာတော့ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ လူသားများအားလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပျော်ရွှင်စွာ အတူလက်တွဲပြီးတော့ ကမ္ဘာလောက ကြီးမှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ နေထိုင်နိုင်ပါစေကြောင်း ဆုတောင်းပါတယ်" ဟု ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာ ယုယုမေက ဗီဇိတဒါန ငါးလွှတ်ခြင်းနှင့် ပတ်သက်၍ ပြောပြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






# တောင်ငူတွင် သက်ကြီးပူဇော်ပွဲ ကျင်းပ

**တောင်ငူ ဧပြီ ၁၇**

တောင်ငူမြို့ရှိ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက တောင်ငူမြို့ကေတုမတီ ဘိုဘွားရိပ်သာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကန်တော့ခံအဘိုးအဘွားများအား တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့်ဇနီး၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်ဇနီးနှင့် ဒေသခံအလှူရှင်များက မြို့သူမြို့သားများကိုယ်စား ဆေးဝါးများ၊ အသုံးဆောင်ပစ္စည်းများ၊ လှူဒါန်းငွေများ၊ အာဟာရဒါန စားဖွယ်များကို လှူဒါန်းမှုပြုလုပ်ကြသည်။

**သူရ(တောင်ငူ )**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၁၇**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့အား ရွှေတိဂုံစေတီတော် ပတ္တမြားမျက်ရှင်ရုပ်ပွားတော် အာရုံခံသို့ ပင့်ဆောင်ပူဇော်

**ရန်ကုန် ဧပြီ ၁၇**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ချမ်းသာကြီးတန်ဆောင်း၌ အပူဇော်ခံကိန်းဝပ်တော်မူသော ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်မည့် ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့အား ရွှေတိဂုံစေတီတော် အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အာရုံခံသို့ ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ည ၇ နာရီက ရွှေတိဂုံစေတီတော်ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား ရွှေတိဂုံစေတီတော်အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော် ကိန်းဝပ်တော်မူရာ အာရုံခံသို့ ကြွရောက်တော်မူပါရန် အဘိယာစနဂါထာတော်ဖြင့် ပင့်ဆောင်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌနှင့် ဆရာတော် သံဃာတော်များထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ရတနာငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များအား ရွှေတိဂုံစေတီတော်ရင်ပြင်၌ လက်ယာရစ် လှည့်လည်အပူဇော်ခံပြီး ရွှေတိဂုံစေတီတော်အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်ကိန်းဝပ်တော်မူရာ အာရုံခံ၌ ကိန်းဝပ်စံပယ်တော်မူသည်။ **ဟန်လင်းနိုင်**

ဆရာတော်ကြီးများထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဩဝါဒခံယူစဉ်။






ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ နှစ်သစ်ကူးဇီဝိတဒါန ငါးများလွှတ်ပေးစဉ်။

## ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်၌ ကယားပြည်နယ်အစိုးရအဖွဲ့၏ တတိယအကြိမ်မြောက် နှစ်သစ်ကူးဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**ဒီးမော့ဆို ဧပြီ ၁၇**

ကယားပြည်နယ်အစိုးရအဖွဲ့၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာမဟာသင်္ကြန် နှစ်သစ်ကူးဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားရာ နှစ်သစ်တွင် ကယားပြည်နယ် ဒီထက်မက ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာအစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူတို့က ငွေတောင်ဆည်အတွင်း ဇီဝိတဒါနငါးများကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကယားပြည်နယ်အစိုးရအဖွဲ့၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာမဟာသင်္ကြန် နှစ်သစ်ကူးဇီဝိတဒါနငါးလွှတ်ပွဲတွင် ရွှေဝါငါးကြင်းအကောင်ရေ ၄၅၀၀၀၊ မြက်စားငါးကြင်းအကောင်ရေ ၁၅၀၀၀၊ ငါးမြစ်ချင်း ၁၅၀၀၀ ကောင်၊ ငါးခုံးမကြီးအကောင်ရေ ၄၅၀၀၀ စုစုပေါင်း ၁၂၀၀၀၀ ကောင်လွှတ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံရိုးရာယဉ်ကျေးမှုအဖွဲ့နှစ်ဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုဆုငွေကျပ်ငါးသောင်းစီချီးမြှင့်သွားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ထားဝယ်မြို့၌ ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

**ထားဝယ် ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက် ၇ နာရီက ထားဝယ်မြို့ ဒေါင်းငူတံငါရပ်ကွက် ဆိပ်ကမ်းသာဗောတံတား၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကကတစ်ငါးသားပေါက် ၁၀၀၀၀ နှင့် ရေချိုငါးပုစွန်ကျား ၁၀၀၀၀ အား ဆိပ်ကမ်းသာဗောတံတားပေါ်မှ ထားဝယ်မြစ်အတွင်းသို့ ကုသိုလ်ပြုဇီဝိတဒါန လွှတ်ပေးသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို နံနက် ၉ နာရီအချိန်တွင် သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်းအကြောင်း အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အဘိုးအဘွား ၅၀ အား ပူဇော်ကန်တော့ခဲ့ကြသည်။

ဆက်လက်၍ အဘိုးအဘွားများ ကိုယ်စား အဘွားဒေါ်သန်းရီက ဝမ်းမြောက်စကား ပြောကြားပြီး ဆုတောင်းမေတ္တာပို့သ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အဘိုးအဘွားများအား ထားဝယ်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့်အဖွဲ့များက ကျန်းမာရေးဆေးစစ်ကုသပေးသည်။

သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သော အဘိုးအဘွား ၂၆၅ ဦးအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ကန်တော့လက်ဆောင် ပစ္စည်းများ ပေးအပ်မည်ဖြစ်ပြီး ကန်တော့လက်ဆောင်ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၉၅၃၂၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့်အဖွဲ့ နှစ်သစ်ကူးဇီဝိတဒါန ငါးများလွှတ်ပေးစဉ်။

## မြိတ်မြို့တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများပူဇော်ပွဲ ကျင်းပ

**မြိတ် ဧပြီ ၁၇**

၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအချိန်အခါတွင် မြန်မာတစ်နိုင်ငံလုံး၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် နှစ်သစ်ကူး ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွား ပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ဆိပ်ငယ်ဗောတံတားတွင် ကျင်းပခဲ့ရာ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြ၍ မြိတ်မြစ်အတွင်းသို့ ကကတစ်သားပေါက်အကောင်ရေ ၂၀၀၀၀၊ ကျောက်ငါးအကောင်ရေ ၁၅၀ နှင့် ကဏန်းအကောင်ရေ ၅၀၀ တို့အား ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ပုလဲရတနာခန်းမတွင် ကျင်းပရာ အဘိုးအဘွားများအား ပူဇော်ကန်တော့လွှာကို မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့ပြီး တက်ရောက်လာကြသူများက အဘိုးအဘွားများအား ပူဇော်ကန်တော့ချီးဖြင့်ကန်တော့ခဲ့ကြ၍ အဘိုးအဘွားများက ဆုပေးစကားနှင့် ဆုတောင်းမေတ္တာပို့သမှုကို ခံယူကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အဘိုးအဘွားများအား ကန်တော့အလှူငွေကျပ် ၁၅၀၀၀စီ ပေးအပ်လှူဒါန်းခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် အဘိုးအဘွားများအား အာဟာရဒါနကျွေးမွေးခြင်း၊ ကျန်းမာရေးဆေးစစ်ကုသပေးခြင်း ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံအသက် ၉၀ နှစ်အထက် စုစုပေါင်း အဘိုးအဘွား ၂၄၂ ဦးရှိပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်၍ ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။


**မြိတ် (ပြန်/ဆက်)**

# အမေရိကန်၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မဖူးပွင့်ရတီခိုင် အောင်မြင်မှုရရှိ

**ရန်ကုန် ဧပြီ ၁၇**
အမေရိကန်နိုင်ငံ၌ ဧပြီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် CAA Women's Golf Championship USA 2019 ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်ကစားသမား မဖူးပွင့်ရတီခိုင် အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

မဖူးပွင့်ရတီခိုင်သည် အမေရိကန်နိုင်ငံရှိ University of North Carolina Wilmington (UNCW) တွင် တက်ရောက်ပညာသင်ကြားနေရာမှ ကျောင်းကိုယ်စားပြုကာ ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ အသင်းလိုက်ပြိုင်ပွဲတွင် မဖူးပွင့်ရတီခိုင်နှင့် ကစားဖော်များပါဝင်သည့် UNCW အသင်းက ချန်ပီယံဆုရခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲတွင်လည်း မဖူးပွင့်ရတီခိုင်မှာ ချန်ပီယံဆုရရှိခဲ့သည်။ မဖူးပွင့်ရတီခိုင်သည် ကျောင်းကိုယ်စားပြုယှဉ်ပြိုင်သော်လည်း မြန်မာနိုင်ငံသူအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**




**မြန်မာဂေါက်သီးရိုက်ကစားသမား မဖူးပွင့်ရတီခိုင်။**
ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

▼ *ကျော့ဖုံးမှ*

ဗီယက်နမ်အသင်း၊ ဧပြီ ၂၂ ရက်တွင် စင်ကာပူအသင်း၊ မြန်မာ ယူ-၁၅ အသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၁၉ ရက်တွင် ဟောင်ကောင်အသင်း၊ ဧပြီ ၂၀ ရက်တွင် မလေးရှားအသင်း၊ ဧပြီ ၂၂ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာလူငယ်အသင်းများသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာဆီယံပြိုင်ပွဲနှင့် အာရှခြေစစ်ပွဲမတိုင်မီ အကြိုပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ဖိတ်ခေါ်ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းသည် မတ်လနောက်ဆုံးပတ်တွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ မြန်မာ ယူ-၁၅ အသင်းသည် ဧပြီလဆန်းတွင် တရုတ် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၅ အသင်းတွင် **အုပ်ချုပ်သူ**-ဦးညီညီလတ်၊ **နည်းပြချုပ်**-တာကူမူ၊ **လက်ထောက်နည်းပြ**-ဦးတင်မောင်ဝင်း၊ **ဂိုးနည်းပြ**-ဦးဇော်လင်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ထက်အာကာဝင်း၊ အောင်ကျော်ဖြိုး၊ **နောက်တန်း**-ထူးမြတ်ခန့်၊ ကောင်းထက်ပိုင်၊ အောင်ကိုမင်း၊ ထွန်းထွန်းဝင်း၊ ရဝေကျော်၊ **အလယ်တန်း**-ကောင်းခန့်၊ ထက်မြတ်လွင်၊ ထက်အောင်ဝင်း၊ ကျော်မင်းခန့်၊ ကောင်းဇော်လင်း၊ ကောင်းစစ်ထူး၊ **ရှေ့တန်း**-ဟိန်းထက်ဇော်ဝင်း၊ ရန်နိုင်ထွန်း၊ မင်းသူ၊ ဇင်မျိုးအောင်၊ မင်းခန့်သူ၊ ကျော်သူရဦးနှင့် ဝေဖုန်းမြင့်ကျော်တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၈ အသင်းတွင် အုပ်ချုပ်သူ-ဦးရဲဝင်းအောင်၊ **နည်းပြချုပ်**-ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ **ဂိုး**-နေလင်းထက်၊ ပြည့်ဖြိုးသူ၊ **နောက်တန်း**-ရဲထက်အောင်၊ စည်သူမိုးခန့်၊ ကောင်းခန့်ကျော်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ **အလယ်တန်း**-ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ နောင်နောင်စိုး၊ သူရအောင်၊ ရဲမင်းကျော်၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ သြဘာခ တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**



**ရန်ကုန်နှင့် ဟန္တိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-စိုးညွန့်

◆ *ကျော့ဖုံးမှ*

ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမားလေးဦးအပါအဝင် လူစုံနီးပါးအသုံးပြုခဲ့ပြီး ပထမအကျော့ကစားခဲ့သည့် လူစာရင်းကို တစ်နေရာသာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲအစပိုင်းတွင်သာ အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း မိနစ် ၃၀ နောက်ပိုင်းတွင် ဟန္တိုင်းအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ပွဲအစ ၂ မိနစ်တွင် အိမ်ရှင် ဟန္တိုင်းအသင်းအတွက် ဂိုးစတင်သွင်းခဲ့သော်လည်း ၁၃ မိနစ်တွင် ဆယ်လာက ရန်ကုန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ကစားပုံပိုကောင်းခဲ့ပြီး ၂၆ မိနစ်တွင် မီလာက ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ ရန်ကုန်အသင်းသည် ဦးဆောင်ဂိုးရသော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ ၃၃ မိနစ်တွင် အိုဆီနီက ဟန္တိုင်းအသင်းအတွက် ချေပဂိုးပြန်သွင်းကာ ပထမပိုင်းပြီးခါနီးတွင် တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟန္တိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ရန်ကုန်အသင်းသည် ချေပဂိုးပြန်ရရန် ကြိုးပမ်းမှုများလည်း အရာမထင်ခဲ့ပေ။ ဟန္တိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၈၁၊ ၈၃ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူကာ ဟက်ထရစ်ရခဲ့သည်။

ရန်ကုန်အသင်းသည် လေးပွဲကစား သုံးမှတ်ရထားပြီး ဟန္တိုင်းအသင်းမှာမူ လေးပွဲကစား ခုနစ်မှတ်ရထားသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဆာနေး အန်းဖီးလ်၌ ပျော်ရွှင်လျက်ရှိ**

လီဗာပူးတိုက်စစ် ကစားသမား ဆာနေး (၂၇နှစ်) သည် ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် ချိတ်ဆက်ခြင်းခံနေရသော်လည်း အန်းဖီးလ်၌ ပျော်ရွှင်လျက်ရှိနေသည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**တော့တင်ဟမ် ဆီဆက်ဂ်နွန်အား ခေါ်ယူရေးတွင် ဦးဆောင်လျက်ရှိ**

တော့တင်ဟမ်အသင်းသည် ဖူလ်ဟမ်အသင်းမှ အသက် (၁၈ နှစ်)အရွယ် တောင်ပံကစားသမား ဆီဆက်ဂ်နွန်အား ခေါ်ယူရေးတွင် ဦးဆောင်လျက်ရှိနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**မန်စီးတီး ဝီဂယ်လ်အား အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိ**

မန်စီးတီးအသင်းသည် ဒေ့ါမွန်အသင်းမှ အသက် (၂၃ နှစ်)အရွယ် ဂျာမန်ကွင်းလယ်ကစားသမား ဂျူလီယန် ဝီဂယ်လ်အား ခေါ်ယူရန်အတွက် ပီအက်စ်ဂျီအသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဘင်နီတက်ဇ် မက်နေးလ်အပြင် ဖရေဇာနှင့် ဘရစ်တို့အား ခေါ်ယူလို**

နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်သည် ဘန်လေအသင်းမှ အသက် (၁၉ နှစ်)အရွယ် အင်္ဂလန်တိုက်စစ်ကစားသမား မက်နေးလ်အပြင် ဘုန်းမောက်အသင်းမှ ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သော အသက် (၂၅ နှစ်)အရွယ် ဖရေဇာနှင့် အသက် (၂၁ နှစ်)အရွယ် ဘရစ်တို့အား ခေါ်ယူလိုနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**အာဆင်နယ် အမ်တီတီအား ခေါ်ယူလို**

အာဆင်နယ်အသင်းသည် ဘာစီလိုနာဗဟိုခံစစ်ကစားသမား အမ်တီတီ (၂၅ နှစ်) အား ခေါ်ယူလိုနေပြီး မန်ယူအသင်းကလည်း အဆိုပါ ပြင်သစ်ကစားသမားအား ခေါ်ယူလိုနေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**လီဗာပူး ဘရန်ဒ့်အား ခေါ်ယူရန် ဆန္ဒပြင်းပြ**

လီဗာပူးအသင်းသည် ဘိုင်ယန်လေဗာကူဆင်အသင်းမှ အသက် (၂၂ နှစ်)အရွယ် ဂျာမနီတောင်ပံကစားသမား ဘရန်ဒ့်အား ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။

**ဝုဖ် ကမာချို့အား ခေါ်ယူလိုနေ**

ဝုဖ်အသင်းသည် လီဗာပူးအသင်းမှ အသက် (၁၈ နှစ်)အရွယ် ပေါ်တူဂီတောင်ပံကစားသမား ကမာချို့အား ခေါ်ယူလိုနေကြောင်း မေးလ်တွင် ဖော်ပြထားသည်။

**တိုင်လီမန်းစ်အား လက်စ်တာသို့ အပြီးသတ်ခေါ်ယူစေလို**

လက်စတာနည်းပြရော်ဂျာသည် အသင်းတွင် မိုနာကိုအသင်းမှ အငှားကစားလျက်ရှိနေသော အသက် (၂၁ နှစ်)အရွယ် ဘယ်လ်ဂျီယံကွင်းလယ် ကစားသမား တိုင်လီမန်းစ်အား ပေါင်သန်း ၄၀ ဖြင့် အပြီးသတ်ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မိုနာကို ဆီးဗားလ်အား အမြဲတမ်းခေါ်ယူလို**

မိုနာကိုအသင်းသည် လက်စတာစီးတီးအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဆီးဗားလ် (၃၀နှစ်) အား အမြဲတမ်းခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားသည် လီဂူးဝမ်းကလပ်၌ ရာသီအစတည်းက အငှားကစားနေသူဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**အောင်ဇော်**


# ယူအီးအက်ဖ်အေချန်ပီယံလိဂ် ကွာတားဖိုင်နယ်ဒုတိယအကျော့ မန်ယူတို့ ဘာစီလိုနာကို ဂိုးပြတ်ရှုံးနိမ့်ပြီး အေဂျက်စ်က ဂျူဗင်တပ်စ်ကို အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ဧပြီ ၁၇ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် နူးကမ့်ကွင်း၌ ယှဉ်ပြိုင် ခဲ့သည့် ဘာစီလိုနာနှင့် မန်ယူပွဲတွင် အိမ်ရှင် ဘာစီလိုနာက သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပထမအကျော့ အင်္ဂလန်မြေတွင် ယှဉ်ပြိုင်ခဲ့စဉ် ဘာစီလိုနာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ယနေ့ပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ဘာစီလိုနာအတွက် အနိုင်ဂိုးများကို ပထမပိုင်း ပွဲချိန် ၁၆ မိနစ်နှင့် မိနစ် ၂၀ တွင် မက်ဆီက သွင်းယူခဲ့ပြီး**(ယာပုံ)** ဒုတိယပိုင်း ၆၁ မိနစ်တွင် ကော်တင်ဟိုက ၁၈ ကိုက်အစပ်မှ ဘာစီလိုနာအတွက် တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်ဘာစီလိုနာအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်ရရှိကာ ခြောက်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ကိုးကြိမ်ရရှိကာ သုံးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ နူးကမ့်ကွင်းတွင် ဥရောပထိပ်သီးကလပ်အသင်းများက ဘာစီလိုနာအသင်းကို ယှဉ်ပြိုင်ရန် ခက်ခဲသည့် အစဉ်အလာရှိခဲ့ပြီး ယနေ့ယှဉ်ပြိုင်ခဲ့သည့် အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်းသည်လည်း နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။

ချန်ပီယံလိဂ် ဒုတိယအကျော့ တခြားပွဲစဉ်ကို အီတလီမြေတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ခဲ့သည့် ဂျူဗင်တပ်စ်အသင်းနှင့် အေဂျက်စ်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အေဂျက်စ်အသင်း အနိုင်ရရှိခဲ့သည်။ ပထမအကျော့ နယ်သာလန်မြေ၌ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဒုတိယအကျော့ယှဉ်ပြိုင်ခဲ့ကာ ပထမပိုင်းပွဲချိန် ၂၈မိနစ်တွင် စီရော်နယ်ဒို၏ ခေါင်းတိုက်သွင်းဂိုးဖြင့် အိမ်ရှင်ဂျူဗင်တပ်စ်အသင်း ဦးဆောင်ခဲ့ပြီး ပွဲချိန် ၃၄ မိနစ်တွင် ဗန်ဒီဘိခ်က အေဂျက်စ်အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ အေဂျက်စ်အတွက် အနိုင်ဂိုးကို အသင်းခေါင်းဆောင် ဒီလစ်က ပွဲချိန် ၆၇ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ အေဂျက်စ်အသင်းသည် ၁၆ သင်းအဆင့် ရှုံး/ထွက် ပွဲစဉ်တွင်လည်း လက်ရှိချန်ပီယံ စပိန်ထိပ်သီးကလပ် ရီးရဲမက်ဒရစ်ကို နှစ်ကျော့ပေါင်း ရလဒ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ယူပြီး ကွာတားအဆင့်သို့ တက်ရောက်ခဲ့သလို အီတလီ ထိပ်သီးကလပ်ဂျူဗင်တပ်စ်ကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

**သီဟ**



# ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု

**နေပြည်တော် ဧပြီ ၁၇**

၂၀၁၉ ခုနှစ်၊ မဟာသင်္ကြန်အကြိုနေ့မှ စတင်၍ မဟာသင်္ကြန်အတက်နေ့အထိ သင်္ကြန်ကာလအတွင်း ရေပက်ကစားလည်ပတ်ကြရာမှ မူးယစ်သောက်စား အပျော်လွန်ကျူးမှု၊ ယာဉ်မဆင်မခြင် မောင်းနှင်မှု၊ အစအနောက် လွန်ကျူးရာမှ ခိုက်ရန်ဖြစ်ပွားမှု အပါအဝင် မှုခင်းဖြစ်ပွားမှုများအနေဖြင့် နေပြည်တော်တွင် လူသတ်မှုနှစ်မှု ( နှစ်ဦးသေဆုံး)၊ ယာဉ်တိုက်မှု နှစ်မှု (နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု လေးမှု (ခြောက်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု ( တစ်ဦးသေဆုံး)၊ ကချင်ပြည်နယ်တွင် ယာဉ်တိုက်မှုနှစ်မှု (နှစ်ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှုတစ်မှု (တစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦး သေဆုံး)၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူသတ်မှု သုံးမှု (သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ)၊ ယာဉ်တိုက်မှု တစ်မှု (တစ်ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ရှစ်မှု(၁၁ ဦး ဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု ခြောက်မှု(ခြောက်ဦးသေဆုံး) ဖြစ်ပွားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦး သေဆုံး)၊ ပဲခူးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုတစ်မှု (တစ်ဦးသေဆုံး)၊ ခိုက်ရန်ဖြစ်ပွားမှုတစ်မှု(တစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု တစ်မှု (တစ်ဦးသေဆုံး)၊ မကွေးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု နှစ်မှု (၁၁ ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု လေးမှု (ခုနစ်ဦး ဒဏ်ရာရ)၊ မန္တလေးတိုင်းဒေသကြီးတွင် လူသတ်မှု တစ်မှု (တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ)၊ ယာဉ်တိုက်မှု လေးမှု (တစ်ဦးသေဆုံး၊ ၁၆ ဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၁၃ မှု (၂၀ ဦးဒဏ်ရာရ)၊ မွန်ပြည်နယ်တွင် ခိုက်ရန်ဖြစ်ပွားမှု တစ်မှု (နှစ်ဦးဒဏ်ရာရ)၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူသတ်မှု တစ်မှု (တစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရ)၊ ယာဉ်တိုက်မှု နှစ်မှု (ကိုးဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု သုံးမှု (ခုနစ်ဦး ဒဏ်ရာရ)၊ ရေနစ်သေဆုံးမှုတစ်မှု (တစ်ဦးသေဆုံး)၊ ရှမ်းပြည်နယ်တွင် ယာဉ်တိုက်မှု ငါးမှု(လေးဦးသေဆုံး၊ ၂၆ ဦး ဒဏ်ရာရ)၊ ရေနစ်သေဆုံးမှု နှစ်မှု(နှစ်ဦးသေဆုံး)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု နှစ်မှု (သုံးဦးဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု တစ်မှု(တစ်ဦးဒဏ်ရာရ)၊ ရေနစ်သေဆုံးမှုတစ်မှု (တစ်ဦးသေဆုံး)တို့ရှိခဲ့ပြီး စုစုပေါင်း လူသတ်မှု ခုနစ်မှု (ခုနစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရ)၊ ယာဉ်တိုက်မှု ၂၁ မှု (ရှစ်ဦး သေဆုံး၊ ၆၉ ဦး ဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၃၆ မှု (၅၇ ဦး ဒဏ်ရာရ)၊ ခိုးမှု နှစ်မှု၊ ရေနစ်သေဆုံးမှု ၁၄ မှု (၁၄ ဦး သေဆုံး) ရှိခဲ့ကြောင်း သိရသည်။

ဖော်ပြပါသင်္ကြန်နှင့်ပတ်သက်သော ပြစ်မှုများဖြစ်ပွားမှုသည် တိုင်းဒေသကြီး / ပြည်နယ် (၁၁)ခု တွင်သာဖြစ်ပွားခဲ့ပြီး တိုင်းဒေသကြီး /ပြည်နယ်များတွင် သင်္ကြန်နှင့် ပတ်သက်သော မှုခင်းများ လျော့နည်းစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အလေးထား ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် သင်္ကြန်ပွဲတော်နှင့် ပတ်သက်မှုမရှိဘဲ သီးခြားအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ တိုင်းဒေသကြီး / ပြည်နယ် အသီးသီးတွင် စုစုပေါင်း လူသတ်မှု ၃၀ (၃၁ ဦးသေဆုံး၊ သုံးဦး ဒဏ်ရာရ)၊ ယာဉ်တိုက်မှု ၃၃၉ မှု (၁၁၅ ဦး သေဆုံး၊ ၇၂၈ ဦး ဒဏ်ရာရ)၊ ခိုက်ရန်ဖြစ်ပွားမှု ၁၀၅ မှု (၁၄၄ ဦး ဒဏ်ရာရ)၊ ရေနစ်သေဆုံးမှုအပါအဝင် သေမှုသေခင်း ၁၁၀ (၁၁၃ ဦး သေဆုံး)၊ ခိုးမှု ၃၆ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကြိုတင်ကာကွယ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ကြိုတင်ကာကွယ်မှု ၁၉၇၆ မှု အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် သင်္ကြန်ကာလအတွင်း ဘေးအန္တရာယ်ဖြစ်စေနိုင်သော တုတ်၊ ဓားမျိုးစုံ၊ လေးခွ၊ ချိန်းကြိုး / သံကြိုး၊ ဝက်အူလှည့်၊ ကတ်ကြေး၊ သံလက်သီး၊ စကေဘာ စုစုပေါင်း ၄၂၇ ခုနှင့် အရက် / ဘီယာပုလင်း မျိုးစုံ ၅၇၁၇၉ ပုလင်း၊ ကာမရာဂ စိတ်ကြွဆေးများဖြစ်သည့် သောက်ဆေး၊ လိမ်းဆေး၊ ထိုးဆေး၊ ဖျန်းဆေးမျိုးစုံ ၆၂၅ ဘူး၊ ဆေးလုံး ၂၃၉၂ လုံး၊ ဆေးကတ် ၃၃၆ ကတ်နှင့် ထိုးဆေးနှစ်ပုလင်းတို့အား သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ စုစုပေါင်း ကြိုတင်ကာကွယ်ထိန်းသိမ်းတားဆီးခဲ့သူပေါင်းမှာ ၂၇၉၇ ဦးဖြစ်၍ ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈-၄-၂၀၁၉ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - နှစ်သစ်ကူးမိန့်ခွန်းနှင့် နှုတ်ခွန်းဆက်စကား (နိုင်ငံတော်သမ္မတ)
- ၈း၅၀ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "နေပြည်တော်ကောင်စီ"
- ၉း၄၀ - ကျန်းမာရေးမဂ္ဂဇင်း "အပူဒဏ်အန္တရာယ် သိကောင်းစရာ"
- ၁၀း၃၀ - "လုံခြုံစိတ်ချအားထားရာ အမှန် တောင်နဝင်း ရေလှောင်တမံ"
- ၁၂း၃၅ - "တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ" (ကျော်ကျော်၊ အံ့သစ်ကျော်၊ ထက်ထက်ဆုလှိုင်၊ သဲချစ်မြင့်မိုရ်) (ဒါရိုက်တာ-ချစ်စံဝင်း၊ အေးအေးဟန်)
- ၁၃း၅၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခု အချစ်တစ်ခု" (အပိုင်း-၃၀)

**ညပိုင်း**

- ၁၆း၃၅ - "အားလုံးပျော်နိုင်AMI"
- ၁၇း၀၅ - NHK အစီအစဉ် "ပညာရှင်တို့၏လမ်း 2" (တော်သော ဆရာဝန်တစ်ယောက်သည် နတ်ဘုရား၏ အကူအညီတစ်ခုထက် ပိုပါသည်)
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၂၅ - "ပြောင်းလဲပါ" (Change) (အောင်မြင့်မြတ်၊ သံသာမိုးသိမ့်)(ဒါရိုက်တာ-ဝေယံဖေ)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန"
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၁၆)
- \- မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း)

## ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် မိုးမိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၇**

မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၅ ရက် ည ၇ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် စည်ပင်လမ်းထောင့်တွင် တွေ့ရှိသူ စည်သူဖြိုး(ခ)



အိုက်ထွန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စည်လေးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၄) ရပ်ကွက်၊ သိင်္ဂီ(၂)လမ်း၊ မ/၂၆၉ နေ ရဲရင့်အောင်(ခ) ရဲရဲ၏ နေအိမ်ကို သွားရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကာ စစ်ဆေးပေါ်ပေါက်ချက်အရ ဧပြီ ၁၆ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၂)ရပ်ကွက် မြတ်လေး(၈)လမ်း မ/၄၆၃ နေ ကြွက်(ခ)သူရ(ခ)စောသူရ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအဝင် မိုးမိတ်-တွင်းငယ် ကားလမ်းမပေါ်တွင် အိုက်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၅ ပြား၊ ငွေကျပ် ၆၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မိုးညှင်းမြို့နယ်၌ ဆီပီပါအခွံများ သယ်ဆောင်လာသော ၁၂ ဘီး ဆီသယ်ယာဉ် အရှိန်လွန်တိမ်းမှောက်

**မိုးညှင်း ဧပြီ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန် လွယ်ခမ်းတောင် အန္တရာယ်အကစ်ကွေ့တွင် ဆီပီပါအခွံများ သယ်ဆောင်လာသော ၁၂ ဘီး ဆီသယ်ယာဉ်သည် အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထိုးကျတိမ်းမှောက်**

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် နံနက် ၇ နာရီခွဲခန့်က အမှတ်(၁၀၁) ယာဉ်ထိန်းတပ်ဖွဲ့စု မိုးညှင်းမှ ဒုရဲအုပ်အောင်ကိုခိုင်သည် တာဝန်ဆောင်ရွက်နေစဉ် မော်ဟန် လွယ်ခမ်းတောင်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ နံနက် ၃ နာရီခန့်က ပြည်ထောင်စုလမ်းမကြီးအတိုင်း နန့်စီးအောင်ဘက်မှ မိုးညှင်းဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ၁၂ ဘီး ယာဉ်သည် လွယ်ခမ်းတောင်အဆင်း အရောက်တွင် လမ်းယာဘက်လျှိုအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ထို့ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်ထွက်ပြေးသူကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နီတိုး**

## ကျောင်းကုန်းမြို့၌ စကားများရန်ဖြစ်ရာမှ ဓားထိုးမှု ဖြစ်ပွား

**ကျောင်းကုန်း ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက်တွင် သင်္ကြန်အတက်နေ့ ည ၈ နာရီခန့်က စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွားကြောင်း သိရသည်။

**အမှုဖွင့်တိုင်တန်း**

ဖြစ်စဉ်မှာ မဥမ္မာသည် နေအိမ်၌ ရှိနေစဉ် အမှတ်(၁)ရပ်ကွက် ရွှေဝါရောင်လမ်းထိပ်၌ မောင်အရင်းတော်စပ်သူ သိန်းဝင်းနှင့် သန်းဇော်ဖြိုးတို့ နှစ်ဦးစလုံးမှာ ဓားထိုးခံရကြောင်း သိရ၍ သွားရောက်ကြည့်ရှုရာ ဝမ်းဗိုက်တွင် ဒဏ်ရာအသီးသီးရရှိသွားကြသဖြင့် မေးမြန်းရာ ၎င်းတို့နှစ်ဦးသည် မြို့ထဲလက်ဖက်ရည်ဆိုင်မှ နေအိမ်သို့ ပြန်လာစဉ် လမ်းထိပ်အရောက်၌ မိုးကျော်သူ(ခ)ပေါင်ချိန်က လမ်းပိတ်ရပ်ပြီး အပြန်အလှန်စကားများ ရန်ဖြစ်ကြစဉ် မိုးကျော်သူ(ခ)ပေါင်ချိန်က အသင့်ပါလာသော ဓားမြှောင်ဖြင့် ထိုးကာ ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် ကျောင်းကုန်း မြို့မရဲစခန်းသို့ ည ၁၁ နာရီခန့်တွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဒဏ်ရာရရှိသူ နှစ်ဦးစလုံး စိုးရိမ်ရသဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ သီချင်းဆိုရန် မိုက်စမ်းရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**မင်းလှ ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ်(၁) ဇီးကုန်းလေးရပ်ကွက်တွင် ဧပြီ ၁၆ ရက်က သီချင်းဆိုရန် မိုက်စမ်းရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမောင် (၆၃ နှစ်)သည် နေအိမ်အတွင်း သီချင်းဆိုရန် ရေစိုနှင့် မိုက်စမ်းစဉ် ဓာတ်လိုက်ခဲ့ပြီး မင်းလှပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံစဉ် သေဆုံးသွားကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

## အင်းတော်မြို့နယ်တွင် ညီအစ်ကိုချင်းစကားများရန်ဖြစ်ရာ ညီဖြစ်သူက ဓားဖြင့်ထိုးသဖြင့် အစ်ကိုဖြစ်သူသေဆုံး

**ကသာ ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားကျေးရွာ အောင်သပြေရပ်ကွက်တွင် ညီအစ်ကိုချင်းစကားများ ရန်ဖြစ်ကြရာမှ ဓားထိုးမှုဖြစ်၍ အစ်ကိုဖြစ်သူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် ည ၁၁ နာရီခွဲခန့်က အင်းတော်မြို့နယ် နဘားကျေးရွာ အောင်သပြေရပ်ကွက်တွင် နေထိုင်သူ နေလင်းထွန်းနှင့် ရာကျော်တို့ ညီအစ်ကိုနှစ်ဦးသည် အရက်သေစာသောက်စားမူးယစ်ပြီး စကားများရန်ဖြစ်ကြရာ အစ်ကိုဖြစ်သူ ရာကျော်က အုတ်ခဲဖြင့် ပစ်ပေါက်သဖြင့် ညီဖြစ်သူ နေလင်းထွန်းက ဓားဖြင့်ထိုးရာ အစ်ကိုဖြစ်သူ ရာကျော်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် နေလင်းထွန်းကို အင်းတော်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကျိုက်မရော-မုဒုံသွား ခုနစ်ခွေတောင်၌ တောမီးလောင်

**ကျိုက်မရော ဧပြီ ၁၇**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ကျိုက်မရော-မုဒုံသွား ခုနစ်ခွေတောင်၌ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က အပူရှိန်ပြင်းလွန်းသဖြင့် ခုနစ်ခွေတောင်ပေါ်ရှိ မြက်ပင်များ မီးလောင်ကျွမ်းလျက်ရှိကြောင်း သတင်းအရ ကျိုက်မရောမြို့နယ် မီးသတ် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မုဒုံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျိုက်မရော လူငယ်ပရဟိတအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၀ တို့က တောမီးများ ပျံ့နှံ့မှုမရှိရေး မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်

**ကျောက်တံခါး ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့တွင် ဧပြီ ၁၆ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှ နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့သည်။

ကျောက်တံခါးမြို့နေ ဦးဖိုးချစ် (၄၈နှစ်)၏ နေအိမ်အပေါ်ထပ် နံရံကပ်အုတ်ညှပ် အလျားပေ ၂၀၊ အနံ ၁၀ ပေ ပတ်လည်ရှိ နံရံတွင် တပ်ဆင်ထားသော ဝိုင်ယာကြိုးအပူလွန်ကဲပြီး မွေ့ရာပေါ်သို့ မီးပွားကြရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ငါးမိနစ်အကြာတွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက အိမ်ပိုင်ရှင် ဦးဖိုးချစ်အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မီးသင့်ပါရီသမိုင်းဝင်အထိမ်းအမှတ် ဘုရားကျောင်းကြီးကို ငါးနှစ်အတွင်း အပြီးတည်ဆောက်မည်

**ပါရီ ဧပြီ ၁၇**

ပြင်သစ်နိုင်ငံ ပါရီမြို့၏ အထင်ကရအထိမ်းအမှတ်နေရာတစ်ခုဖြစ်သည့် နိုထရီဒိန်း ဘုရားကျောင်းမီးအကြီးအကျယ်လောင်ကာ ပျက်စီးသွားခဲ့သည့်အတွက် အဆိုပါ ဘုရားကျောင်းကို ငါးနှစ်အတွင်း ပြန်လည်တည်ဆောက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ယမန်နေ့က ကတိပေးပြောကြားလိုက်သည်။

မီးလောင်မှုကြောင့် ပျက်စီးသွားသော သက်တမ်းနှစ် ၈၅၀ ရှိသည့် အဆိုပါဘုရားကျောင်းကြီးကို ယခင်ကထက် လှပအောင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခုလို မီးဘေးဒဏ်ခံရမှုမှ အစပြုကာ ပြည်သူတွေ ညီညွတ်လာစေမည့် အခွင့်အလမ်းတစ်ခုအဖြစ် ပြောင်းလဲပစ်ကြရန်လိုကြောင်း မက်ခရွန်က ပြောကြားသည်။

မီးလောင်ပြီးနောက် အပျက်အစီးပမာဏကို ကျွမ်းကျင်သူများက ဆန်းစစ်နေကြောင်း၊ အဆောက်အအုံဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဗိသုကာပညာရှင်များက အဆောက်အအုံအနေအထားချွတ်ယွင်းမှု မည်သို့ရှိသည်ကို တိုင်းတာနေကြကြောင်းနှင့် မီးကြွင်းမီးကျန် ရှိ မရှိလည်း စစ်ဆေးနေကြကြောင်း ပါရီမီးသတ်ဌာနပြောခွင့်ရပုဂ္ဂိုလ် ဂါဘရီရယ် ပလက်စ်က ပြောသည်။

ပါရီမြို့လယ်ရှိ ဘုရားကျောင်းကြီးမီးလောင်မှုဖြစ်စဉ်တွင် ယင်းဘုရားကျောင်းရှိ မျှော်စင်ကြီးနှစ်ခုနှင့် အထင်ကရကျောက်တိုင်ကြီးများကို မပျက်စီးအောင် မီးသတ်သမားများက ကြိုးစားငြိမ်းသတ်ခဲ့ကြောင်း ပါရီမီးသတ်တပ်ဖွဲ့ အကြီးအကဲ ဂျင်ကလောဒီ ဂယ်လက်က ပြောသည်။

ဘုရားကျောင်းမီးလောင်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးသူ ၅၀ခန့်သည် မီးလောင်ရသည့်အကြောင်းရင်းကို ရှာဖွေရန်ကြိုးစားနေပြီး ဘုရားကျောင်းပြုပြင်မွမ်းမံရေးလုပ်ဆောင်နေသည့် ကုမ္ပဏီငါးခုမှ အလုပ်သမားများကို မေးမြန်းမှုများလုပ်ဆောင်နေကြောင်း ပါရီအစိုးရရှေ့နေ ရမ်မီဟစ်က ပြောသည်။

**အေအက်ဖ်ပီ**



မီးလောင်ကျွမ်းခဲ့သည့် ပါရီဘုရားကျောင်းကြီး၏အတွင်းပိုင်းကို တွေ့ရစဉ်။

# ခမာနှစ်သစ်ကူးကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်သူများပြား

**ဖနောင်ပင် ဧပြီ ၁၇**

ခမာနှစ်သစ်ကူးကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြရာ ယခုနှစ်တွင် ၄ ဒသမ ၇၂ သန်းအထိရှိကြောင်း သိရသည်။

ယင်းပမာဏသည် လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၆၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကမ္ဘောဒီးယား ခရီးသွားလာရေးဝန်ကြီးဌာနက ဧပြီ ၁၇ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ရေးသားဖော်ပြထားသည်။

အစီရင်ခံစာတွင် သုံးရက်တာ အားလပ်ရက်အတွင်း ပြည်တွင်းခရီးသွား ၄ဒသမ ၆၄ သန်းနှင့် နိုင်ငံတကာခရီးသွား ၈၃၁၂၈ ဦးရောက်ရှိလာခဲ့ကြောင်း ဖော်ပြထားသည်။ ယင်းပမာဏသည် လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်လျှင် ပြည်တွင်းခရီးသွား ၆၆ ရာခိုင်နှုန်းနှင့် နိုင်ငံတကာခရီးသွား ၉၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ကမ္ဘောဒီးယားခရီး သွားလာရေးဝန်ကြီး တွန်ခန်က ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်သစ်ကူးပွဲတော်အားလပ်ရက်ဖြစ်သော ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ပြည်တွင်းပြည်ပမှ ခရီးသွားများသည် နိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘုရားစေတီပုထိုးများသို့ ဘုရားဖူးများ သွားရောက်ခဲ့သေးကြောင်း ပြောသည်။

ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုများကြောင့် ပြည်တွင်း ပြည်ပခရီးသွားများ ထိတ်လန့်ကြောက်ရွံ့မှုကင်းစွာ ခရီးသွားလာခဲ့ကြကြောင်း ဝန်ကြီးက ပြောသည်။

**ဆင်ဟွာ**

# ဆော်ဒီဦးဆောင်သည့် ယီမင်စစ်ပွဲတွင် အမေရိကန်အကူအညီပေးနေမှု ရပ်တန့်ရေး ဥပဒေကြမ်းကို သမ္မတထရမ့် ဗီတိုအာဏာဖြင့်ပယ်ချ

**ဝါရှင်တန် ဧပြီ ၁၇**

ယီမင်စစ်ပွဲ၌ ဆော်ဒီဦးဆောင်သည့် တိုက်ခိုက်မှုများတွင် အမေရိကန်၏ အကူအညီပေးမှုကို အဆုံးသတ်ရန် သမ္မတထရမ့်ထံသို့ တိုက်ရိုက်ညွှန်ကြားလာသည့် ကွန်ဂရက်လွှတ်တော်မှ ဆုံးဖြတ်ချက်မူကြမ်းကို သမ္မတထရမ့်က ဗီတိုအာဏာဖြင့် ပယ်ချလိုက်ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းသည် သမ္မတထရမ့်ကို ပြင်းပြင်းထန်ထန် အပြစ်တင်ထားပြီး သမ္မတတစ်ဦး၏ စစ်ပွဲဖြစ်ပွားစေမှုဆိုင်ရာ အခွင့်အာဏာကိုလျှော့ချသည့် သမိုင်းဝင်ခြေလှမ်းတစ်ခုဖြစ်သည်ဟုဆိုကာ သမ္မတထရမ့်က ထုတ်ပြန်ချက်တွင် ပြစ်တင်ရှုတ်ချခဲ့ပြီး ယင်းဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာဖြင့် ပယ်ချလိုက်ကြောင်းကြေညာခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် မလိုအပ်သောအရာ တစ်ခုဖြစ်ကြောင်း၊ ၎င်း၏ဖွဲ့စည်းပုံဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို အင်အားဆုတ်ယုတ်အောင်လုပ်ဆောင်လိုက်သည့် အန္တရာယ်ရှိသော ကြိုးပမ်းမှုဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသားတို့၏ ဘဝနှင့် ရဲစွမ်းသတ္တိရှိသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့ဝင်များ၏ဘဝကို ယနေ့တွင်ရော နောင်အနာဂတ်အတွက်ပါ အန္တရာယ်ကျရောက်အောင် လုပ်နေကြောင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။



အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်

စစ်ပွဲအတွင်း အမေရိကန်၏ အကူအညီပေးအပ်မှုကို ရပ်ဆိုင်းစေရေး ဥပဒေမူကြမ်းကို ဗီတိုအာဏာဖြင့်ပယ်ချလိုက်ခြင်းသည် ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ဆက်လက်ဖြစ်ပွားစေခဲ့သည့် စစ်ဖြစ်ပွားမှုဆိုင်ရာ နည်းဗျူဟာတစ်ခုကို မီးစိမ်းပြလိုက်ခြင်းပင်ဖြစ်ကြောင်း နိုင်ငံတကာကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်ချုပ်ဖြစ်သည့် ဒေးဗစ် မီလီဘန်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဗြိတိန်၌ ရာသီဥတုပြောင်းလဲမှုအပေါ် ဆန္ဒဖော်ထုတ်သူ ၃၀၀ နီးပါးကို ဖမ်းဆီး

**လန်ဒန် ဧပြီ ၁၇**

လန်ဒန်မြို့၌ ဖြစ်ပွားနေသည့် ရာသီဥတုပြောင်းလဲမှုအပေါ် ဆန္ဒဖော်ထုတ်မှုများအတွင်း ဆန္ဒဖော်ထုတ်သူ ၃၀၀ ထက်မနည်းကို ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ယင်းသို့ဖမ်းဆီးလိုက်ခြင်းကြောင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ နေရာအချို့တို့တွင် ဆန္ဒဖော်ထုတ်မှုများ လုံးဝရပ်ဆိုင်းသွားစေခဲ့ကြောင်း ရဲတပ်ဖွဲ့က ဧပြီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။



ဆန္ဒဖော်ထုတ်သူတစ်ဦးကို ရဲများက ဖမ်းဆီးလာစဉ်။

ဆန္ဒဖော်ထုတ်သူများသည် ပြီးခဲ့သည့် ဧပြီ ၁၅ ရက်က တံတားတစ်စင်းနှင့် အဓိကလမ်းဆုံတစ်ခုကို စတင်ပိတ်ဆို့ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်မှုများကို Extinction Rebellion လှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့က စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့ကို ပြီးခဲ့သည့်နှစ်က တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့တိုးတက်မှုအမြန်ဆုံး ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုအဖွဲ့များအနက် တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။

လန်ဒန်ရှိ မက်ထရိုပိုလီတန် ရဲအဖွဲ့က ဆန္ဒဖော်ထုတ်သူ ၂၉၀ ကို ဧပြီ ၁၇ ရက် ညနေပိုင်းက ဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# တာလီဘန်စစ်သွေးကြွများကို ချေမှုန်းသည့် ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ၂၁ ဦးသေဆုံး

**ဂါဇာနီ ဧပြီ ၁၇**

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇာနီပြည်နယ်ရှိ နယ်မြေအစိတ်အပိုင်း အချို့တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း တာလီဘန် စစ်သွေးကြွများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ အနည်းဆုံး စစ်သွေးကြွ ၂၁ ဦးသေဆုံးခဲ့ပြီး ကျေးရွာပေါင်း ၂၁ ရွာကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အာဖရက်ဖ်နူရီက ဧပြီ ၁၇ ရက်တွင် ပြောသည်။

ပြည်နယ်မြို့တော် ဂါဇာနီအစွန်ရှိ ဟာဆန်အာဘတ်ကျေးရွာတွင် စစ်သွေးကြွတပ်မှူး ကွာစီဟာဆန်အပါအဝင် စစ်သွေးကြွ ကိုးဦးသေဆုံးခဲ့ပြီး အဆိုပါဒေသကို တရားဥပဒေစိုးမိုးအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

ဂီလန်၊ ကွာရာဘတ်၊ ခေါဂျာ အိုမာရီ ခရိုင်များတွင် စစ်သွေးကြွ ၁၂ ဦးကျော် သေဆုံးခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ခေါဂျာ အိုမာရီခရိုင်ရှိ ကျေးရွာပေါင်း ၂၀ ကျော်တွင် တာလီဘန်စစ်သွေးကြွများကို ရှင်းလင်းသုတ်သင်နိုင်ခဲ့ကြောင်း သိရသည်။

**မှတ်ချက်ပြုပြောကြားခြင်း မရှိသေး**

အဆိုပါစစ်ဆင်ရေးတွင် စစ်သွေးကြွအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ တာလီဘန်စစ်သွေးကြွအုပ်စုက အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး မှတ်ချက်ပြုပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ချီလီတောင်ပိုင်းတွင် အိမ်တစ်လုံးပေါ်သို့ လေယာဉ်ပျက်ကျရာ ခြောက်ဦးထက် မနည်းသေဆုံး

**ဆန်တီယာဂို ဧပြီ ၁၇**

ချီလီနိုင်ငံတောင်ပိုင်းတွင် လေယာဉ်တစ်စင်း အိမ်တစ်လုံးပေါ်သို့ ယမန်နေ့က ပျက်ကျခဲ့ရာ ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောသည်။

လေယာဉ်သည် လာပါလိုမာ ပုဂ္ဂလိက လေယာဉ်ကွင်းမှ ပျံတက်ပြီး မကြာမီ လူနေအိမ်တစ်လုံးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်ကို အာချီပလေဂို ကုမ္ပဏီက ပိုင်ဆိုင်ကြောင်း လော့စ်လာဂိုဒေသ အုပ်ချုပ်ရေးမှူး ဟယ်ရီဂျာဂင်ဆန်က ပြောသည်။

လေယာဉ်ပျက်ကျခဲ့သည့် အိမ်တွင် လူနေထိုင်သည့်ပုံစံ မတွေ့ရကြောင်းနှင့် လေယာဉ်ပျက်ကျမှုဖြစ်ပြီးနောက် အဆိုပါ အိမ်သည်လည်း မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

လေယာဉ်ပျံသန်းထွက်ခွာလာရာ လာပါလိုမာ ပုဂ္ဂလိကလေယာဉ်ကွင်းသည် ဒေသတွင်းအရေးကြီးသော လေယာဉ်ကွင်းတစ်ခုဖြစ်ပြီး ချီလီနိုင်ငံ၏ ပြည်မကြီးနှင့် ကျွန်းစုဒေသများကြား ခရီးသည်နှင့် ကုန်ပစ္စည်းများပို့ဆောင်ပေးရာ လေဆိပ်တစ်ခုလည်း ဖြစ်သည်။

**ဆင်ဟွာ**

### ဗင်နီဇွဲလားနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရောက်ရှိ

**ကရာကတ် ဧပြီ ၁၇**

ဗင်နီဇွဲလားနိုင်ငံအတွက် နိုင်ငံတကာကြက်ခြေနီအဖွဲ့ကြီးက ပထမဆုံးအကြိမ်ပေးအပ်လိုက်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီအထောက်အပံ့ပစ္စည်းများ နိုင်ငံအတွင်းသို့ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံအတွင်း ပြည်သူများသည် အစားအသောက်၊ဆေးဝါးနှင့် အခြားသော အခြေခံလူသုံးကုန်ပစ္စည်းများ ရှားပါးပြတ်လပ်မှုကို အပြင်းအထန်ရင်ဆိုင်နေရသည်ဖြစ်ရာ အကူအညီအထောက်အပံ့များ မြို့တော် ကရာကတ်သို့ ဧပြီ ၁၆ ရက်တွင် ရောက်ရှိလာမှုကို ပြည်သူများက ကြိုဆိုခဲ့ကြသည်။

မီးအားပေးစက်နှင့် ဆေးဝါး ၂၄ တန်အပါအဝင် အထောက်အပံ့ပစ္စည်းများကို နိုင်ငံတစ်ဝန်းရှိ ဆေးအဖွဲ့များဆီသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဗင်နီဇွဲလားနိုင်ငံတွင် သမ္မတနီကိုလပ်မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုတို့အကြား နိုင်ငံရေးပြိုင်ဆိုင်မှုများ ပြင်းထန်လျက်ရှိသည်။

ပြိုလဲလု စီးပွားရေးအခြေအနေနှင့် အမေရိကန်က ချမှတ်လိုက်သည့် အရေးယူ ပိတ်ဆို့မှုများက လူအချို့ကို အသက်ဆုံးရှုံးစေခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# လစ်ဗျားအရေး ဥရောပ ကြားဝင်မှာလား

**ထွန်းသစ်စ**

ကုလသမဂ္ဂထောက်ခံ လစ်ဗျားအစိုးရဟာ စင်ပြိုင်အာဏာရှင်ခေါင်းဆောင် ခါလီဖာဟာ့ဖ်တာကို ဆန့်ကျင်ရာမှာ သူ့ကိုထောက်ခံပေးဖို့ ဥရောပကိုတောင်းဆိုလိုက်ပါတယ်။ ခါလီဖာဟာ့ဖ်တာဟာ ထရီပိုလီမြို့ကို ထိုးစစ်ဆင်နွှဲနေသူဖြစ်ပြီး အကြမ်းဖက်မှုတွေကို ဆက်တိုက်ပြုလုပ်နေတာကြောင့် အခုဆိုရင် ပြည်သူပေါင်း ရှစ်သိန်းခန့်ဟာ အနောက်ဘက်ကို ထွက်ပြေးနေရတဲ့ အခြေအနေအထိဖြစ်လာပါတယ်။



ထရီပိုလီအနီးရှိ အစိုးရကိုသစ္စာခံသည့် တပ်ဖွဲ့များရှိရာအနီးတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် မီးခိုးလုံးများပေါ်ထွက်လာစဉ်။

လစ်ဗျားကို အေးချမ်းသာယာပြီး ဒီမိုကရက်တစ်ပုံစံဖြစ်စေဖို့ ဥရောပတစ်ခုလုံးက စိတ်ဝင်တစား တွေ့မြင်ချင်နေတာဖြစ်ပါတယ်ဟု ကုလသမဂ္ဂထောက်ခံလစ်ဗျားအစိုးရ ဒုတိယသမ္မတ အာမက်မိုင်တစ်က အီတလီနိုင်ငံမြို့တော် ရောမမှာ နိုင်ငံတကာသတင်းထောက်တွေကို ပြောခဲ့ပါတယ်။

### ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အီတလီကူညီမယ်

အီတလီ ပြည်ထဲရေးဝန်ကြီး မက်တီယိုဆယ်ဗီနီက ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကြီးမားတဲ့ထောက်ပံ့မှုပေးမယ်လို့ သူက ဆက်လက်ပြောပါတယ်။ ပြင်သစ်ကဟာ့ဖ်တာကို ဦးစားပေးတယ်ဆိုတဲ့ ဖော်ပြချက်ကိုဘေးချိတ်ပြီး ပြင်သစ်အစိုးရရဲ့ အခြေအနေကလည်း မိမိတို့ကိုသာ ထောက်ပံ့မှုပေးသွားမှာ ဖြစ်တယ်လို့ ကုလသမဂ္ဂထောက်ခံလစ်ဗျားအစိုးရ ဒုတိယသမ္မတ အာမက်မိုင်တစ်က ပြောပါတယ်။

လစ်ဗျားပြည်သူတွေ အစုလိုက်၊ အပြုံလိုက် ရွှေ့ပြောင်းမှုတွေနဲ့ နယ်ပယ်သစ်ရှာ ထွက်ခွာမှုတွေဖြစ်စေတဲ့ ဟာ့ဖ်တာတပ်ဖွဲ့ဝင်တွေရဲ့ ထိုးစစ်ဆင်နွှဲမှုကို ကုလသမဂ္ဂထောက်ခံ လစ်ဗျားအစိုးရ ဒုတိယသမ္မတ အာမက်မိုင်တစ်က ထပ်ခါထပ်ခါ သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

### နားမလည်နိုင်အောင်ဖြစ်ရ

သူတို့ထဲက လူရှစ်သိန်းလောက်က ဥရောပကို အလွယ်တကူရောက်ရှိနိုင်တယ်လို့ ကုလသမဂ္ဂထောက်ခံ လစ်ဗျားအစိုးရ ဒုတိယသမ္မတ အာမက်မိုင်တစ်က ဆက်လက်ပြောပါတယ်။ ထို့အပြင် သူတို့ထဲက အချို့ကို အိုင်အက်စ်အကြွင်းအကျန်တွေက အကျဉ်းသားတွေအဖြစ် ဖမ်းဆီးမှုတွေလည်း ရှိနိုင်တယ်လို့ သူက ပြောပါတယ်။

လစ်ဗျားနိုင်ငံမှာ အိုင်အက်စ် အကျဉ်းသား ၄၀၀ ကျော်လောက်ရှိပါတယ်။ အဲဒီအိုင်အက်စ်အကျဉ်းသားတွေဟာ အကြမ်းဖက်သမားတွေဖြစ်ပြီးတော့ မိမိတို့အနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပေါင်းပြီး သူတို့ကို ထိန်းသိမ်းရမှာဖြစ်သလို တစ်ချိန်တည်းမှာပဲ တချို့ နိုင်ငံတကာအဖွဲ့အစည်းတွေက တိုက်ခိုက်မှုတွေကို ထောက်ပံ့ပေးနေသလို တချို့ကလည်း ဟာ့ဖ်တာကို ကူညီနေတယ်လို့ ကုလသမဂ္ဂထောက်ခံ လစ်ဗျားအစိုးရ ဒုတိယသမ္မတ အာမက်မိုင်တစ်က ဆက်လက်ပြီး ပြောထားပါတယ်။

ဒီလိုမျိုးကိစ္စတွေကို မိမိတို့အစိုးရအနေနဲ့ နားမလည်နိုင်အောင်ဖြစ်ရကြောင်း သူက အကျယ်တဝင့်ပြောပြထားပါတယ်။

ကုလသမဂ္ဂ ထောက်ခံ လစ်ဗျားအစိုးရ ဒုတိယ သမ္မတ အာမက်မိုင်တစ်က လစ်ဗျားအစိုးရအနေနဲ့ ဥရောပကို ထွက်ခွာနေတဲ့ ရွှေ့ပြောင်းအခြေချသူတွေကို ဥရောပအသိအမှတ်ပြု အီတလီနဲ့ လစ်ဗျားတို့ နှစ်နိုင်ငံကြား ၂၀၁၇ ခုနှစ်က ရေးထိုးထားတဲ့ နားလည်မှုစာချုပ်အရ တားဆီးမှုတွေ ပြုလုပ်ဖို့ ကြိုးစားနေတယ်ဆိုတဲ့သတင်းဟာ လုံးဝအမှန်ကြီးတော့ မဟုတ်သေးပါဘူး။

လစ်ဗျားနိုင်ငံမှာ ရွှေ့ပြောင်း အခြေချသူတွေကို ထိန်းသိမ်းထားဖို့ဆိုတာ ဘာသဘောတူညီချက်မှ မရှိပါဘူး။ လုံးဝပါပဲ။ သဘောတူညီချက်လုံးဝမရှိတာတော့မဟုတ်ပါဘူး။ ရှိတဲ့ သဘောတူညီချက်က လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့တွေကို လေ့ကျင့်ပြင်ဆင်ဖို့အတွက်ပါပဲ။ ဒါပါပဲလို့ သူကပြောပါတယ်။

လစ်ဗျားကမ်းခြေစောင့် တပ်ဖွဲ့တွေကို လေ့ကျင့်ပေးဖို့ အီတလီနဲ့ ပြုလုပ်ခဲ့တဲ့ သဘောတူညီချက်ဟာ အာဖရိကရွှေ့ပြောင်းသူတွေ မြေထဲပင်လယ် အလယ်ပိုင်းကို ဖြတ်သန်းပြီး ရောက်လာကတည်းက မသိမသာ အရေးမကြီးတော့တဲ့ ပုံစံဖြစ်လာပါတယ်။

> “လစ်ဗျားပြည်သူတွေ အစုလိုက်၊ အပြုံလိုက် ရွှေ့ပြောင်းမှုတွေနဲ့ နယ်ပယ်သစ်ရှာထွက်ခွာမှုတွေဖြစ်စေတဲ့ ဟာ့ဖ်တာတပ်ဖွဲ့ဝင်တွေရဲ့ ထိုးစစ်ဆင်နွှဲမှုကို ကုလသမဂ္ဂထောက်ခံလစ်ဗျားအစိုးရ ဒုတိယ သမ္မတ အာမက်မိုင်တစ်က ထပ်ခါထပ်ခါ သတိပေးမှုတွေ ပြုလုပ်ခဲ့”

### အရေးကြီးတဲ့ထွက်ပေါက်

ယခုနှစ်မှာတော့ အီတလီကို ရွှေ့ပြောင်းအခြေချသူ ၂၆၅ ဦး အခြေချခဲ့ကြပါတယ်။ လွန်ခဲ့တဲ့နှစ် ဒီလိုအချိန်မှာ အီတလီနိုင်ငံကို ရွှေ့ပြောင်းအခြေချသူ ၇၅၀၀ အခြေချတာနဲ့ နှိုင်းယှဉ်ရင်တော့ ယခုပမာဏဟာ မပြောပလောက်တဲ့ ပမာဏပဲဖြစ်ပါတယ်။ ဟိုးလွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတော့ အီတလီနိုင်ငံကို ရွှေ့ပြောင်းအခြေချသူ သုံးသောင်းလောက် လာရောက်ခဲ့ကြတယ်လို့ ပြည်ထဲရေးဝန်ကြီးဌာနမှ သိရပါတယ်။ လစ်ဗျားနိုင်ငံဟာ ဥရောပနဲ့ မြေထဲပင်လယ်တို့ကို ရောက်ရှိဖို့အရေးကြီးတဲ့ ထွက်ပေါက်တစ်ခုလိုဖြစ်နေတာ ကာလအတော်အတန်ကြာခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတကာ အဖွဲ့အစည်းတွေကတော့ အခုလို ရွှေ့ပြောင်းအခြေချသူတွေကို ခုတုံးလုပ်ပြီး လူသားအကာအကွယ်တွေအနေနဲ့ အသုံးချနေကြတာတွေရှိတယ်လို့ ဆိုပါတယ်။ သူတို့ကို အတင်းအကျပ်ဖိအားပေးကာ လူသစ်စုဆောင်းတာမျိုးလည်း ရှိနေတယ်လို့ ဆိုပါတယ်။

### ကသောင်းကနင်းဖြစ်နေ

လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ် ယခင်အာဏာရှင် မွမ်မာကဒါဖီကို နေတိုးနောက်ခံတပ်ဖွဲ့တွေက ဖြုတ်ချလိုက်ကတည်းက လစ်ဗျားနိုင်ငံကြီးဟာ ဖရိုဖရဲကသောင်းကနင်းဖြစ်နေတာဟာ အခုချိန်ထိပါပဲ။

အခုလမှာ ပြုလုပ်မယ့် လစ်ဗျားအနာဂတ်အရေးဆွေးနွေးမှုတွေ မတိုင်ခင်မှာ ဟာ့ဖ်တာ ထိုးစစ်ဆင်နွှဲမှုတွေ ပြုလုပ်ခဲ့ကြပါသေးတယ်။ လစ်ဗျားအနာဂတ်အရေး အဖြေရှာမယ့် ဆွေးနွေးမှုကိုတော့ ကုလသမဂ္ဂက ဖျက်သိမ်းလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆွေးနွေးမယ့်နေရာဟာ တည်ငြိမ်မှုမရှိသလို လုံခြုံရေးလည်း အချိန်မရွေး ကျိုးပေါက်မှုဖြစ်နိုင်တာကြောင့်ပါပဲ။ ပြီးတော့လည်း ထိုးစစ်ပြုလုပ်တဲ့ တပ်ဖွဲ့ဝင်တွေနဲ့ နီးကပ်နေတာကြောင့်လည်း အခုလို ဖျက်သိမ်းလိုက်တယ်ဆိုရင် မှန်မယ်ထင်ပါတယ်။

### ဥရောပကိုတောင်းဆို

ဟာ့ဖ်တာဟာ ကိုယ့်ကိုယ်ပိုင်ပုံစံနဲ့ လစ်ဗျားအမျိုးသားတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ပြီး သူကိုယ်တိုင်ဦးဆောင်မှုတွေ ပြုလုပ်နေသူဖြစ်ပါတယ်။ သူ့တပ်ဖွဲ့ဟာ လစ်ဗျားနိုင်ငံမှာတော့ အတော့်ကို တန်ခိုးထွားတဲ့တပ်ဖွဲ့လို့ ဆိုရမှာဖြစ်ပါတယ်။ သူ့တပ်ဖွဲ့ဟာ အခုဆိုရင် ကုလသမဂ္ဂထောက်ခံ လစ်ဗျားအစိုးရပိုင်ဆိုင်ထားတဲ့ နေရာတွေကိုတောင် ထိန်းသိမ်းသွားမယ့် သဘောရှိနေပါတယ်။

ဒီအရေးကို စိုးထိတ်တဲ့ ကုလသမဂ္ဂထောက်ခံ လစ်ဗျားအစိုးရဟာ သူ့တပ်ဖွဲ့ရဲ့ရန်ကို ကာကွယ်မှုတွေ လုပ်ဆောင်နိုင်ဖို့ ဥရောပကို တောင်းဆိုလိုက်တာပဲဖြစ်ပါတယ်။ လစ်ဗျားနိုင်ငံရဲ့ အခြေအနေဟာ ဘယ်လိုတွေ ဆက်လက် ဖြစ်လာမလဲဆိုတာ စိတ်ဝင်တစား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**




# စိမ်းပြာရောင် ခရီးစဉ် နမ့်မွန်ကြီး ရေတံခွန်ဆီသို့

*တင်ထွန်းတာ (တပ်ကုန်း)*

ယနေ့ကာလလမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ပြည်သူများအသိအမြင်ပွင့်လင်းလာသည့်အလျောက် ဒေသန္တရဗဟုသုတရှာမှီးရန် စိတ်အားထက်သန်လာခြင်းနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများသည် မိသားစုအလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများစုပေါင်းကာ အားလပ်ရက်များတွင် အပန်းဖြေခရီးသွားကြသည်။ အပန်းဖြေခရီး သွားများသည် နိုင်ငံတစ်ဝန်းမရောက်ဖူးသေးသော နေရာဒေသများ၊ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများကို သွားရောက်လည်ပတ် ကြည့်ရှုနည်းတူ သဘာဝအတိုင်း လှပစွာတည်ရှိနေသော ပတ်ဝန်းကျင်နေရာများသို့လည်း အမြတ်တနိုးသွားရောက်လည်ပတ်ကြသည်။

ယခုကဲ့သို့ နွေရာသီအပူဒဏ်အောက်တွင် အမောပြေ၊ အပန်းဖြေ အေးချမ်းသာယာသည့် သဘာဝအလှများဖြင့် ပြည့်နှက်နေသော ရေတံခွန်ခရီးတစ်ခုကို လမ်းညွှန်လိုပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ရှိ စိမ်းပြာရောင်တောက်နေသော နမ့်မွန်ကြီးရေတံခွန်ပင်ဖြစ်ပါသည်။





ရန်ကုန်-မန္တလေး လမ်းဟောင်း(၂၆၉ မိုင်၊ ၆ ဖာလုံ)၊ ကင်းသာလမ်းဆုံမှ ပင်လောင်းသို့ဟု လမ်းညွှန်အတိုင်း ကားသေးဖြင့်သွားပါက နစ်နာရီအကြာ မိုင် ၅၀ နီးပါးခန့်တွင် လိန်းလီကြိုးတံတားကြီးသို့ ရောက်ရှိမည်ဖြစ်ပါသည်။

ကြိုးတံတား၏ အရှေ့ဘက် နမ့်မွန်ကြီးရေတံခွန်သို့ ပို့ဆောင်ပေးနိုင်သော စက်လှေဆိပ်။

ကြိုးတံတား၏ အောက်ဘက်အတိုင်း ရေပြင်ကျယ်ကိုဖြတ်ကာ သဘာဝအလှအပများ တဝခံစားနိုင်မည့် စက်လှေခရီး။





ရေတံခွန်အလှနှင့် အပန်းဖြေနေကြသည့် ခရီးသွားများကို တွေ့ရစဉ်။

စိမ်းပြာရောင် ရေပြင်ကျယ်၌ အမောအပန်းဖြေ ရေကစားနေကြသော ခရီးသွားများ။





အဆက်မပြတ် စီးဆင်းကျနေသည့် ရေတံခွန်အလှ။

သီးခြားရေကူးကန်ငယ်များသဖွယ် သဘာဝအလျောက် အဆင့်လိုက် ပိုင်းခြားဖြစ်တည်နေသည့်နေရာများ။

# တောင်ကြီးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**တောင်ကြီး ဧပြီ ၁၇**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းနားကို မြို့မဈေးတောင်ဘက် ဇဟိုမဏ္ဍပ်တွင် ယမန်နေ့က ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ရှမ်းပြည်နယ် ဥပဒေချုပ် ဦးတင်ဦး၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်း၊ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ယိမ်းအကအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။




ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ် ဆုရယိမ်းအဖွဲ့များကို ဆုချီးမြှင့်ပေးစဉ်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာပြီး သင်္ကြန်မိုးတေးသီချင်းဖြင့် စုပေါင်းသီဆို၍ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအားလုံးက ကပြခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပထမ၊ ဒုတိယ၊ တတိယရရှိသော သင်္ကြန်ယိမ်းအဖွဲ့များအား ဆုများချီးမြှင့်ပေးပြီး ဆုရသင်္ကြန်ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်**
**(တောင်ကြီး)**

# အားလပ်ရက်ကာလ မူဆယ်မြို့ရှိ မူဆယ်ချောင်းသာ၌ လာရောက်ရေကစား အပန်းဖြေသူများဖြင့် အထူးစည်ကားခဲ့



မူဆယ်ချောင်းသာတွင် ရေကစားနေကြသော ပြည်သူများ

**မူဆယ် ဧပြီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မူဆယ်ချောင်းသာတွင် သင်္ကြန်အတက်နေ့က အနယ်နယ် အရပ်ရပ်မှ လာရောက် ရေ ကစားကြသူများနှင့် အပန်းဖြေကြသူများဖြင့် အထူးစည်ကားခဲ့ ကြောင်း သိရသည်။

ကွက်ခိုင်မြို့မှ အဖွဲ့လိုက်လာလည်သူတစ်ဦးက "ကျွန်မတို့က ကွတ်ခိုင်မြို့ကနေ အဖွဲ့လိုက် လာလည်ကြတာပါ၊ မူဆယ်က ချောင်းသာဆိုတာ သူငယ်ချင်းတွေက ခဏခဏပြောလို့ အင်မတန်လာလည်ချင်လွန်းလို့ သူငယ်ချင်းတွေစုပြီးတော့ ဒီနေ့ သင်္ကြန်အတက်နေ့မှာ လာလည်ဖြစ်တာပါ၊ သူငယ်ချင်းတွေ ပြောသလို အရမ်းပျော်စရာကောင်းပါတယ်၊ နောက်လည်း လာလည်ပါဦးမယ်"ဟု ပြောသည်။

မူဆယ်ချောင်းသာသို့ ယခုနှစ် သင်္ကြန်ပိတ်ရက်များအတွင်း ဒေသပေါင်းစုံမှ လူမျိုးပေါင်းစုံ လာရောက်အပန်းဖြေခြင်း၊ ရေလာရောက်ကစားခြင်းနှင့် ရေကူးခြင်းများကြောင့် အထူး စည်ကားခဲ့သလို ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း ခိုက်ရန်ဖြစ်ပွားခြင်းနှင့် မတော်တဆမှုများ မဖြစ်အောင် လုံခြုံရေးအတွက် တာဝန်ယူ၍ ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သင်္ကြန်အတက်နေ့က မူဆယ်ချောင်းသာသို့ လာရောက် လည်ပတ်ကြသူများထဲတွင် မြန်မာနိုင်ငံ နေရာအနှံ့မှ ပြည်သူများသာမက တရုတ်နိုင်ငံသားအချို့လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

မူဆယ်ချောင်းသာတွင် နှစ်စဉ်နှစ်တိုင်း သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ရုံးပိတ်ရက်များတွင် လာရောက် အပန်းဖြေသူများ၊ ရေကူးသူများ၊ ရေကစားကြသူများဖြင့် အထူး စည်ကားလေ့ရှိကြောင်း သိရသည်။

**ဝန်ရိုးထန် (ပြန်/ဆက်)**

# ဇလွန်မြို့နယ်တွင် ကုသိုလ်ပြု ဘေးမဲ့ငါးလွှတ်ပွဲ ကျင်းပ

**ဇလွန် ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ကုသိုလ်ပြု ဘေးမဲ့ငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့နံနက်က ကျိုးပင်ဆိပ်ကမ်းနား ရပ်ကွက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများက ငါးမြစ်ချင်း၊ ရွှေဝါ၊ ငါးခုံးမကြီး စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၂၅၀၀ ကို ဧရာဝတီမြစ်အတွင်းသို့ ကုသိုလ်ပြု ဘေးမဲ့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံ (ပြန်/ဆက်)**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၇-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၈၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၅၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၇ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၉ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၂ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၃ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ · ၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ · ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၆၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လေဆင်နှာမောင်းလား၊ စိုက်ဆင်းလေပြင်းလား

သိပ္ပံစာရေးဆရာကိုကိုအောင်

### လေဆင်နှာမောင်းဟူသည်မှာ

လေဆင်နှာမောင်းဟူသည်မှာ အလွန်အားကောင်းသော မိုးတိမ်တောင်များ ဖြစ်ပေါ်နေချိန်တွင် မိုးတိမ်တောင်၏ အောက်ခြေပိုင်းမှအစပြု၍ ဆင်၏နှာမောင်းပုံသဏ္ဌာန်ဖြင့် ပြင်းထန်စွာတိုက်ခတ်သော လေဝဲအကြီးအစားပင် ဖြစ်သည်။ လေဆင်နှာမောင်း၏အင်အား အလွန်ကောင်းနေသည့်အခါ တစ်နာရီလျှင် မိုင် ၃၀၀ ကျော်အထိပင် တိုက်ခတ်လေ့ရှိသည်။ ကမ္ဘာအရပ်ရပ်တွင် တိုက်ခတ်ခဲ့ဖူးသော လေဆင်နှာမောင်းများ၏ သဘောသဘာဝကို လေ့လာကြည့်သည့်အခါ လေဆင်နှာမောင်း တိုက်ခတ်ချိန်သည် အနည်းဆုံး မိနစ် ၃၀ မှ အများဆုံး ခြောက်နာရီအထိ ကြာမြင့်နိုင်ကြောင်း တွေ့ရှိရသည်။

လေဆင်နှာမောင်းသည် မုန်တိုင်းအမျိုးအစားတစ်ခုပင် ဖြစ်သော်လည်း ရိုးရိုးလေပြင်းမုန်တိုင်းကဲ့သို့ လူသိမများလှပေ။ ကမ္ဘာအရပ်ရပ်တွင် မုန်တိုင်းတိုက်ခတ်မှု အကြိမ်ရေအများအပြားရှိခဲ့သဖြင့် ကမ္ဘာ့ပြည်သူအများစုတို့အနေဖြင့် ဘဝသက်တမ်း တစ်လျှောက်တွင် မုန်တိုင်းကို တစ်ကြိမ်မဟုတ် တစ်ကြိမ် ကြုံတွေ့ကြရလေ့ရှိသည်။ လေပြင်းမုန်တိုင်းနှင့် ထိပ်တိုက်မဟုတ်သည့်တိုင် မုန်တိုင်းအဖျားခတ်ခြင်း၊ မုန်တိုင်း အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရက်ကာလ ရှည်ကြာစွာ မိုးရွာသွန်းခြင်းများကို အနည်းနှင့်အများ ကြုံတွေ့ဖူးကြသည်။

### တွေ့ရခဲသော လေဆင်နှာမောင်း

သို့ရာတွင် လေဆင်နှာမောင်းဆိုသည်ကိုမူ ဘဝသက်တမ်း တစ်လျှောက်တွင် ကြားဖူးရုံမျှသာရှိပြီး တကယ့် ထိပ်တိုက် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ဖူးခြင်းမရှိသူမှာ သန်းပေါင်းများစွာ ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် လေပြင်းမုန်တိုင်း များသည် ကမ်းလွန်ပင်လယ်ပြင်နှင့် ပင်လယ်အော်များ၌ ဖြစ်ပေါ်လေ့ရှိသော လေဖိအားနည်းရပ်ဝန်းကို အကြောင်းပြု၍ ထိုပင်လယ်၏ ရေပြင်အပူချိန် မြင့်တက်နေခြင်း၊ ပင်လယ်ရေ အချဉ်ပေါက်နှုန်း မြင့်မားနေခြင်းတို့နှင့် တိုက်ဆိုင်သည့်အခါ အင်အားကောင်းသော မုန်တိုင်းအဖြစ်သို့ အသွင်ပြောင်းသွား လေ့ရှိကြပြီး လေဆင်နှာမောင်းကမူ ဖြစ်တည်လာနိုင်ခြေ အခွင့်အလမ်း နည်းပါးသည့်အပြင် အကယ်၍ တိုက်ခတ်လျှင် လည်း လေဆင်နှာမောင်းအများစုတို့၏ တိုက်ခတ်ချိန်မှာ အလွန်တိုတောင်းပြီး ရွေ့လျားတိုက်ခတ်ရာ ပင်မလမ်းကြောင်း မှလွဲ၍ ကျန်နီးကပ်သော ပတ်ဝန်းကျင်၌ သက်ရောက်မှုမရှိ သလောက် နည်းပါးခြင်းကြောင့်ပင် ဖြစ်သည်။

သာဓကအားဖြင့် ၁၉၈၀ ပြည့်နှစ်က ရန်ကုန်မြို့ အင်းစိန် မြို့နယ်အတွင်း မိနစ်အနည်းငယ်မျှသာ တိုက်ခတ်သွားခဲ့သော လေဆင်နှာမောင်းကြောင့် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး စက်ရုံ(ကြို့ကုန်း)၌ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရန် မွေးမြူ ထားသည့် မြွေအကောင်ရေများစွာတို့မှာ ၎င်းတို့ကိုထည့်သွင်း ထားသည့် သံပခြုပ်များနှင့်အတူ လေထဲသို့ လွင့်ပါပျောက်ဆုံး သွားခြင်း၊ ခေါင်မိုးကျောက်ပြား သွပ်ပြားများနှင့် လေအေး စက်များ လေထဲသို့ လွင့်ပါသွားခြင်း၊ ရန်ကုန်စက်မှုတက္ကသိုလ် ဝင်းအတွင်းရှိ သစ်ပင်အချို့အပင်ရင်းမှ ပြတ်ထွက်ကာ လေထဲ လွင့်ပါသွားခြင်း စသည်တို့ကို ကြုံတွေ့ခဲ့ကြရသည်။

သို့ရာတွင် အင်းစိန်မြို့နယ်အတွင်း၌ ထိုကဲ့သို့ လေဆင် နှာမောင်း တိုက်ခတ်သွားသည်ကို ကျန်မြို့နယ်များရှိ ပြည်သူ လူထုတို့က လုံးဝ မသိရှိလိုက်ကြပေ။ ရန်ကုန်မြို့ တစ်မြို့ထဲ၌ပင် လေဆင်နှာမောင်းတိုက်ခတ်မှုကို ခံစားရသောမြို့နယ်နှင့် လုံးဝ မသိရှိလိုက်သော မြို့နယ်များဟူ၍ ရှိနေခဲ့ခြင်းသည် လေဆင်နှာမောင်း၏ သဘောသဘာဝနှင့် သရုပ်သကန်ပင် ဖြစ်သည်။

### လေဆင်နှာမောင်း သုတေသန

ကမ္ဘာပေါ်၌ လေဆင်နှာမောင်းတိုက်ခတ်မှု အကြိမ်ရေ အများဆုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အလယ်ပိုင်းရှိ ပြည်နယ်များကို ဖြတ်သန်း၍ ပြင်းအားအမျိုးမျိုး၊ လေတိုက်နှုန်းအမျိုးမျိုးတို့ဖြင့် တိုက်ခတ်သွားသော လေဆင်နှာမောင်း အရေအတွက်မှာ ထောင်နှင့်ချီ၍ပင် ရှိခဲ့သည်။ ထို့ကြောင့်ပင် လေဆင်နှာမောင်း ၏ဒဏ်ကို အကြိမ်ကြိမ်ခံနေရသော အမေရိကန် ပြည်ထောင်စု ၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော် ကာလကတည်းကပင် လေဆင်နှာမောင်း ဖွဲ့စည်းဖြစ်ပေါ်လာပုံ ပြင်းအားပမာဏနှင့် တိုက်ခတ်ရွေ့လျားပုံ စသည်တို့ကို နက်နက်နဲနဲ လေ့လာ သုတေသန ပြုခဲ့ကြသည်။



**အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ်၌ ၁၉၉၉ ခုနှစ်က ဖြစ်ပွားသော လေဆင်နှာမောင်းတိုက်ခတ်မှု**
**(ဓာတ်ပုံ - Daphne Zaras - ဝီကီပီးဒီးယား)**

### ဖူဂျီတာစကေး

သယ်ယူရွှေ့ပြောင်းနိုင်သော မိုးလေဝသဆိုင်ရာ ခေတ်မီ စက်ကိရိယာများဖြင့် လေဆင်နှာမောင်းကို ထိပ်တိုက်ရင်ဆိုင် ကာ လေ့လာသုတေသနပြုခဲ့ကြရာ၌ ပညာရှင်အချို့ အသက် ဆုံးရှုံးခဲ့ရခြင်းအပါအဝင် အခက်အခဲများစွာကို ဖြတ်သန်းခဲ့ ကြပြီးနောက် ကြောက်မက်ဖွယ်ကောင်းလှသည့် လေဆင် နှာမောင်း၏ အတွင်းသန္တာန်များကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုမှဆက်စပ်၍ လေဆင်နှာမောင်းများ၏ လေတိုက်နှုန်းနှင့် ပြင်းအားပမာဏ အတိုင်းအတာကို ချီကာဂိုတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဖူဂျီတာက တိုင်းတာတွက်ချက် ဖော်ထုတ် အသိပေးနိုင်ခဲ့ပြီး ထိုစကေးကို ဖူဂျီတာစကေး(Fujita Scale) ဟု ခေါ်တွင်ခဲ့သည်။

ဖူဂျီတာစကေး အနိမ့်ဆုံးကို F0 ဖြင့်သတ်မှတ်ပြီး အမြင့် ဆုံးကိုမူ F5 ဖြင့်သတ်မှတ်သည်။ F0 အဆင့်သည့် လေတိုက် နှုန်း တစ်နာရီလျှင် မိုင် ၄၀ မှ ၇၂ မိုင်အတွင်းရှိပြီး ထိုအဆင့် တွင် သစ်ကိုင်းများကျိုးပဲ့ကာ အမြစ်တိမ်သောအပင်များ ပြိုလဲသွားနိုင်သည်။

F1 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၇၃ မိုင်မှ ၁၁၂ မိုင်အတွင်းရှိပြီး ထိုအဆင့်တွင် ကျောက်စရစ်မြေထဲ၌ အမြစ်စွဲနေသောသစ်ပင်များ ပြိုလဲနိုင်သလို အဆောက်အအုံ၏ အုတ်မြစ်ကြံ့ခိုင်မှု အားနည်းလျှင် ပြိုပျက်သွားနိုင်သည်။

F2 အဆင့်သည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၁၃ မိုင်မှ ၁၅၇ မိုင်အတွင်းရှိကာ ထိုအဆင့်တွင် နေအိမ်အဆောက်အအုံ အမိုးများ ပြုတ်ထွက်လွင့်ပျံသွားနိုင်ပြီး ကြံ့ခိုင်မှု အသင့်အတင့် ရှိသော အဆောက်အအုံများပင် ပြိုကျပျက်စီးသွားနိုင်သည်။ အသင့်အတင့်လေးလံသော ဝတ္ထုပစ္စည်းများလည်း လေထဲမှ တစ်ဆင့် ဝေးရာသို့ ပျံဝဲရောက်ရှိသွားနိုင်သည်။

F3 အဆင့်ကမူ လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၈ မိုင်မှ ၂၀၆ မိုင်အတွင်းရှိပြီး သစ်ပင်အများအပြားကို အမြစ်မှ ကျွတ်ထွက်လွင့်ပါစေခြင်း၊ နေအိမ်အဆောက်အအုံများကို အလုံးစုံ ပျက်စီးပြိုလဲစေခြင်းနှင့် မော်တော်ကားများ လေထဲ သို့ လွင့်ပါစေခြင်းများအထိ ဖြစ်ပေါ်နိုင်သည်။

ဖူဂျီတာစကေး F4 အဆင့်သည် လေတိုက်နှုန်း တစ်နာရီ လျှင် ၂၀၇ မိုင်မှ မိုင် ၂၆၀ အတွင်းရှိပြီး နေအိမ်များနှင့် ကား များကို ဒုံးကျည်ပစ်လွှတ်လိုက်သည့်အလား အလွန်ဝေးရာ ဆီသို့ ဆွဲငင်ယူဆောင် ပစ်ထုတ်နိုင်စွမ်းရှိပြီး လွင့်စဉ်ရောက်ရှိ လာသော ရောမ ဝတ္ထုအစိုင်အခဲကြီးများကြောင့် လူအများ အပြားတို့ ထိမှန်ခံရကာ အသက်ဆုံးရှုံးသွားနိုင်သည်။

ဖူဂျီတာစကေး အမြင့်ဆုံးဖြစ်သော F5 အဆင့်ကမူ လေ တိုက်နှုန်း တစ်နာရီလျှင် ၂၆၁ မိုင်မှ ၃၁၈ မိုင်အထိရှိကာ သံမဏိဖြင့်တည်ဆောက်ထားသော အဆောက်အအုံများပင် မြင်ကောင်းလောက်အောင် ပျက်စီးသွားနိုင်သည်။ သာမန် နေအိမ်အဆောက်အအုံတို့မှာမူ လေခွဲဖြင့်ပစ်လွှတ်လိုက် သည့် လောက်စာလုံးများပမာ ဝေးရာသို့ အလုံးလိုက် လွင့်စဉ် မျောပါ ရောက်ရှိသွားနိုင်သည်။

### လေဆင်နှာမောင်း လေ့လာရေးစီမံကိန်း

လေဆင်နှာမောင်း၏ ဖြစ်တည်လာပုံ သဘောသဘာဝကို သိရှိနားလည်လာသည်နှင့်အမျှ ဘေးအန္တရာယ်ကျရောက် မည့် နေရာဒေသများကို ခေတ်မီနည်းပညာများအသုံးချကာ မိနစ်အနည်းငယ်မျှ ကြိုတင်သတိပေးလာနိုင်သည်။ သာဓက တစ်ခုအဖြစ် အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမား ပြည်နယ်တွင် ၂၀၀၇ ခုနှစ် မေလအတွင်းက လေဆင်နှာမောင်း မတိုက်ခတ်မီ ၁၃ မိနစ်မျှ ကြိုတင်သတိပေးနိုင်ခဲ့သဖြင့် ပျက်စီးမှုများရှိခဲ့သည့်တိုင် လူ့အသက်သေဆုံးရမှုကို များစွာ လျှော့ချပေးနိုင်ခဲ့သည်။

နိုင်ငံတကာမှ သိပ္ပံပညာရှင်ဦးရေ ၁၀၀ ကျော်ပါဝင်သော သုတေသနမစ်ရှင်တစ်ခုသည် ကမ္ဘာ့သမိုင်းတွင် အကျယ်ပြန့် ဆုံးသော လေဆင်နှာမောင်းလေ့လာရေးစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာပေါ်၌ လေဆင် နှာမောင်း ဖြစ်ပေါ်တိုက်ခတ်မှု အများဆုံးနေရာများဖြစ်သော မစ္စစ္စပီမြစ် အနောက်ဘက်ရှိ မဟာလွင်ပြင်ဒေသနှင့် ရော့ကီး တောင်တန်းအရှေ့ဘက်ရှိ မြက်ခင်းလွင်ပြင်ဒေသ၌ သုတေ သနဆိုင်ရာ အဆင့်မြင့်နည်းပညာသုံး စက်ပစ္စည်းကိရိယာ များကို ဖြန့်ကြက်ချထားခဲ့ကြသည်။

Vortex-2 ဟု အမည်ပေးထားသော အဆိုပါစီမံကိန်းတွင် သယ်ယူရွှေ့ပြောင်းနိုင်သော ရေဒါ ၁၀ ခုကို အသုံးပြုခဲ့ပြီး တိုက်ခတ်နေသော လေဆင်နှာမောင်းအနီးသို့ ချဉ်းကပ်ပျံဝဲ လေ့လာမှတ်တမ်းတင်မည့် မောင်းသူမဲ့ စက်ရုပ်လေယာဉ် ၁၂ စင်းကိုပါ အသုံးချခဲ့ကြသည်။

စီမံကိန်း၏ အကျိုးရလဒ်တစ်ခုအဖြစ် လေစီးကြောင်းနှင့် အပူချိန်တို့ သဟဇာတမဖြစ်ဘဲ ဆန့်ကျင်ဘက် အခြေအနေ တစ်ရပ်သို့ ရုတ်ခြည်းကူးပြောင်းသွားပါက မိနစ်ပိုင်းအတွင်း မှာပင် လေဆင်နှာမောင်းတစ်ခု ဖြစ်ပေါ်လာကြောင်း ဖော် ထုတ်တွေ့ရှိခဲ့သည်။ စတုရန်းမိုင် ၉၀၀ ကျော်မျှ ကျယ်ဝန်းသည့် ဒေသအတွင်း၌ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်နေသော Vortex-2 စီမံကိန်းသည် လေဆင် နှာမောင်း ကြိုတင်သတိပေးနိုးဆော်ရေးနှင့် လူ့အသက်ကယ်တင် ရေးဆိုင်ရာ အထောက်အကူပြုမည့် ရလဒ်အများအပြားကို ရရှိလာမည်ဟု မျှော်လင့်ရသည်။

### စိုက်ဆင်းလေပြင်း

လေဆင်နှာမောင်းများလောက် အင်အားမပြင်းထန်သော်လည်း မိုးတိမ်တောင်များကိုပင် အခြေပြုကာ ဖြစ်ပေါ်လာသည့် စိုက်ဆင်းလေပြင်းများသည်လည်း ကြောက်မက်ဖွယ် ကောင်းသော သဘာဝဘေးအန္တရာယ်တစ်မျိုးပင်ဖြစ်သည်။ စိုက်ဆင်းလေပြင်းများသည် လေကြောင်းပျံသန်းမှုများနှင့် ရေကြောင်းသွားလာမှုများအတွက် အထူးပင် သတိပြုကြရမည့် အန္တရာယ်ဖြစ်သည်။

စိုက်ဆင်းလေပြင်းများသည် အဓိကအားဖြင့် အားကောင်း သောမိုးတိမ်တောင်များ ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပြီး လေပြင်းတိုက်ခတ်ခြင်းနှင့် လေဖိအား ရုတ်တရက် မြင့်တက်ခြင်းများကို ဖြစ်ပေါ်လာစေသည်။ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၀၀ ကျော်အထိ တိုက်ခတ်နိုင်သော စိုက်ဆင်းလေပြင်းများသည် လေဆင်နှာမောင်းနှင့် မတူ ကွဲပြားသော တိုက်ခတ်မှုပုံစံမျိုး ရှိနေသည်။

### စိုက်ဆင်းလေပြင်းနှင့် လေဆင်နှာမောင်း

လေဆင်နှာမောင်းများ တိုက်ခတ်နေချိန်တွင် လေဖိအား အလွန်အမင်းကျဆင်းကာ လေဖိအားခြားနားမှုကြောင့် ကြီး မားသော အဆောက်အအုံများသည်ပင် အလွန်ဝေးကွာသော အရပ်ဆီသို့ လွင့်စဉ်မျောပါသွားနိုင်သည်။ စိုက်ဆင်းလေပြင်း တိုက်ခတ်နေချိန်၌မူ လေဖိအား ရုတ်ခြည်းမြင့်တက်မှုကြောင့် အဆောက်အအုံအချို့ကို လဲပြိုသွားစေနိုင်သည်။

လေဆင်နှာမောင်းဖြစ်ပေါ်ချိန်တွင် လေသည် လက်ဝဲရစ် တိုက်ခတ်ပြီး အထက်သို့ ရစ်ခွေတိုက်ခတ်ခြင်းကြောင့် သဲနှင့် ဖုန်မှုန့်များ၊ သစ်ကိုင်းသစ်ခက်များ၊ အကျိုးအပဲ့ အပိုင်းအစ များကပါ လိုက်၍ မျောပါရွေ့လျားနေတတ်ခြင်းကြောင့် လေဆင်နှာမောင်းများ တိုက်ခတ်နေသည်ကို အဝေးကပင် ထင်ရှားစွာ မြင်နိုင်သည်။ စိုက်ဆင်းလေပြင်းကမူ လေပြင်း တိုက်နေခြင်းကိုသာ ခံစားသိရှိနိုင်ပြီး လေတိုက်နေသည့် ပုံသဏ္ဌာန်ကို မမြင်တွေ့နိုင်ပေ။

လေဆင်နှာမောင်းသည် တိုက်ခတ်ချိန်အားဖြင့် မိနစ် ၃၀ မှ ခြောက်နာရီအထိပင် ရှိနိုင်သော်လည်း စိုက်ဆင်းလေပြင်း မှာမူ တိုက်ခတ်ချိန် အလွန်တိုတောင်းပြီး မိနစ်အနည်းငယ်သာ ကြာမြင့်သည်။ လေဆင်နှာမောင်းများ တိုက်ခတ်ရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်တွင် လေဆင်နှာမောင်းသည် တည့်တည့်ရွေ့လျားခြင်း၊ ဝဲဘက်သို့ ကွေ့ခြင်း၊ ယာဘက်သို့ ကွေ့ခြင်း၊ ကွေ့ဝိုက်ကာ နောက်ပြန်ရွေ့လျားခြင်း စသည်ဖြင့် ဦးတည်ရာဘက်အမျိုးမျိုးရှိသည့်အတွက် လေဆင်နှာမောင်း တိုက်ခတ်ပြီးချိန်တွင် ပျက်စီးသွားသော နေအိမ်အဆောက် အအုံများနှင့် ဝတ္ထုပစ္စည်းကြီးငယ်တို့သည် အရပ်မျက်နှာ အမျိုးမျိုးသို့ ဦးတည်ကာ လဲပြိုနေသည်ကို မြင်တွေ့ကြရသည်။

စိုက်ဆင်းလေပြင်းကမူ တိုက်ခတ်ရွေ့လျားရာ လမ်းကြောင်း ဖြောင့်ပြီး အရပ်မျက်နှာတစ်ဖက်တည်းသို့သာ တိုက်ခတ် သည့်အတွက် ပျက်စီးသွားသော အဆောက်အအုံနှင့် ဝတ္ထု ပစ္စည်းကြီးငယ်တို့မှာ အရပ်မျက်နှာ တစ်ဖက်တည်းသို့သာ ဦးတည်လဲကျနေသည်ကို တွေ့မြင်ကြရသည်။ စိုက်ဆင်း လေပြင်း၏ ထူးခြားချက်တစ်ရပ်မှာ စတင်တိုက်ခတ်ရာနေရာ၌ သက်ရောက်မှုဧရိယာ ကျဉ်းမြောင်းပြီး တဖြည်းဖြည်း အား ပျော့လာသည့်အခါ၌မူ သက်ရောက်မှုဧရိယာ ပို၍ကျယ်ပြန့် လာခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် ယပ်တောင်ဖြန့် သကဲ့သို့ တိုက်ခတ်ခြင်းဖြစ်ပြီး ထိုသို့သော သဘောသဘာဝ ကြောင့်ပင် စိုက်ဆင်းလေပြင်းတိုက်ခတ်ရာ လမ်းကြောင်းတွင် ပျက်စီးသွားသော ဝတ္ထုပစ္စည်း အစုအပုံများမှာ တဖြည်းဖြည်း ပို၍ပြန့်ကားသွားသည်ကို တွေ့မြင်ကြရခြင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ လေဆင်နှာမောင်းနှင့် စိုက်ဆင်း လေပြင်းများကို ဖြစ်ပေါ်လာစေနိုင်သည့် မိုးတိမ်တောင်ကြီး များကို မိမိတို့နေထိုင်ရာဒေသ၏ ကောင်းကင်ယံ၌ မြင်တွေ့ ကြရသည်ဆိုပါက သတိရှိရန်လိုအပ်သည်။ လေဆင်နှာမောင်း တစ်ကြိမ်နှစ်ကြိမ် တိုက်ခတ်ဖူးသောဒေသဖြစ်ပါက အထူးပင် သတိရှိသင့်သည်။ လေဆင်နှာမောင်း၏အန္တရာယ်မှ ကာကွယ် ရန်အတွက် အကောင်းဆုံးသော နည်းလမ်းတစ်ခုမှာ မြေပေါ် အဆောက်အအုံနှင့် တွဲစပ်ခြင်းမရှိဘဲ သီးသန့် တည်ဆောက် ထားသည့် ခိုင်ခန့်တောင့်တင်းသော မြေအောက်ခန်းအတွင်း နေထိုင်ခြင်းပင် ဖြစ်သည်။

မျက်မှောက်ခေတ်၏ ဆောက်လုပ်ရေး နည်းပညာများထဲ တွင် မြေအောက်သို့ ပိုင်တိုင်များ နက်ရှိုင်းစွာရိုက်သွင်းသည့် နည်းဖြင့် စံချိန်မီစွာ တည်ဆောက်ထားသော အဆောက်အအုံ များသည် လေဆင်နှာမောင်း၏ဒဏ်ကို အတိုင်းအတာတစ်ရပ် အထိ ခံနိုင်ရည်ရှိသည်။ အဆောက်အအုံ၏ ပြတင်းတံခါးများ၊ ဝရန်တာလက်ရန်းများက လေဆင်နှာမောင်း၏ လေဝဲဂယက် အတွင်း လွင့်စဉ်မျောပါသွားနိုင်သည့်တိုင် ပင်မအဆောက် အအုံကြီးအဖို့ မြေမှ ကျွတ်ထွက်လွင့်ပါနိုင်ရန် အခွင့်အလမ်း အလွန်နည်းသောကြောင့်ပင် ဖြစ်သည်။

စိုက်ဆင်းလေပြင်း၏ အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် အတွက်မူ အဆောက်အအုံများကို ခိုင်ခံ့တောင့်တင်းအောင် စနစ်တကျ ဆောက်လုပ်ထားခြင်း၊ ခေါင်မိုးရှိ ဒိုင်း၊ မြားနှင့် အမိုးပြားများကို ကြံ့ခိုင်တောင့်တင်းအောင် တွဲဆက်တပ်ဆင် ထားခြင်း၊ ခိုင်ခံ့တောင့်တင်းသော တံခါးကျည်းပေါင်များနှင့် တံခါးရွက်များကို အသုံးပြု တပ်ဆင်ထားခြင်း စသည်တို့ပင် ဖြစ်ပေသည်။ ။

**လေဆင်နှာမောင်းကို ထိပ်တိုက်ရင်ဆိုင်ကာ လေ့လာသုတေသနပြုခဲ့ကြရာ၌ ပညာရှင်အချို့ အသက်ဆုံးရှုံးခဲ့ရခြင်းအပါအဝင် အခက်အခဲများစွာကို ဖြတ်သန်းခဲ့ကြပြီးနောက် ကြောက်မက်ဖွယ်ကောင်းလှသည့် လေဆင်နှာမောင်း၏ အတွင်းသန္တာန်များကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုမှဆက်စပ်၍ လေဆင်နှာမောင်းများ၏ လေတိုက်နှုန်းနှင့် ပြင်းအားပမာဏ အတိုင်းအတာကို ချီကာဂိုတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဖူဂျီတာက တိုင်းတာတွက်ချက် ဖော်ထုတ်အသိပေးနိုင်ခဲ့ပြီး ထိုစကေးကို ဖူဂျီတာစကေး(Fujita Scale) ဟု ခေါ်တွင်ခဲ့သည်**

# ရန်ကုန်မြို့ အင်းစိန်ထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၇၇ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေး

**ရန်ကုန် ဧပြီ ၁၇**

မြန်မာ့နှစ်ဆန်းတစ်ရက်နေ့အခါသမယတွင် မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၉၅၃၅ ဦးအား စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ ရန်ကုန်မြို့ အင်းစိန်ထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၆၇၅ ဦးနှင့် နိုင်ငံခြားသားနှစ်ဦး စုစုပေါင်း ၆၇၇ ဖြင့် လွှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်ရှေ့၌ ညနေ ၄ နာရီ ၄၅ မိနစ်တွင် အကျဉ်းသူ ၅၀ တင်ဆောင်လာသော တီအီးယာဉ်ဆိုက်ရောက်ပြီး ဝန်ထမ်းများက စစ်ဆေးပြီး ဂိတ်ပေါက်ဝသို့ ပို့ဆောင်ရာ စောင့်ဆိုင်းနေကြသည့် မိသားစုဝင်များ ဝမ်းသာကြိုဆိုသံတို့ဖြင့် ဖုံးလွှမ်းခဲ့သည်။

"မနက် ၇ နာရီကတည်းက ရောက်နေတာ။ သားက မူးယစ်မှုနဲ့ကျတာ။ ဒီနေ့မနက် သမ္မတကြီး မိန့်ခွန်းမှာ အကျဉ်းသားတွေ လွှတ်မယ်လို့ အိမ်ကသမီးက လှမ်းပြောတော့ ပိုပြီး အားတက်ရတာပေါ့လေ။ ဒါကြောင့် သားလေးထွက်လာမလားဆိုပြီး ဂိတ်ပေါက်ဝက မျှော်နေတာ။ အမေ့သားလိုပဲ လူငယ်တွေအပေါင်းအသင်းမမှားစေချင်ဘူး။ သူလည်း နောင်တတွေရနေလောက်ပါပြီ။ သမ္မတကြီးကိုလည်း ကျေးဇူးတင်ပါတယ်" ဟု စမ်းချောင်းမြို့နယ်မှ မိခင်ဖြစ်သူတစ်ဦးက ပြောသည်။

ညနေ ၅ နာရီတွင် အကျဉ်းဦးစီး ဂိတ်ဝသို့ အမျိုးသားအကျဉ်းသား ၅၀ တင်ဆောင်လာသော တီအီးယာဉ်ရောက်ရှိပြီး ဂိတ်ဝအပြင်တွင်စောင့်ဆိုင်းနေကြသောမိသားစုဝင်တို့ နှုတ်ဆက်ကြိုဆိုသံတို့ ဖုံးလွှမ်းလျက်ရှိကာ အပြင်သို့ရောက်ရှိချိန်တွင် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်လျက် ဝမ်းသာမျက်ရည်တို့ဖြင့် ပျော်ရွှင်ကြလျက်ရှိသည်။



ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာသည့် အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ -သန်းစိုး

"ကျွန်တော်က မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ခြောက်နှစ်မှာ နှစ်နှစ်ထောင်ကျပြီး လွတ်ငြိမ်းသက်သာခွင့်နဲ့ ဒီနေ့လွတ်တယ်။ အရင်က ကားစပယ်ယာလိုက်တာ။ ကောင်းကောင်းမွန်မွန်နဲ့ အလုပ်တစ်ခု ပြန်လုပ်တော့မယ်။ မူးယစ်ဆေးမသုံးတော့ဘူး။ နိုင်ငံတော်အကြီးအကဲတွေလည်း ကျေးဇူးတင်ပါတယ်" ဟု လှိုင်သာယာမြို့နယ်နေသူတစ်ဦးက ပြောသည်။

အင်းစိန်ဗဟို အကျဉ်းထောင်မှ ယနေ့ပြန်လည် လွတ်မြောက်လာသူများတွင် ရဲစည်းကမ်းထိန်းသိမ်းရေးဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ တပ်မတော်အက်ဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများနှင့် အခြားသောအမှုများမှ နိုင်ငံခြားသား နှစ်ဦး အပါအဝင် အကျဉ်းသား ၆၂၇ ဦးနှင့် အကျဉ်းသူ ၅၀ ဦး ဖြစ်ကြောင်း သိရသည်။

အကျဉ်းသား အကျဉ်းသူများကို ယနေ့လွှတ်ပေးရာတွင် အင်းစိန်ဗဟိုအကျဉ်းထောင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေသူဌေး၊ တောကြီးတန်း၊ လှေလှော်အင်း၊ အိုင်ကလောင်၊ အောင်ချမ်းသာ၊ မင်းကုန်းစသည့် အကျဉ်းစခန်းများလည်း ပါဝင်ကြောင်း သိရသည်။

**သန်းထိုက် ဇော်ကြီး(ပဏီတ)**

# မြန်မာနှစ်သစ်မင်္ဂလာအထိမ်းအမှတ် အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူများ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ

**မန္တလေး**

မြန်မာ့နှစ်သစ်ကူးမင်္ဂလာ အထိမ်းအမှတ်အဖြစ် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသားအကျဉ်းသူ ၄၃၇ ဦးအား ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးသူ ၄၃၇ ဦးအနက် အကျဉ်းသူ ၃၉ ဦးနှင့် နိုင်ငံခြားသားသုံးဦးတို့ ပါဝင်ပြီး မူးယစ်ဆေးဝါးမှုဖြင့် အကျဉ်းကျခံနေရသူ အများဆုံးဖြစ်ကြောင်း မန္တလေးဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းက ပြော သည်။

"ဒီနေ့မှာ နိုင်ငံတော်သမ္မတကြီးရဲ့ လွတ်ငြိမ်းသက်သာခွင့်နဲ့ ကျွန်တော်တို့ အကျဉ်းထောင်က ၄၃၇ ဦး လွှတ်ပေးခဲ့ပါတယ်။ သူတို့ကို စားစရိတ်တစ်ထောင်နဲ့ ပြန်ရမယ့် ခရီးအကွာအဝေးအလိုက် ခရီးစရိတ်တွေလည်း ထုတ်ပေးထားပါတယ်။ လွှတ်ပေးတဲ့သူတွေက အမှုပေါင်းစုံပါဝင်ပေမယ့် မူးယစ်ဆေးဝါးမှုနဲ့ အကျဉ်းကျခံနေသူက ၅၀ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ကျွန်တော်တို့ ထောင်ကနေ ဒီနေ့ လွှတ်ပေးခဲ့တဲ့သူတွေက ပြည်သူတွေစိုးရိမ်သလို လူဆိုးလူမိုက်တွေ မဟုတ်ပါဘူး။ ထောင်ထဲမှာ သူတို့ကို စိတ်ဓာတ်ရေးရာတွေ ပြုပြင်ပေးခဲ့ပါတယ်။ လက်မှုပညာတွေ သင်ကြားပေးတဲ့အပြင် အဓိကအားဖြင့် အကျင့်စာရိတ္တတွေ ပြောင်းလဲအောင် စနစ်တကျ သင်ကြားပေးထားတဲ့အတွက် လူ့ပတ်ဝန်းကျင်မှာ မိသားစုနဲ့ နိုင်ငံ့အကျိုးကို ပြည်သူတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်မယ့် လူတွေဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးဗဟိုအကျဉ်းထောင်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ ညောင်ဦးနှင့် နေပြည်တော် အကျဉ်းထောင်တို့မှ အကျဉ်းကျခံအကျဉ်းသား ၆၄၆ ဦးနှင့် အကျဉ်းသူ ၅၂ ဦး စုစုပေါင်း ၆၉၈ ဦးကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယနေ့လွတ်မြောက်လာသည့် ကျောက်ဆည်ခရိုင် ကူမဲမြို့နယ်တွင်နေထိုင်သည့် မနဒီမောင်က "မူးယစ်ဆေးဝါးမှုနဲ့ ငါးနှစ်ပြစ်ဒဏ်ကျခံရပေမယ့် ထောင်ထဲမှာ သုံးလပဲနေရပြီး လွတ်ငြိမ်း သက်သာခွင့်နဲ့ ဒီနေ့လွတ်လာတဲ့အတွက် အလွန်ပျော်နေပါတယ်။ မမျှော်လင့်ဘဲ အခုလို လွတ်လာတဲ့အတွက် လွတ်ငြိမ်းသက်သာခွင့်နဲ့ လွှတ်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးကို ကျေးဇူးအထူးတင်ပါတယ်" ဟု ပြောသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

**မြိတ်**

မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၆၅ ဦးကို လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယနေ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၄၉ ဦး၊ အကျဉ်းသူ ၃၇ ဦး စုစုပေါင်း ၁၈၆ ဦးကို ယနေ့မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းမှ အကျဉ်းသား ၇၉ ဦးကို ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ လွှတ်ပေးခဲ့ပြီး တာဝန်ရှိသူများက ဆုံးမစကားများပြောကြားကာ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားစုငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက် )**

**မိုးညှင်း**

မိုးညှင်းအကျဉ်းထောင်မှ အကျဉ်းသား ၄၆၆ ဦး အကျဉ်းသူ ၅၂ ဦး စုစုပေါင်း ၅၁၈ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သဖြင့် ဆုံးမဩဝါဒ ပေးပွဲအခမ်းအနားကို မိုးညှင်းအကျဉ်းထောင်စုစည်းခန်းမတွင် မွန်းလွဲပိုင်းက ပြုလုပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးတင်အေးကဆုံးမဩဝါဒစကားပြောကြားခြင်း၊ လမ်းခရီးစရိတ်နှင့် စားစရိတ်များထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး အကျဉ်းသားများအား ညနေ ၅ နာရီ ၅၄ မိနစ်တွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

**မော်လမြိုင်**

ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်အကျဉ်းထောင်ရှိ နိုင်ငံသားအကျဉ်းသား အမျိုးသား ၃၄၆ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၆၃ ဦး၊ သထုံအကျဉ်းထောင်မှ ၄၃ ဦး၊ ရင်းငြိမ်အလုပ်စခန်းမှ ၅၄ ဦး၊ ဇင်းကျိုက်အလုပ်စခန်းမှ ၈၄ ဦး၊ အင်းပြောင်အလုပ်စခန်းမှ ၁၄၅ ဦး၊ အင်္ဂဘို အလုပ်စခန်းမှ ၉၅ ဦး၊ မုပ္ပလင်အလုပ်စခန်းမှ အမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၄၆ ဦး၊ မုပ္ပလင်ရွှေဖြူ ရော်ဘာအလုပ်စခန်းမှ ၉၅ ဦး၊ တောင်စွန်း ၁၀ ဦး၊ စုစုပေါင်း ၁၀၁၈ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။



လွတ်မြောက်လာသူနှင့် ကြိုဆိုသူတို့၏ ဝမ်းသာပျော်ရွှင်မှု မြင်ကွင်း

"ဘယ်လို ခံဝန်ချက်မျိုးမှ မထားဘဲ ခြွင်းချက်မရှိ လွှတ်ပေးတာပါ။ လွတ်ငြိမ်းသက်သာခွင့် နှစ်မျိုးရှိတဲ့အထဲက လွှတ်ပေးလိုက်ရင် ကောင်းမွန်စွာနေထိုင်ပါမယ်။ ပြစ်မှု ပြန်ကျူးလွန်ခဲ့ရင် လက်ရှိကျခံရတဲ့ ပြစ်ဒဏ်တွေကိုပါ ပြန်ပြီးကျခံပါမယ်ဆိုတဲ့ အချက်နဲ့ မဟုတ်ဘဲ ကျင့် ၄၀၁ အရ အနှောင်အဖွဲ့စည်းကမ်းချက်မထားဘဲ လွှတ်ပေးခြင်းဖြစ်ပါတယ်" ဟု မော်လမြိုင်အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ချိုက ပြောသည်။

**နန္ဒကျော်စွာ**

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်တွင် အကျဉ်းကျခံနေသော အကျဉ်းသား ၄၂ ဦးနှင့် အကျဉ်းသူသုံးဦးလွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြောင်း မုံရွာအကျဉ်းထောင်မှ ဦးစီးအရာရှိဦးဌေးမောင်မောင်ထံမှ သိရသည်။

အဆိုပါ အကျဉ်းသားများအား လွတ်ငြိမ်းသက်သာခွင့်ပေးရာ မုံရွာ အကျဉ်းထောင်သို့ မုံရွာခရိုင် စီမံခန့်ခွဲမှု ကော်မတီဉက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြင့်သိန်း၊ မုံရွာအကျဉ်းထောင်မှ တာဝန်ရှိသူများသည် ဧပြီ ၁၇ ရက်က လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူများကို တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

**စစ်တွေ**

ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၂၁၀ ကို ယနေ့မွန်းလွဲပိုင်းတွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့သို့လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၁၀၉ ဦး၊ အကျဉ်းသူခြောက်ဦး၊ နိုင်ငံခြားသားတစ်ဦး စုစုပေါင်း ၁၁၆ ဦး၊ ဘူးသီးတောင် အကျဉ်းထောင်မှ အကျဉ်းသား ၃၅ ဦး၊ အကျဉ်းသူသုံးဦး၊ နိုင်ငံခြားသားတစ်ဦး စုစုပေါင်း ၃၉ ဦး၊ ကျောက်ဖြူ အကျဉ်းထောင်မှအကျဉ်းသား ၃၁ဦးနှင့် သံတွဲ အကျဉ်းထောင်မှ အကျဉ်းသား ၂၃ ဦး၊ အကျဉ်းသူတစ်ဦး စုစုပေါင်း ၂၄ ဦးတို့ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား အကျဉ်းသူ ၂၁၀ လွတ်မြောက်ကြောင်း သိရသည်။

အဆိုပါ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ မိတ်ဆွေများက ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအနက် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူများ လွှတ်ပေးခြင်းကို ဧပြီ ၁၇ ရက်က အကျဉ်းဦးစီးဌာန အနော်ရထာခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်ထွန်းတို့က ပြစ်ဒဏ်မှလွတ်မြောက်သူများအား ဆုံးမစကားပြောကြားပြီး အကျဉ်းသား အကျဉ်းသူများအား လွတ်မြောက်ခြင်းလက်မှတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

မြင်းခြံအကျဉ်းထောင်မှ အကျဉ်းသား ၃၃ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၃၅ ဦးကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

**သီပေါ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်အရ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား ၈၃ ဦးအား ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) က လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ၎င်းတို့အား မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ မြို့နယ်များသို့ သွားရောက်မည့်ဂိတ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**မိတ္ထီလာ**

မိတ္ထီလာအကျဉ်းထောင်မှ အကျဉ်းသား ၅၄ ဦးနှင့် အကျဉ်းသူနှစ်ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။ "မိတ္ထီလာအကျဉ်းထောင်မှ အကျဉ်းသား ၅၄ ဦး၊ အကျဉ်းသူနှစ်ဦး စုစုပေါင်း ၅၆ ဦး လွတ်ငြိမ်းသက်သာခွင့်ရပါတယ်။ ရပ်ဝေးဒေသကိုပြန်ကြမယ့် လွတ်ငြိမ်းသက်သာ ခွင့်ရရှိသူတွေကို စားစရိတ်နဲ့ခရီးစရိတ်လည်း ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်" ဟု မိတ္ထီလာအကျဉ်းထောင် အကျဉ်းထောင်မှူး ဦးခင်ရွှေက ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

**ကျိုင်းတုံ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံအကျဉ်းထောင်နှင့် မိုင်းဆတ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများလည်း ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား ၇၄ ဦး၊ အကျဉ်းသူခြောက်ဦး၊ စုစုပေါင်း ၈၀ ဦး၊ မိုင်းဆတ်အကျဉ်းထောင်မှ အကျဉ်းသား ၄၇ ဦး၊ အကျဉ်းသူသုံးဦး၊ စုစုပေါင်း ၅၀ တို့အား ဧပြီ ၁၇ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက လွှတ်ပေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

**မောင်ယဉ်ကျေး**

# မြိတ်ကျွန်းစုရှိ စမတ်ကျွန်းနှင့် လေးကျွန်းသို့ လာရောက်လည်ပတ်သူ အပန်းဖြေခရီးသွားဧည့်သည်များ ယခင်နှစ်ကထက်ပိုမိုများပြား

**မြိတ် ဧပြီ ၁၇**
၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလတွင် မြိတ်ကျွန်းစုရှိသဘာဝအလှတရားများဖြင့် သာယာလှပသည့် ကျွန်းများသို့အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများက လေယာဉ်၊ ကားကြီး ကားငယ်များဖြင့် မြိတ်မြို့သို့ လာရောက်ကြသည်။ ကျွန်းအပန်းဖြေခရီးသွားသင်္ကြန်အဖြစ် ကျွန်းများသို့ သွားရောက်ခဲ့ကြရာ မြိတ်ဆိပ်ကမ်း၌ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ နံနက်ပိုင်းကစည်ကားခဲ့ပြီး စမတ်ကျွန်းနှင့် လေးကျွန်းသို့ သွားရောက်လည်ပတ်သူ များပြားခဲ့ကြောင်း သိရသည်။

သင်္ကြန်ကာလကျွန်းအပန်းဖြေခရီးအဖြစ် လာရောက်အပန်းဖြေခဲ့ကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများကို သင်္ကြန်အတက်နေ့တွင် မြိတ်ကျွန်းစု ကျွန်းအပန်း ဖြေခရီးသွား လုပ်ငန်းများမှ စပိဘုတ်အစင်းရေ ၃၀ ဖြင့် ခရီးသွားဧည့်သည်များ သွားရောက်လိုသည့် ကျွန်းများကို ပို့ဆောင်ပေးခဲ့ကြပြီး တစ်ကျွန်းခရီးစဉ်အဖြစ် အမြန်ရေယာဉ် အကြီးလူ ၂၀၀ ခန့်ဆံ့ စပိဘုတ်ဖြင့် စမတ်ကျွန်းခရီးစဉ်နှင့် လေးကျွန်းခရီးစဉ်တို့ကို ပြေးဆွဲပေးခဲ့သည်။

စပိဘုတ်များ၌ ဝန်ပိုမတင်ရေး၊ အသက်ကယ် အင်္ကျီနှင့် ဆေးသေတ္တာများ ယူဆောင်ရေးတို့ကို ခရီးသွားရေယာဉ်များမှ အဓိကထားဆောင်ရွက်ခဲ့ကြပြီး စပိဘုတ်များ တစ်စင်းပြီး တစ်စင်း ခရီးသွားဧည့်သည်များကို တင်ဆောင်၍ မြိတ်ဆိပ်ကမ်းမှ အပန်းဖြေမည့်ကျွန်းများသို့ ပို့ဆောင်ထွက်ခွာခဲ့ကြရာ ခရီးသွားဧည့်သည်များ မြိတ်ဆိပ်ကမ်းမှ လှေပေါ်တက်ဆင်း အန္တရာယ်ကင်းရှင်းအောင် ခရီးသွား စပိဘုတ်များကြီးကြပ်ရေးကော်မတီမှ စနစ်တကျ စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

သင်္ကြန်ကာလအတွင်း ကျွန်းအပန်းဖြေခရီး လာရောက်ကြသော သင်္ကြန်ချစ်သူပြည်သူများကို ဘေးကင်းလုံခြုံစိတ်ချ စွာ လာရောက်လည်ပတ်အပန်းဖြေနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းများမှ ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ခရီးသွားဧည့်သည်များ အသက်ကယ်အင်္ကျီဝတ်ဆင်ရေး၊ ခရီးစဉ်တစ်လျှောက် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပင်လယ်အတွင်းနှင့် အများပြည်သူလာရောက်လည်ပတ် အပန်းဖြေမည့် ကျွန်းများ၊ သဲသောင်တွင်လည်း အမှိုက်များမပစ်ချရေးနှင့် အမှိုက်ပုံးတွင်သာ စွန့်ပစ်ရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သင်္ကြန်ကာလတွင် လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် ယခင်နှစ်ကထက် ပိုမိုလည်ပတ်လာကြပြီး သင်္ကြန်မတိုင်မီကပင် ကြိုတင်မှာယူမှု များပြားခဲ့ကြောင်း၊ သင်္ကြန်ကာလအတွင်း နေ့စဉ်ကျွန်းများသို့ သွားရောက် လည်ပတ်သူ ခရီးသွားဧည့်သည် ၁၀၀၀ ကျော်ရှိပြီး သင်္ကြန်အကျနေ့တွင် ပိုမိုများပြားခဲ့ကြောင်း ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။



မြိတ်ကျွန်းစုများသို့ ပို့ဆောင်ပေးမည့် စပိဘုတ်လှေဆိပ်ကို တွေ့ရစဉ်။

မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေခရီး သွားရောက်နိုင်သည့် ကျွန်းများမှာ လေးကျွန်း၊ ဒုံးကျွန်း၊ ဒုံးရေတံခွန်၊ နတ်သမီးရေတွင်းကျွန်း၊ စမတ်ကျွန်း၊ တောင်ပံကြီးကျွန်း၊ လိပ်ဥစောင်ကျွန်း၊ ကြယ်လိပ်ကျွန်း၊ ခနသိဒ္ဓိကျွန်း၊ သဲနက်တန်း(နှစ်ဖက်လှ)ကျွန်း၊ ဒုံးညောင်မှိုင်းကျွန်း စသောကျွန်းများရှိရာ သင်္ကြန်ကာလတွင် ကျွန်းအပန်းဖြေခရီးသွားသင်္ကြန်အဖြစ် နွဲပျော်ကြမည့် သင်္ကြန်ချစ်သူပြည်သူများမှ စမတ်ကျွန်းနှင့် လေးကျွန်းခရီးစဉ်ကိုပိုမိုသွားရောက်ခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

## ကူးစက်မြန် ရေကျောက်ရောဂါ

ရေကျောက်ရောဂါဆိုသည်မှာ Varicella - Zoster Virus (VZV) ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပါသည်။

**ရောဂါလက္ခဏာများ**

ရေကျောက်ရောဂါသည် ခန္ဓာကိုယ်အနှံ့ယားယံသော အရည်ကြည်ဖုများ မထွက်မီ (၂) ရက်ခန့်အလိုတွင်
- ဖျားခြင်း၊
- နုံးချည့်ခြင်း၊ အစားအသောက်ပျက် ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်း

တို့ ဖြစ်တတ်ပါသည်။

**ရေကျောက်ရောဂါ၏ထူးခြားသောလက္ခဏာများ**

ခန္ဓာကိုယ်အနှံ့ ယားယံသော အရည်ကြည်အဖုအပိမ့်ထွက်ခြင်းပင်ဖြစ်သည်။ အဆိုပါ အဖုအပိမ့်များသည် ရင်ဘတ်၊ ကျောကုန်းနှင့် မျက်နှာတို့၌ စတင်ပေါ်ပေါက်ပြီး တစ်ပတ်အတွင်း၌ ခန္ဓာကိုယ်အနှံ့သို့ ပျံ့နှံ့သွားတတ်ပါသည်။ ၎င်းနောက် အနာဖေးကွာကာ အမာရွတ်ထင်ကျန်တတ်ပါသည်။

ကလေးငယ်များ၊ အသက်ကြီးသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ခုခံအားကျဆင်းနေသူများတွင် ပြင်းထန်နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အဆုတ်ရောင်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် သွေးဆိပ်တက်ခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

**ကူးစက်နိုင်သည့်နည်းလမ်းများ**
- ရေကျောက်ရောဂါဖြစ်ပွားနေသူ၏ အရည်ကြည်အဖုအပိမ့်၊ အသုံးအဆောင်ပစ္စည်းများနှင့် နှာရည်များကို တိုက်ရိုက်ထိတွေ့ကိုင်တွယ်မိခြင်း၊
- ရောဂါဖြစ်ပွားနေသူ ချောင်းဆိုးနှာချေခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊

**ကာကွယ်နိုင်သည့်နည်းလမ်းများ**
- ❖ တစ်ကိုယ်ရေသန့်ရှင်းမှုကို အထူးအလေးထားဆောင်ရွက်ရန်
- ❖ လက်ကိုစနစ်တကျ ဆေးကြောရန်
- ❖ ရောဂါဖြစ်ပွားသူအား အနာဖေးကွာကျသည်အထိ အိမ်၌ သီးခြားထားရှိ၍ ကုသမှုခံ ယူစေရန်
- ❖ လူထူထပ်သောနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်

**မိမိတွင် ရေကျောက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်ပြသ၍ ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကျောက်စရစ်နှင့် သဲ စံဈေးနှုန်းများ မကွေးမြို့၌ သတ်မှတ်ထား

**မကွေး ဧပြီ ၁၇**
မကွေးတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီက မကွေးမြို့အတွက် ကျောက်စရစ်နှင့် သဲစံဈေးနှုန်းများကို သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း ကော်မတီအတွင်းရေးမှူးဖြစ်သူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်လွင်ထံမှ သိရသည်။

ကျောက်စရစ်တစ်ကျင်းအတွက် ထုတ်လုပ်စရိတ် ငွေကျပ် ၁၆၀၀၀၊ တင်ဆောင်ခ ငွေကျပ် ၂၀၀၀၊ အခွန် ငွေကျပ် ၂၅၀၀ နှင့် အသားတင်အမြတ်တို့ကို ထည့်သွင်းတွက်ချက်ကာ ကျောက်စရစ်တစ်ကျင်းငွေကျပ် ၂၃၀၀၀ သတ်မှတ်ထားပြီး သဲတစ်ကျင်း ဈေးနှုန်းကိုလည်း ငွေကျပ် ၇၀၀၀ အဖြစ် မကွေးမြို့၌ သတ်မှတ်ထားသည်။

လုပ်ငန်းရှင်မှ တိုက်ရိုက်ပို့ဆောင်ရောင်းချသည်ဖြစ်စေ၊ အခြားတစ်ဆင့်ခံသယ်ယူပို့ဆောင်ရောင်းချသူက ရောင်းချသည်ဖြစ်စေ သတ်မှတ်စံဈေးနှုန်းတစ်ခုတည်းဖြစ်စေရန် ညွှန်ကြားထားကြောင်း၊ လုပ်ငန်းရှင်များ ဘက်မှ ဈေးနှုန်းချ၍ ရောင်းချခြင်းကြောင့် အခြား လုပ်ငန်းလုပ်ကိုင်သူများ၏ လုပ်ငန်းဆောင်တာများလည်း ရပ်တန့်မသွားစေရန် သင့်တင့်မျှတသော ဈေးနှုန်း သတ်မှတ်ရခြင်းဖြစ်ကြောင်း တိုင်းဦးစီးမှူးက ရှင်းပြ သည်။

ထုတ်လုပ်မှုဆိုင်ရာ လွယ်ကူမှု၊ ခက်ခဲမှုအလိုက် ဈေးနှုန်းကွာခြားချက်များ ရှိနေခြင်းကြောင့် တိုင်းဒေသ ကြီးအတွင်း တစ်ပြေးညီ ဈေးမဖြစ်နိုင်ကြောင်း၊ ပစ္စည်းတင်ဒါ ခေါ်ယူသည့်အခါတွင် အဆမတန်ဈေးနှုန်း တင် ခြင်းများ ရှိနေပြီး လုပ်ငန်းရှင်တစ်ဦးတစ်ယောက်က ဈေးနှုန်းထိန်းချုပ်ခြင်းမျိုးမဖြစ်စေရန်နှင့် လုပ်ငန်းရှင်များ၊ သုံးစွဲသူများ မျှတသော အကျိုးအမြတ်ကို ခံစားခွင့် ရရန် မြို့နယ်အသီးသီးတွင် ဖွဲ့စည်းထားသော ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ထိန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု (မကွေး)**

## မရမ်းကုန်း ပြည်လမ်း ကိုးမိုင်ကွေ့၌ ယာဉ်တိမ်းမှောက်၍ဒဏ်ရာရသူများအား လူနာတင်ယာဉ်ဖြင့် အချိန်မီကူညီ

**ရန်ကုန် ဧပြီ ၁၇**
ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်း မြို့နယ် ပြည်လမ်း ကိုးမိုင်ကွေ့၌အကြတ်နေ့တွင် သင်္ကြန်ရေပက်ခံထွက်သည့် ယာဉ်တိမ်းမှောက်သဖြင့် ဒဏ်ရာရရှိသူတို့ကို လူနာတင်ယာဉ်ဖြင့် မြောက်ဥက္ကလာဆေးရုံကြီးသို့ အချိန်မီတင်ပို့ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ကြယ်ဖြူ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ တာဝန်ခံ ဦးလွင်မောင်က "သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက် ညနေ ၅ နာရီခွဲလောက်က ပြည်လမ်း ကိုးမိုင်ကွေ့မှာ ယာဉ်တိမ်းမှောက်တယ်ဆိုလို့ အကြောင်းကြားလာတယ်။ ကျွန်တော်တို့က အစစ အရာရာ လုံခြုံရေး တာဝန်ရှိသူတွေကို ကူညီဖို့ မရမ်းကုန်း ၈ မိုင်လမ်းဆုံမှာ အခြေပြုထားပါတယ်။ ကျွန်တော်တို့ မြန်မာ့ကြယ်ဖြူ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့ရယ်၊ ရှင်သန်လူမှုအထောက်အကူပြုအဖွဲ့ရယ် အခင်းဖြစ်နေရာကို အချိန်မီရောက်ပါတယ်။ ဒဏ်ရာရလူနာတွေကို စမ်းသပ်စစ်ဆေးမှု ပြုလုပ်ပြီး ကျွန်တော်တို့ မြန်မာ့ကြယ်ဖြူ အရေးပေါ်အဖွဲ့က လူနာတင်ယာဉ်နဲ့ ခါးမှာ ထိခိုက်ဒဏ်ရာရသူ အသက် ၁၁နှစ်အရွယ် အမျိုးသမီးငယ် တစ်ဦးနဲ့ ရှင်သန်လူမှုကယ်ဆယ်ကူညီမှုအသင်းရဲ့အရေးပေါ် လူနာတင်ယာဉ်က ခါးအရိုးထိခိုက် ဒဏ်ရာရသူ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ကို မြောက်ဥက္ကလာပဆေးရုံကို အချိန်မီ အခမဲ့ကူညီ ပို့ဆောင်ပေးခဲ့ပါတယ်" ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## သင်္ကြန်ရုံးပိတ်ရက် မင်းဘူး(စကု)မြို့နယ် မန်းဆည်တော်အပန်းဖြေစခန်းတွင် လာရောက်အပန်းဖြေရေကစားကြသူများဖြင့် စည်ကား

**မင်းဘူး ဧပြီ ၁၇**
သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်၍ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ် အိုင်းမကျေးရွာအနီးရှိ မန်းဆည်တော် အပန်းဖြေစခန်းတွင် ယမန်နေ့က အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ ရေကစားကြသူများ အထူးစည်ကားလျက်ရှိနေကြောင်း ပြည်တွင်းဘုရားဖူး ခရီးသွားဧည့်သည်များထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ် အိုင်းမကျေးရွာအနီးရှိမန်းဆည်တော်အပန်းဖြေစခန်းသည် နှစ်စဉ်မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ စတင်သည်နှင့်တစ်ပြိုင်နက် ပြည်တွင်းဘုရားဖူးဧည့်သည်များ စိတ်ဝင်တစား လာရောက်အပန်းဖြေအနားယူသည့် နေရာတစ်ခုဖြစ်သည်။

**နားနေဆောင်များ စီစဉ်ထား**

"မန်းဆည်တော်အပန်းဖြေစခန်းဟာ အခုဆိုရင် တဖြည်းဖြည်းနဲ့ လူသိများလာပြီး နှစ်စဉ်အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးဧည့်သည်တွေ အများအပြား လာရောက်အပန်းဖြေ အနားယူကြပါတယ်။ ပြည်တွင်းဘုရားဖူးဧည့်သည်တွေဟာ မန်းရွှေစက်တော်ဘုရားကြီးကို ဦးခိုက်ဖူးမြော်ပြီးရင် ကျွန်တော်တို့ကျေးရွာအနီးက မန်းဆည်တော်အပန်းဖြေစခန်းကို လာရောက်အနားယူ ရေကစားကြပါတယ်။ မန်းချောင်းရေဟာ ကြည်လင်အေးမြပြီး ရေချိုးလို့လည်းကောင်း၊ ရေကစားလို့လည်းကောင်းတော့ ပြည်တွင်းဘုရားဖူးဧည့်သည်တွေ တော်တော်များများ လာရောက်ကြတယ်။ ဒါ့အပြင် မန်းဆည်တော်(မန်းချောင်း)နံဘေးမှာ နေပူဒဏ်ကိုကာကွယ်နိုင်တဲ့ ထန်းရွက်မိုး ယာယီနားနေဆောင်လေးတွေကို စီစဉ်ဆောင်ရွက်ပေးထားလို့ အပန်းဖြေအနားယူရင်း မန်းဆည်တော်အနီးက စားသောက်ဆိုင်မှာ စားသောက်ဖွယ်ရာတွေ မှာယူစားသုံးရင်း အေးအေးလူလူ နားနေနိုင်ပါတယ်။ အခုနှစ်နွေရာသီက အလွန်လည်းပူတော့ ပြည်တွင်းဘုရားဖူး ဧည့်သည်တွေအများစုက အေးအေးချမ်းချမ်း အနားယူအပန်းဖြေလို့ ကောင်းတဲ့နေရာတွေကို သွားရောက်လည်ပတ်ရတာကို ပိုပြီး နှစ်ခြိုက်သဘောကျပါတယ်" ဟု မန်းဆည်တော်အပန်းဖြေစခန်းတွင် စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချနေသည့် အိုင်းမကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**


မန်းဆည်တော်အပန်းဖြေစခန်း၌ ခရီးသွားများ အပန်းဖြေရေကစားနေကြစဉ်။

# မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြို့တော်မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်မှ ၁၃၈၁ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသောအချိန်အခါဝယ် ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို မန္တလေးမြို့တွင် အေးချမ်းစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

သံချပ်ပြိုင်ပွဲတွင် ပထမဆုရရှိသော အောင်မြေသာစံမြို့နယ် အောင်စံမောင်သံချပ်အဖွဲ့ကို ငွေကျပ် သိန်း ၃၀၊ ဒုတိယဆုရရှိသော မုံရွာမြို့ ဒေါင်းမျိုးဆက်အဖွဲ့အား ငွေကျပ်သိန်း ၂၀ နှင့် တတိယဆုရရှိသော မုံရွာမြို့ ကာဒိုင်းသံချပ်အဖွဲ့ကို ငွေကျပ် ၁၀ သိန်း၊ ယိမ်းအကပြိုင်ပွဲတွင် ပထမ ရရှိသော အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက်မှ ရွှေမြန်မာမလေးများအဖွဲ့အား ငွေကျပ် သိန်း ၂၀၊ ဒုတိယဆုရရှိသော မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ရဲမွန်ရတနာလုပ်ပျိုဖြိုအဖွဲ့ကို ငွေကျပ် ၁၅ သိန်း၊ တတိယဆုရရှိသော အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ရွှေပိတောက်ယိမ်းအဖွဲ့အား ငွေကျပ် ၁၂ သိန်း ဆုချီးမြှင့်ခဲ့သည်။

ထို့နောက် ပထမဆုရရှိသော အောင်စံမောင် သံချပ်အဖွဲ့များနှင့် ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေမြန်မာမလေးများအဖွဲ့တို့က ပြန်လည်ဖျော်ဖြေတင်ဆက်ခြင်းနှင့် နိုင်ငံကျော်တေးသံရှင်များက ဆက်လက်ညှော်ခံဖျော်ဖြေခဲ့ကြသည်။




ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဆုရရှိသော သံချပ်အဖွဲ့အား ဆုချီးမြှင့်နေစဉ်။

၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်နှင့် မန္တလေးမြို့တော်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နှစ်သစ်အကြို နှုတ်ခွန်းဆက်စကား ပြောကြားကာ ယိမ်းအကပြိုင်ပွဲနှင့် သံချပ်ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့သည်။

မန္တလေးမြို့တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြည်သူများ သင်္ကြန်ပွဲတော်ကာလအတွင်း အတက်နေ့ညပိုင်းအထိ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မန္တလေးမြို့တွင်(၂၀၁၉ ခုနှစ်) ၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကျုံးတောင်ဘက် ၂၆ လမ်းပေါ်တွင် ၆၆ လမ်းနှင့် ၇၈ လမ်းကြားတွင်လည်းကောင်း၊ ကျုံးအရှေ့ဘက် ၆၆ လမ်း၊ ၂၆ လမ်းမှ ၁၉ လမ်းအထိ တောသင်္ကြန် (အညာသင်္ကြန်)ပွဲတော်နှင့် ညဈေးတန်းကိုလည်းကောင်း၊ ကျုံးအနောက်ဘက် လမ်း ၈၀ ပေါ်တွင် သင်္ကြန်မဏ္ဍပ်ကြီးများ၊ ကျုံးမြောက်ဘက် ၁၂ လမ်းတွင် မိသားစုအလိုက် ရေကစားခြင်းများဖြင့် ကျုံးပတ်လည်တွင် စည်ကားလျက်ရှိပြီး ၆၂ လမ်းရှိ မနော်ရမ္မကွင်းတွင်လည်း တိုင်းရင်းသားသွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်ပွဲတော်ကို ကျင်းပခဲ့ရာ နေရာတိုင်းတွင် တိုး၍မပေါက်အောင် စည်ကားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**
**ဓာတ်ပုံ - မြင့်မော်ထွန်း**

# ထားဝယ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

**ထားဝယ် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ မြို့တော်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်မောင်နှင့် တိုင်းဒေသကြီး



မဟာသင်္ကြန်ပိတ်ပွဲ၌ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေနေစဉ်။

လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု သင်္ကြန်ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ အကဲဖြတ်ရေးဒိုင်အဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် ဇနီးတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ဂုဏ်ပြုတေးသီချင်းရေးစပ်သူ နွေအလှ ဦးသန်းစိန် (ဂီတမာလာ-မောင်သက်နောင်)အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ဖျော်ဖြေရေးယိမ်းအဖွဲ့များကို ဂုဏ်ပြုဆုချီးမြှင့်ပြီး အထူးဆုရယိမ်းအဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင် နှစ်ဦးကို ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးကြည်စိုးက ဌာနဆိုင်ရာယိမ်းအဖွဲ့များတွင် တတိယဆုရရှိသော နွေဦးအတာ စည်ပင်သာယာ ယိမ်းအဖွဲ့ကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဒုတိယဆု ရရှိသော ထွေအုပ်အားမာန်အတာသင်္ကြန် ယိမ်းအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်မောင်က ပထမဆုရရှိသော တက္ကသိုလ် ပိတောက်မေ ယိမ်းအဖွဲ့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ယိမ်းအဖွဲ့များတွင် တတိယဆုရရှိသော "ဖူးပွင့်ဝေစည်ပိတောက်ရွှေရည်" ယိမ်းအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဒုတိယဆုရရှိသော ဖူးပွင့်ဝေဆာပိတောက်ဝါ ယိမ်းအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်မောင်က ပထမဆုရရှိသော ပိတောက်ဒေဝီ ယိမ်းအဖွဲ့အားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဆုရရှိသော ယိမ်းအဖွဲ့အား ဆုချီးမြှင့်နေစဉ်။

# မော်လမြိုင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် မေ ၁၇**

မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဇနီး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ယိမ်းအကအဖွဲ့များနှင့် မြို့နေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မော်လမြိုင်မြို့ရှိ မဏ္ဍပ်များကို ဆုချီးမြှင့်ရာ ပထမဆုရ အမှတ်(၁) ဈေးမဏ္ဍပ်၊ ဒုတိယဆုရ အမှတ်(၅၂၅) ထောက်ပို့ မဏ္ဍပ်၊ တတိယ ဆုရ နွေဦးကဗျာမဏ္ဍပ်နှင့် ဂုဏ်ပြုဆုရမဏ္ဍပ်တို့အား ပြည်နယ်ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ပြီး ပထမဆုရ ရှင်စောပုယိမ်းအဖွဲ့၊ ဒုတိယဆုရ ဆုရွှေဝါဖူးယိမ်းအဖွဲ့၊ တတိယဆုရ ပိတောက်ခိုင်ဝါယိမ်းအဖွဲ့နှင့် ဂုဏ်ပြုဆုရယိမ်း ၁၃ ဖွဲ့တို့အား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် ပြည်နယ်ဝန်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်္ကြန်ယိမ်းအကအဖွဲ့များက ပြန်ဆုံပါရစေ သင်္ကြန်တေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြပြီး တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်တို့ကို ငွေဖလားကိုင် လုပျိုဖြိုလေးများက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းမြို့တော် မြန်မာ့ရိုးရာသင်္ကြန်ဗဟိုမဏ္ဍပ်၌ အတာရေသဘင်ပွဲပါဝင်ဆင်နွှဲ

**စစ်ကိုင်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး ဒေါ်တင့်တင့်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့က စစ်ကိုင်းမြို့တော် မြန်မာ့ရိုးရာသင်္ကြန် ဗဟိုမဏ္ဍပ်၌ လာရောက်ကာ အတာရေသဘင်ပွဲ ပါဝင်ဆင်နွှဲအားပေးချီးမြှင့်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား စစ်ကိုင်းမြို့ ဗဟိုမဏ္ဍပ်မှ ယိမ်းအဖွဲ့ လုပျိုဖြိုလေးများက လည်းကောင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ယိမ်းအဖွဲ့ လုပျိုဖြိုလေးများကလည်းကောင်း၊ နိုင်ငံကျော်တေးသံရှင်များက သင်္ကြန်တေးသီချင်းများနှင့် အပြန်အလှန် သီဆိုကပြ ဖျော်ဖြေညှော်ခံခဲ့ကြပြီး တိုင်းဒေသကြီးမှ စစ်ကိုင်းမြို့တော် ဗဟိုမဏ္ဍပ်အား ဂုဏ်ပြုချီးမြှင့်ငွေကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ယိမ်းအဖွဲ့များမှ လက်ခံယူခဲ့ကြသည်။



ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က နိုင်ငံကျော် တေးသံရှင်များနှင့်အတူ စင်မြင့်ထက်၌ မန်းတောင်ရိပ်ခိုသီချင်းဖြင့် တန်ခူးအတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး**

# ပို့ကုန်အမယ်သစ် လျှော်ဖြူအကြောင်း တစေ့တစောင်း

မေယု - မျိုးအောင် (MANA)

**ကမ္ဘာပေါ်တွင် လျှော်ဖြူစေးကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်ကတည်းက စတင်အသုံးပြုခဲ့ပြီး ၂၀ ရာစုအစောပိုင်းတွင်မူ tragacanth gum တွင် အစားထိုးအသုံးပြုလာမှုကြောင့် လျှော်ဖြူစေး၏ အသုံးပြုမှုမှာ စတင်ကျယ်ပြန့်လာခဲ့သည်။ လျှော်ဖြူစေးတွင် tragacanth gum ထက် ပိုမိုအသုံးဝင်သော ဓာတုဂုဏ်သတ္တိများ ပိုင်ဆိုင်သည်။ ၁၉၁၁ ခုနှစ်ကတည်းက လျှော်ဖြူစေးကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) က ဖြည့်စွက်စာအဖြစ် E-416 ဖြင့် အသိအမှတ်ပြုခဲ့သည်။**

လျှော်ဖြူပင်၏ မူရင်းဒေသမှာ အိန္ဒိယ၊ မြန်မာနှင့်သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး အခြားစိုက်ပျိုးသော နိုင်ငံများမှာ ဆီနီဂေါ၊ ပါကစ္စတန်၊ ဆူဒန်၊ ဩစတြေးလျ၊ ပနားမား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် လျှော်ဖြူစေးထွက်ရှိမှုပမာဏသည် နှစ်စဉ်တန်ချိန် ၅၅၀၀ ခန့်ဖြစ်ပြီး ကမ္ဘာ့လိုအပ်ချက်၏ သုံးပုံတစ်ပုံသာ ထွက်ရှိကြောင်း သိရသည်။ လျှော်ဖြူစိုက်ပျိုးသော နိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လျှော်ဖြူစေးထွက်ရှိမှု အများဆုံးနှင့် တင်ပို့မှုအများဆုံးဖြစ်သည်။

**ပြည်ပမှ လျှော်ဖြူဝယ်ယူ**

ဂျပန်နိုင်ငံက မြန်မာနိုင်ငံထွက် လျှော်ဖြူ ၂၅ တန်ကို ယခုနှစ်ဇွန်လမှစ၍ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ဝယ်ယူမည်ဖြစ်ပြီး နှစ်ဖက်သဘောတူစာချုပ်ကို မတ် ၉ ရက်က မြိုင်မြို့နယ်မြို့တင်ကျေးရွာတွင် Enishi Co., Ltd . Japan နှင့် မြန်မာ့ရွှေဖြူကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည်။

နှစ်ဖက်သဘောတူစာချုပ်ရာတွင် Enishi ကုမ္ပဏီလီမိတက်မှ မြန်မာ့ရွှေဖြူကုမ္ပဏီလီမိတက်ထံသို့ ဝယ်ယူရန်ကမ်းလှမ်းသည့် ကုန်ပစ္စည်းသည် မြန်မာ့လျှော်ဖြူခေါ် ဆေးကုလားမ ဖြစ်သည်။ ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချရာတွင် လျှော်ဖြူခေါ် ဆေးကုလားမ အစေးများသာ ဖြစ်ရမည်။ အခြားသော အစေးများနှင့် ရောနှောခြင်းမပြုရ။ ကုန်ချောအဖြစ် အမှုန့်ပြုလုပ်ရာတွင်လည်း ရာနှုန်းပြည့် ဆေးကုလားမအမှုန့်များသာ ဖြစ်ရမည်။ ဝယ်ယူသည့် လျှော်ဖြူခေါ် ဆေးကုလားမအစေးတို့သည် စားသောက်ကုန်မျိုးစုံအတွက် ရည်ရွယ်သောကြောင့် ဓာတုဆေးနှင့် ဓာတုဓာတ်မြေဩဇာ သုံးနှုန်းမထားဘဲ သဘာဝလျှောက် ဓာတုဓာတ်ကြွင်းကင်းမဲ့သော အော်ဂဲနစ်မြေဩဇာများသုံးကာ စိုက်ပျိုးထားသောခြံ သို့မဟုတ် စိုက်ခင်းတို့မှ ဝယ်ယူမည်ဖြစ်ပြီး လျှော်ဖြူ ခေါ် ဆေးကုလားမ ထုတ်ရာတွင်လည်း မည်သည့်ဓာတုဆေးဝါးမျှ အသုံးမပြုဘဲ သဘာဝအလျောက် ထုတ်လုပ်ထွက်ရှိသော အစေးများကိုလည်း ဝယ်ယူမည် စသည့်အချက်များပါဝင်ကြောင်း သိရသည်။

လျှော်ဖြူပင်သည် အပင်သက်တမ်းသုံးနှစ်မှ လေးနှစ်ခန့် လုံးပတ် ၂၅ လက်မမှ ၂၇ လက်မအရွယ်တွင် စတင်အစေးထုတ်နိုင်ပြီး အပင်သက်တမ်းရှစ်နှစ်မှ ၁၀ နှစ်သားတွင် အထွက်အများဆုံးဖြစ်ကာ မြန်မာနိုင်ငံတွင် တောင်တန်းများပေါ်၌ အခြားသစ်ပင်များနှင့်အတူ အလေ့ကျပေါက်လေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် လျှော်ဖြူစေးခေါ် ဆေးကုလားမကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၀၀ နှုန်းဖြင့် ၀ ဒသမ ၅၂၅ တန်ကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။

**လျှော်ဖြူကို စိုက်ပျိုးလာ**

မြန်မာနိုင်ငံလူတန်းစား အများစုရှိသော ကျေးလက်ဒေသနေတောင်သူလယ်သမားပြည်သူများ စီးပွားဖြစ်ထွန်းလျှင် နိုင်ငံတော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရာရောက်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင်မူ ဆန်စပါး၊ ပဲအမျိုးမျိုးနှင့်ရေမြေဒေသအလိုက် သနပ်ခါး၊ ဆီထွက်သီးနှံများ အစရှိသဖြင့် ဈေးကွက် ဝင်ထွက် ကုန်သီးနှံများအပါအဝင် ဆယ်စုနှစ်များစွာရှိနေခဲ့ပြီး အကျိုးဖြစ်ထွန်းမှုများစွာ ရှိနေပြီးဖြစ်သည်။ မကြာသေးခင်နှစ်များမှစ၍ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အမယ်သစ်စိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သည့် လျှော်ဖြူကို မြန်မာနိုင်ငံဒေသ အနှံ့အပြားတွင် စိုက်ပျိုးလာခဲ့ကြသည်။

လျှော်ဖြူပင်သည် အပူပိုင်းဒေသမြေနိမ့်လွင်ပြင်များတွင် ကောင်းစွာဖြစ်ထွန်းနိုင်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၄၅၀၀ အထိလည်း စိုက်ပျိုးနိုင်ပေသည်။ အပူချိန် ၆၀ ဒီဂရီ ဖာရင်ဟိုက် (၁၆ ဒီဂရီစင်တီဂရိတ်)မှ ၉၀ ဒီဂရီ ဖာရင်ဟိုက် (၃၂ ဒီဂရီစင်တီဂရိတ်)အတွင်း ကောင်းစွာဖြစ်ထွန်းပြီး ပျမ်းမျှမိုးရေချိန် ၄၄ လက်မမှ ၇၂ လက်မအတွင်း ကောင်းစွာဖြစ်ထွန်း ပေါက် ရောက်နိုင်သည်။ မြေချဉ်ငန်ဓာတ် PH6 မှ PH7.5 အတွင်း အကောင်းဆုံး ဖြစ်ထွန်းသည်။ လျှော်ဖြူပင်သည် အပင်ဖြစ်ထွန်းရန်အတွက် ခက်ခဲမှုမရှိသော်လည်း အဓိကမိတ်ဖက်ရာသီဥတုမှာ ပူအိုက်စွတ်စိုသော ရာသီဥတုပင်ဖြစ်သည်။

မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးစသည့် ဒေသများတွင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရန် အထူးသင့်တော်ကြောင်း တွေ့ရှိရသည်။ ယခင်က အလေ့ကျပေါက်သော အပင်များမှအစေးများထုတ်ယူခဲ့သော်လည်း ယခုအခါ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိလာသောအခါ စိုက်ခင်းများအဖြစ် စနစ်တကျစိုက်ပျိုးလာကာ အစေးများ ထုတ်ယူလျက်ရှိနေကြသည်။ ဈေးနှုန်းမှာလည်း အထူးကောင်းမွန်သဖြင့် တောင်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းကာ လူမှုဘဝသာယာဝပြောစေမည့် နှစ်ရှည်ပင်တစ်မျိုးဖြစ်သည်။ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဒေသအလိုက် အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်နေကြပြီဖြစ်သည်။

**လျှော်ဖြူပင်အသုံးဝင်မှု**

ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သော စက်ရုံများ၌ ထုံးကျောက်များ၊ သတ္တုများဖယ်ရှားရာတွင် drilling fluid အဖြစ်၎င်း၊ ဓာတုပစ္စည်းများနှင့် ရေများရောနှောနေမှုကို ဖော်ပြခြင်းတွင် လျှော်ဖြူစေးကို အသုံးပြုသည်။ စက္ကူစက်ရုံများတွင်လည်း အရည်အသွေးကောင်းမွန်ပြီး ပေါ့ပါးခိုင်ခံ့သောစက္ကူများ ထုတ်လုပ်နိုင်ရန်လည်း လျှော်ဖြူစေးကို အသုံးပြုကြသည်။ သားရေစက်ရုံများတွင်လည်း လျှော်ဖြူစေးကို အသုံးပြုကြပြီး အဝတ်အစားချုပ်လုပ်ရာတွင်လည်းကောင်း၊ အဝတ်အစားဆိုးဆေးတွင်လည်းကောင်း ရောနှောပစ္စည်းအဖြစ် အသုံးပြုကြသည်။ ချည်ထည်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများတွင် ပေါင်းစပ်ပစ္စည်းအဖြစ် လျှော်ဖြူစေးအမှုန့်ကို အသုံးပြုကြသည်။

ဆံပင်ဆိုးဆေးများ၊ hair gel များ၊ body lotion များ၊ လက်သည်းဆိုးဆေးများနှင့် အလှကုန်ပစ္စည်းများတွင် လျှော်ဖြူစေးကို အသုံးပြုကြသည်။

သစ်သီးဖျော်ရည်များတွင် လျှော်ဖြူစေးကို ထည့်သွင်းအသုံးပြုခြင်းဖြင့် သစ်သီးဖျော်ရည်၏ အရသာကို ပိုမိုကောင်းမွန်စေသည်။ ရေခဲမုန့်၊ ရွှေရင်အေး၊ ဖာလူဒါစသည့် ရိုးရာစားသောက်ကုန်များတွင်လည်း သုံးစွဲကြသည်။ ရေဆူဖျော်မှုန့်၊ ရေခဲမုန့်၊ ရေခဲချောင်းများ ပြုလုပ်ရာတွင်လည်း အရသာ၊ အနံ့၊ အရောင်အဆင်း၊ အသွင်အပြင် ကောင်းမွန်စေရန် ဖြည့်စွက်စာအဖြစ်လည်းကောင်း၊ နို့နှင့်နို့ထွက် ရေစုပ်ယူရန်အတွက်သော် လည်းကောင်း၊ ထုပ်ပိုးပြုပြင်ရာတွင် ပါဝင်ပစ္စည်းအဖြစ်သော်လည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင်များ၊ မဆလာများ၊ အချဉ်ရည်များ၊ ဆားရည်စိမ်များတွင်လည်းကောင်း၊ ဘီစကစ်များ၊ ပေါင်မုန့်များနှင့် ကိတ်မုန့်ကဲ့သို့သော မုန့်များတွင်လည်းကောင်း လျှော်ဖြူ စေးပါဝင်မှုကြောင့် မုန့်များသည် နူးညံ့ခြင်း၊ အရသာနှင့်အနံ့ ပိုမိုကောင်းမွန်ခြင်း၊ အသွင်အပြင် ကောင်းမွန်စေခြင်းတို့ကို ဖြစ်စေခြင်းကြောင့် အသုံးပြုကြသည်။



မင်းဘူးမြို့ရှိ လျှော်ဖြူစိုက်ခင်းတစ်ခင်းကို တွေ့ရစဉ်။ ဓာတ်ပုံ - မေသူလွင်(မကွေး)

> “ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးစသည့် ဒေသများတွင် လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်ရန် အထူးသင့်တော်ကြောင်း တွေ့ရှိရသည်။ ယခင်က အလေ့ကျပေါက်သော အပင်များမှအစေးများထုတ်ယူခဲ့သော်လည်း ယခုအခါ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိလာသောအခါ စိုက်ခင်းများအဖြစ် စနစ်တကျစိုက်ပျိုးလာကာ အစေးများ ထုတ်ယူလျက်ရှိနေကြသည်။ ဈေးနှုန်းမှာလည်း အထူးကောင်းမွန်သဖြင့် တောင်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းကာ လူမှုဘဝသာယာဝပြောစေမည့် နှစ်ရှည်ပင်တစ်မျိုးဖြစ် ”

လျှော်ဖြူပင်မှ ထုတ်ယူရရှိသော လျှော်ဖြူစေးသည် ရေကို အဆများစွာ စုပ်ယူ၍ ပွစေနိုင်ခြင်း၊ ရေနှင့်ပေါင်းစပ်၍ နူးညံ့ပျော့ပျောင်းသောဂျယ်အဖြစ် ပုံစံအမျိုးမျိုး ပြောင်းလဲစေနိုင်ခြင်း၊ ကော်ကပ်နိုင်စွမ်းရှိခြင်း၊ အက်စစ်ပျော့များနှင့် အဏုဇီဝပိုးများ၏ ခြေဖျက်တိုက်စားမှုဒဏ်ကို ခံနိုင်ရည်ရှိခြင်းစသည့် ဂုဏ်သတ္တိများကို ပိုင်ဆိုင်သည်။ လျှော်ဖြူစေးသည် ၎င်း၏ အလေးချိန်၏ အဆ ၆၀ မှ ၁၀၀ အထိ ရေကိုစုပ်ယူနိုင်သည်။ လျှော်ဖြူးစေးတွင် ကယ်ဆီယမ်၊ ဇင့်၊ နိုက်ထရိုဂျင်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ သံဓာတ်နှင့် သကြားဓာတ်များတွင် ပါဝင်သည်။ လျှော်ဖြူစေးတွင် ခန္ဓာကိုယ်အတွက် အရိုးတစ်သျှူးများ ဖွဲ့စည်းရာတွင် လိုအပ်သော မဂ္ဂနီဆီယမ်ပါဝင်မှုသည် နို့တွင်ပါဝင်မှုထက် အဆ ၂၀ ပိုများကြောင်း သုတေသနပြုလုပ်မှုများအရ သိရသည်။

လျှော်ဖြူစေး (ခ) ဆေးကုလားမသည် အပူဒဏ်ကို သက်သာစေသည့် အစွမ်းသတ္တိများစွာ ရှိပါသည်။ နွေရာသီတွင် ဆေးကုလားမ ဖျော်ရည်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူဒဏ်သက်သာစေပြီး အေးမြစေပါသည်။ အပူရှပ်ခြင်းမဖြစ်အောင် ကာကွယ်ပေးပြီး ပူလွန်းသည့်ရာသီ၌ ကလေးများတွင် အဖြစ်များသော နှာခေါင်းသွေးလျှံခြင်းတို့ကိုလည်း သက်သာစေသည်။

ဆေးကုလားမသည် ဆီးမထိန်းနိုင်ခြင်းကို သက်သာစေသော အကောင်းဆုံးဆေးတစ်လက်ဖြစ်သည့်အပြင် ဆီးလမ်းကြောင်းတစ်လျှောက်တွင်ရှိသော ကြွက်သားများကို ပြေလျော့အောင် လုပ်ဆောင်ရာတွင် အထောက်အကူပြုပြီး ဆီးမထိန်းနိုင်ခြင်းကို သက်သာစေသည်။

ဝမ်းနုတ်ဆေးများ၊ ဝမ်းချုပ်ဆေးများ၊ သွားနှင့်ခံတွင်းသုံးဆေးများ၊ ထိခိုက်ဒဏ်ရာများအတွက် အရေပြားလိမ်းဆေးများတွင် လျှော်ဖြူဆေးကို အသုံးပြုကြသည်။ လျှော်ဖြူစေးသည် ကော်ကဲ့သို့စေးကပ်နိုင်သော ဂုဏ်သတ္တိရှိသောကြောင့် သွားဖာခြင်း၊ သွားစိုက်ခြင်းနှင့် ဆေးပတ်တီးများ၊ ဆေးပလာစတာများ ပြုလုပ်ရာတွင် အသုံးပြုကြသည်။ အဓိကအသုံးပြုသော ဆေးပစ္စည်းအမျိုးအစားတစ်ခုမှာ အစာအိမ်နှင့်အူလမ်းကြောင်းသုံး ဆေးပစ္စည်းများဖြစ်သည်။

ဆေးကုလားမသည် အရေပြားအတွက် အကျိုးကျေးဇူးရှိသကဲ့သို့ အလှအပအတွက်လည်း အကျိုးပြုသည်။ ဆေးကုလားမတွင် အိုမင်းမှုကို တိုက်ဖျက်ပေးသော အစွမ်းသတ္တိများရှိသည်။ မျက်နှာများတွင် အရွယ်မတိုင်ခင် အရေးအကြောင်းများမဖြစ်အောင် လုပ်ဆောင်ပေးပြီး ခန္ဓာကိုယ်ကိုလည်း သွယ်လျလှပစေသည်။ ဆေးကုလားမတွင် ဝမ်းပျော့စေသော အာနိသင်ရှိသောကြောင့် ဝမ်းချုပ်ခြင်းကို သက်သာစေသည်။

လျှော်ဖြူအစေ့မှ အဆီကို ဆပ်ပြာထုတ်လုပ်ရာတွင်လည်းကောင်း၊ အခေါက်မှ လျှော်ထုတ်ယူ၍ ကြိုးအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ကမ္ဘာပေါ်တွင် လျှော်ဖြူစေးထွက်ရှိမှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို အစားအစာများတွင် အသုံးပြုကာ ကျန်ပမာဏကို ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်ကို လေ့လာသိရှိရသည်။ စားသောက်ကုန်များတွင် အဖြူရောင်မှ မီးခိုးဖျော့ရောင် လျှော်ဖြူစေးများကို အသုံးပြုကြပြီး ဆေးဝါးများတွင် ကြည်လင်သန့်စင်သော လျှော်ဖြူစေးများကို အသုံးပြုကြသည်။

တောင်သူများ မိသားစုအလိုက် ဝင်ငွေပိုမိုတိုးတက်ရရှိရေးအတွက် နှစ်ရှည်သီးနှံပင်ဖြစ်သော လျှော်ဖြူပင် (ခေါ်) ဆေးကုလားမပင် စိုက်ပျိုးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

## သုံးခွ၌ ဇီဝိတဒါန ငါးလွှတ်

**သုံးခွ ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက်က တကောကျေးရွာ ရေထိန်းတံခါး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တကောကျေးရွာ ရပ်မိရပ်ဖများ စုပေါင်း၍ ငါးမြစ်ချင်းကောင်ရေ ၁၂၅၀၀ အား ရေထိန်းတံခါးအတွင်းသို့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

# အကြားအာရုံမသန်စွမ်းသူများနှင့် သတင်းအချက်အလက်ရပိုင်ခွင့်

ဒေါက်တာခိုင်ခိုင်ဝင်း

### အကြားအာရုံ မသန်စွမ်းသူများ

မြန်မာနိုင်ငံ၏ မသန်စွမ်းမှု အမျိုးအစားသတ်မှတ်ချက် လေးမျိုးထဲတွင် အကြားအာရုံမသန်စွမ်းခြင်းကိုလည်း မသန်စွမ်းအမျိုးအစားတစ်ခုအဖြစ် သတ်မှတ်ထားသည်။ မသန်စွမ်းမှုသည် အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး ဖြစ်နိုင်သည့်အတွက် နေရာတိုင်းတွင် မသန်စွမ်းသူများ ရှိနေသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုအရ မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်သည်ဟု ဆိုပါသည်။ ယင်းတို့အနက်မှ ၁ ဒသမ ၃ ရာခိုင်နှုန်းသည် အကြားအာရုံမသန်စွမ်းသူများ တစ်နည်းအားဖြင့် ခြောက်သိန်းကျော်သော လူဦးရေသည် နားမကြားသူများဖြစ်သည်။

မသန်စွမ်းသူများသည်လည်း မသန်စွမ်းမဟုတ်သူများနည်းတူ မွေးရာပါဂုဏ်သိက္ခာရှိကြသူများဖြစ်သကဲ့သို့ အခွင့်အရေးလည်း ညီမျှစွာ ရရှိခွင့်ရှိသူများဖြစ်သည်။ မသန်စွမ်းမဟုတ်သူများနည်းတူ သတင်းအချက်အလက်များကို ရရှိခွင့်ရှိသူများလည်းဖြစ်သည်။ အကြားအာရုံမသန်စွမ်းသူများဖြစ်စေကာမူ လူသားတစ်ယောက်၊ နိုင်ငံသားတစ်ယောက်ဖြစ်သည့်အတွက် လူ့အခွင့်အရေး၊ နိုင်ငံသား အခွင့်အရေးများကိုလည်း သာမန် သန်စွမ်းသည့်လူများနည်းတူ တစ်ပြေးညီ ရရှိခွင့်ရှိသူများ ဖြစ်သည်။

### သတင်းအချက်အလက်ရရှိမှု

မြန်မာနိုင်ငံ၌ အကြားအာရုံ မသန်စွမ်းသူများအတွက် သတင်းအချက်အလက် ရရှိမှုသည် ပြီးခဲ့သည့် ဆယ်စုနှစ်များနှင့် နှိုင်းယှဉ်ကြည့်ပါက တိုးတက်မှုရှိလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ လက်ကိုင်ဖုန်းများပေါ်များလာခြင်းနှင့် အင်တာနက်အသုံးပြုနိုင်မှုတို့ကြောင့် သတင်းအချက်အလက်လက်လှမ်းမီရရှိနိုင်ခြင်းနှင့် ညအချိန် ၈ နာရီသတင်းတွင် လက်သင်္ကေတပြ ဘာသာစကားဖြင့် သတင်းထုတ်လွှင့်ပေးခြင်းများ ရှိလာခြင်းတို့ကြောင့်ဖြစ်သည်။ သို့သော်လည်း တစ်ဖက်တွင် အခက်အခဲအတားအဆီးများလည်း ရှိနေသည်။ အဓိက အခက်အခဲအတားအဆီးများမှာ ရုပ်ပိုင်းဆိုင်ရာ (သို့) နည်းပညာပိုင်းဆိုင်ရာ အတားအဆီးများ (Physical/ Technology Barrier)၊ သဘောထားခံယူချက် အတားအဆီးများ (Attitudinal Barrier)နှင့် မူဝါဒဆိုင်ရာ အတားအဆီးများ(Policy Barrier)များ ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂမသန်စွမ်းအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (United Nations Convention on the Rights of People with Disability, UNCRPD) ၏ စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ်ကပင် လက်မှတ်ရေးထိုးအတည်ပြု ပါဝင်ခဲ့ပြီးဖြစ်ပါသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအတွင်းရှိ မသန်စွမ်းသူများအတွက် မသန်စွမ်းအခွင့်အရေးများကို စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွင့်အရေးများခံစားရရှိနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် တာဝန်ရှိပါသည်။

မသန်စွမ်းသူများ သတင်းအချက်အလက် ရပိုင်ခွင့်နှင့် စပ်လျဉ်းပြီး အဆိုပါစာချုပ် အပိုဒ် (၁၇)တွင် လည်းကောင်း၊ မြန်မာနိုင်ငံ၏ အထူးဥပဒေတစ်ခုဖြစ်သော မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ ပုဒ်မ ၃ (က) နှင့် (စ)၊ ပုဒ်မ ၇(ဈ) နှင့် (ည) တို့တွင်လည်းကောင်း ဖော်ပြထားသလို ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၁၉)တွင်လည်း လူတိုင်း သတင်းအချက်အလက်များရယူခွင့်ရှိသည်ဟု ဆိုထားပြန်ရာ လူသားများဖြစ်သည့် အကြားအာရုံမသန်စွမ်းသူများသည်လည်း သန်စွမ်းသူများနည်းတူ သတင်းအချက်အလက်များ ရယူခံစားခွင့်ရှိသူများဖြစ်ပါသည်။

### အခက်အခဲ စိန်ခေါ်မှုများ

မြန်မာနိုင်ငံအတွင်းရှိ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်ရပိုင်ခွင့်အခြေအနေများ၊ စိန်ခေါ်မှုများကို လေ့လာဆန်းစစ်ကြည့်ရာ အကြားအာရုံ မသန်စွမ်းသူများ တစ်နည်းအားဖြင့် နားမကြားသူများ အသုံးပြုသည့် လက်သင်္ကေတဘာသာ (Sign Language) အမျိုးမျိုးအကြောင်းနှင့် နားမကြားသူများ၏ သတင်းအချက် အလက်ရယူရေးတွင် ကြုံတွေ့ရသည့် အခက်အခဲ စိန်ခေါ်မှုများကိုလည်း သိရှိခဲ့ရသလို အဓိကအခက်အခဲမှာ ဘာသာ စကားဆိုင်ရာ အတားအဆီးဖြစ်ကြောင်း လေ့လာသိရှိရသည်။

### လက်သင်္ကေတ ငါးမျိုး

မြန်မာနိုင်ငံအတွင်း အကြားအာရုံ မသန်စွမ်းသူများ အသုံးပြုသည့် လက်သင်္ကေတ ငါးမျိုးရှိသည်။ ယင်းတို့မှာ (၁) Home Sign ဟုခေါ်သည့် အိမ်တွင်းမိသားစုအချင်းချင်း ဆက်သွယ်ရာတွင်သာ သုံးသည့် ကိုယ်ပိုင်သုံး လက်သင်္ကေတ၊ (၂) Yangon Sign Language ဟု ဆိုကြသည့် ၁၉၂၀ ခုနှစ်ဝန်းကျင် မေရီချက်ပ်မင်း နားမကြားကျောင်း စတင်တည်ထောင်ခဲ့စဉ်ကတည်းက သုံးခဲ့သည့် လက်သင်္ကေတ (၃) Mandalay Sign Language ဟုဆိုကြသည့် ၁၉၆၂ ဝန်းကျင် မန္တလေး ဒိုင်အိုသံတဲကျောင်းမှ စတင်ခဲ့သည့် လက်သင်္ကေတ၊ (၄)Yangon Sign Language နှင့် Mandalay Sign Language တို့ကို အခြေခံပြီး ၂၀၀၇-၂၀၀၈ ပတ်ဝန်းကျင်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင် ဆောင်ရွက်မှုဖြင့် JICA နှင့် ပူးပေါင်းဖော်ထုတ်ခဲ့သည့် မြန်မာစံ လက်သင်္ကေတဘာသာစကား (Standardized Sign Language) နှင့် (၅) Yangon Sign Language အများစု၊ Mandalay Sign Language နှင့် Home Sign တို့ကို အခြေခံ ရောထွေးသုံးနေသည့် ကလေး Sign Language စသည့် လက်သင်္ကေတဘာသာစကား ငါးမျိုး ရှိကြောင်း လေ့လာသိရှိရပါသည်။

### သဒ္ဒါဖွဲ့စည်းပုံ အခက်အခဲ

အဓိက အခက်အခဲ စိန်ခေါ်မှုမှာ မြန်မာစာအရေးအသား သဒ္ဒါဖွဲ့စည်းပုံနှင့် Sign Language တို့၏ သဒ္ဒါဖွဲ့စည်းပုံ မတူညီခြင်းပင်ဖြစ်သည်။ နားမကြားသူအချင်းချင်းအကြား သုံးစွဲသည့် Sign Language မတူညီစေကာမူ Sign Language ၏ အခြေခံသဒ္ဒါဟု ဆိုကြသည့် Non manual Makers(NMM) တူညီသည့်အတွက် အချင်းချင်း ဆက်သွယ်ပြောဆိုရာတွင် အခက်အခဲသိပ်မရှိသော်လည်း နားမကြား ကျောင်းများရှိ နားကြားသူ ဆရာ/ဆရာမများနှင့် Sign Language Supporter များအတွက် ရှုပ်ထွေးမှုများနှင့် လေ့လာရာတွင် အခက်အခဲများရှိကြောင်း သိရှိရပါသည်။

နားကြားသူများအတွက် မြန်မာစာသည် ၎င်းတို့၏ မိခင်ဘာသာ စကားဖြစ်သော်လည်း နားမကြားသူများအတွက်မူ Sign Language သည် မိခင်ဘာသာစကား ဖြစ်ပါသည်။ ယနေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနေသည့် Sign Language ပြသနေသူများသည် နားကြားသူများဖြစ်ပြီး မြန်မာစံ လက်သင်္ကေတဘာသာစကား (Standardized Sign Language)ကို အသုံးပြုပြသနေခြင်းဟု သိရှိရသည်။

### ရုပ်မြင်သံကြားမှ လက်သင်္ကေတပြ ဘာသာစကား

မြန်မာနိုင်ငံတွင် နားမကြားသူများ သတင်းအချက်အလက် ရရှိရေးအတွက် ၂၀၁၄ ခုနှစ်နှောင်းပိုင်းမှ စတင်ပြီး နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကားဖြင့် နိုင်ငံပိုင်ရုပ်သံဌာနတစ်ခုဖြစ်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညပိုင်း ၈ နာရီ သတင်းအစီအစဉ်၊ MNTV ၏ စနေ၊ တနင်္ဂနွေတွင် ထုတ်လွှင့်သော တစ်ပတ်အတွင်းသတင်း (အနှစ်ချုပ်)အစီအစဉ်၊ DVB ရုပ်သံလိုင်းတွင် စီစဉ်ထုတ်လွှင့်ပြသနေခြင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး မဲပေးပုံနည်းစနစ်တို့ကို လက်သင်္ကေတပြ ဘာသာစကားဖြင့် ထုတ်လွှင့်ပေးခဲ့ခြင်း၊ SEA Games တွင်ပါ ထုတ်လွှင့်ပေးနိုင်ခဲ့ခြင်းတို့သည် နားမကြားသူများ တစ်နည်းအားဖြင့် အကြားအာရုံ မသန်စွမ်းသူများအတွက် သတင်းအချက်အလက်ရယူခွင့်ဆိုသည့် အခွင့်အရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့် နိုင်ငံတော်၏ ကြိုးပမ်းချက်များ ဖြစ်ပါသည်။

သို့သော်လည်း အထက်တွင်ဆိုခဲ့သလို မြန်မာနိုင်ငံအတွင်း ကျင့်သုံးနေသည့် လက်သင်္ကေတပြ ဘာသာစကားမှာ အမျိုးမျိုးကွဲလွဲနေခြင်း၊ မြန်မာသဒ္ဒါမှ လက်သင်္ကေတပြဘာသာစကား သဒ္ဒါသို့ ဘာသာပြန်ဆိုမှုအပိုင်း အားနည်းခြင်း ( တစ်နည်းအားဖြင့် SL ဘာသာစကားကျွမ်းကျင်မှု လိုအပ်နေသေးခြင်း) မြန်မာစံ လက်သင်္ကေတပြဘာသာရပ်အတွက် ဝေါဟာရများ နည်းပါးနေသေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်လွှင့်မှုအတွက် သတင်းပါအတိုင်း လက်သင်္ကေတပြရာတွင် အချို့ဝေါဟာရများ မရှိသေးသည့်အတွက် သတင်းအချက်အလက် အပြည့်အဝမရဘဲ နားလည်မှုအတိုင်းအတာ နည်းပါးနေသေးခြင်း စသည့် အခက်အခဲများ ရှိနေသည်။

ထို့အတွက် သတင်းကို လုံးစေ့ပတ်စေ့ လက်သင်္ကေတပြခြင်းထက် အနှစ်ချုပ်အဓိပ္ပာယ်ကို ပြသပါက ပိုမိုနားလည်လွယ်မည်ဟု နားမကြားသူများက ဆိုကြသလို လက်သင်္ကေတပြ သတင်းထုတ်လွှင့်သူများကိုလည်း မြန်မာစံ လက်သင်္ကေတဘာသာစကား (Standardized Sign Language) ကျွမ်းကျင်သူများက စဉ်ဆက်မပြတ် ကူညီပံ့ပိုး သင်ကြားပေးဖို့ရာ အရေးကြီးပါကြောင်းနှင့် သတင်းထုတ်လွှင့်ရာတွင် မြန်မာစံ လက်သင်္ကေတ ဘာသာစကား (Standardized Sign Language) နှင့် ထုတ်လွှင့်နေသော်လည်း အဆိုပါဘာသာစကားသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ လွှမ်းခြုံရောက်ရှိနိုင်မှုနှင့် ဝေါဟာရ နည်းပါးနေခြင်းကြောင့် သိရှိနားလည်နိုင်မှု အားနည်းနေရကြောင်း ဆိုကြပါသည်။ ထို့အပြင် နိုင်ငံလူဦးရေ၊ အကြားအာရုံ မသန်စွမ်းဦးရေနှင့် နှိုင်းယှဉ်ပါက Sign Language ဆရာ/ဆရာမများ လွန်စွာနည်းနေသည်ကိုလည်း ဝမ်းနည်းဖွယ် တွေ့ရှိရပါသည်။

### အကြံပြုချက်များ

သတင်းအချက်အလက်ဖြန့်ဝေခြင်းတွင် နားမကြားသူများအတွက် မိုးလေဝသ၊ သဘာဝဘေးအန္တရာယ်နှင့် အရေးကြီး၊ အရေးပေါ် သတင်းကြေညာချက်များကိုလည်း လက်သင်္ကေတပြ ဘာသာစကားဖြင့် သတင်းထုတ်လွှင့်ပေးနိုင်ရေး လိုလားလျက်ရှိကြပါသည်။ မှန်ပါသည်။ နားမကြားသူများအတွက် မိုးလေဝသသတင်း၊ သဘာဝဘေးအန္တရာယ်သတင်းများနှင့် အရေးပေါ်သတင်းများသိရှိနေမှသာ ၎င်းတို့အတွက် ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများ စီမံနိုင်မည်ဖြစ်သည်။

ယနေ့အချိန်တွင် MRTV၊ DVB၊ MNTV တို့မှ လက်သင်္ကေတပြဖြင့် သတင်းများထုတ်လွှင့်ပေးနေသလို အခြားသော ရုပ်သံမီဒီယာများမှလည်း ထုတ်လွှင့်ပေးဖို့ လိုလားတောင်းဆိုနေကြတာကို တွေ့ရှိရပါသည်။ နားမကြားသူများအတွက် သတင်းအနှစ်ချုပ်ကို သီးသန့်နေရာပေး၍ လိုရင်းတိုရှင်းဖော်ပြပေးခြင်း၊ မိခင်ဘာသာစကားဖြစ်သော SL ကျွမ်းကျင်သည့် နားမကြားသူများအား သတင်းတင်ဆက်သူအဖြစ် အလုပ်ခန့်ထားပေးခြင်းများ ဆောင်ရွက်ပေးစေလိုကြောင်း အချို့သော နားမကြားသူများမှ အကြံပြုပြောဆိုခြင်းများလည်းရှိပါသည်။

### အားတက်ဝမ်းသာဖွယ် သတင်းတစ်ပုဒ်

ယနေ့ချိန်ခါတွင် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ အတွင်းရှိ မသန်စွမ်းသူများ၏အခွင့်အရေးများအား အသိအမှတ်ပြုကာကွယ်သည့်အနေဖြင့် မသန်စွမ်းများ၏အခွင့်အရေးဥပဒေနှင့်နည်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် CEDAW၊ CRPD နှင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေတို့ကို လက်သင်္ကေတပြ ဘာသာစကားဖြင့် ဘာသာပြန်ဆို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ယခုတစ်ဖန် အကြားအာရုံမသန်စွမ်းသူများအတွက် အားတက်ဝမ်းသာဖွယ် သတင်းတစ်ပုဒ်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ နားမကြားအသင်းအဖွဲ့၊ UNICEF နှင့် MCDCA တို့ ပူးပေါင်းပြီး မသန်စွမ်းသူများအခွင့်အရေး နည်းဥပဒေများအား Sign Language ဖြင့် ဘာသာပြန်ဆိုနိုင်ရေး ပြင်ဆင်နေကြပြီဆိုသည့် သတင်းကောင်းပင်ဖြစ်သည်။ အကြားအာရုံမသန်စွမ်းသူများအနေနှင့် မိမိတို့အတွက် ထုတ်ပြန်ထားပြီး အကာအကွယ်ပေးထားသည့် မသန်စွမ်းသူများ၏ နည်းဥပဒေများကို ကိုယ်တိုင်နားလည်လာပြီး ဥပဒေ၏အကာအကွယ်ကို ပိုမိုရယူနိုင်တော့မည်ဖြစ်သည်။

အချုပ်ဆိုရပါလျှင် အကြားအာရုံမသန်စွမ်းသူများအတွက် ၎င်းတို့၏ အခွင့်အရေးတစ်ခုဖြစ်သော သတင်းအချက်အလက်ရပိုင်ခွင့်ကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသည့်အနေဖြင့် လက်သင်္ကေတပြ ဘာသာစကား အစီအစဉ်ဖြင့် သတင်းထုတ်လွှင့်ပေးမှုနှင့် အခြားသောအစီအစဉ်များ ဆောင်ရွက်ပေးနေမှုများအတွက် ပြည်သူတစ်ဦးအနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်ရပါသော်လည်း အကြားအာရုံမသန်စွမ်းသူများ အတွက် သတင်းအချက်အလက်ရယူနိုင်ရေးတွင် အခက်အခဲအတားအဆီးများ ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။

အဆိုပါ အခက်အခဲအတားအဆီးများ၊ အထူးသဖြင့် ဘာသာစကားဆိုင်ရာ အတားအဆီးကို ကျော်လွှားနိုင်ဖို့ရာ မသန်စွမ်းအဖွဲ့အစည်းများ၊ အကြားအာရုံ မသန်စွမ်းသူများကိုယ်တိုင်နှင့် အခြားသက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများသည် ကဏ္ဍအသီးသီးတွင် ယခုထက်ပိုမို၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြလျှင်ဖြင့် အကြားအာရုံ မသန်စွမ်းသူများ သတင်းအချက်အလက်ရရှိရေးတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို အချိန်တိုအတွင်း အောင်မြင်စွာကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း စေတနာအရင်းခံဖြင့် ရေးသားလိုက်ရပါသည်။ ။




မြန်မာ့ရုပ်မြင်သံကြားသတင်းအစီအစဉ်တွင် လက်သင်္ကေတပြ ဘာသာစကားဖြင့်ပါ ကြေညာနေစဉ်။

**“သတင်းကို လုံးစေ့ပတ်စေ့ လက်သင်္ကေတပြခြင်းထက် အနှစ်ချုပ်အဓိပ္ပာယ်ကိုပြသပါက ပိုမိုနားလည်လွယ်မည်ဟု နားမကြားသူများက ဆိုကြသလို လက်သင်္ကေတပြ သတင်းထုတ်လွှင့်သူများကိုလည်း မြန်မာစံလက်သင်္ကေတဘာသာစကား (Standardized Sign Language) ကျွမ်းကျင်သူများက စဉ်ဆက်မပြတ် ကူညီပံ့ပိုး သင်ကြားပေးဖို့ရာ အရေးကြီးပါကြောင်းနှင့် သတင်းထုတ်လွှင့်ရာတွင် မြန်မာစံလက်သင်္ကေတဘာသာစကား (Standardized Sign Language) နှင့် ထုတ်လွှင့်နေသော်လည်း အဆိုပါဘာသာစကားသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ လွှမ်းခြုံရောက်ရှိနိုင်မှုနှင့် ဝေါဟာရနည်းပါးနေခြင်းကြောင့် သိရှိနားလည်နိုင်မှု အားနည်းနေရကြောင်း ဆိုကြပါသည်။ ထို့အပြင် နိုင်ငံလူဦးရေ၊ အကြားအာရုံ မသန်စွမ်းဦးရေနှင့် နှိုင်းယှဉ်ပါက Sign Language ဆရာ/ဆရာမများ လွန်စွာနည်းနေသည်ကိုလည်း ဝမ်းနည်းဖွယ် တွေ့ရှိရပါသည်”**

# ပျော်ရွှင်ဆင်နွှဲ ရှမ်းတိုင်းရင်းသားတို့၏ နှစ်သစ်ကူးရိုးရာပွဲ

နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုကူးပြောင်းလာသည့် သင်္ကြန် အတက်နေ့သည် ရှမ်းတိုင်းရင်းသားတို့၏ နှစ်ဆန်းတစ်ရက်နေ့ဖြစ်ပြီး ယင်းနေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ ရှမ်းတိုင်းရင်းသားများအားလုံးတို့သည် ကမ်းခြေ၊ လယ်ကွင်းပြင်နှင့် လူသူနည်းပါးသည့် နေရာများ၌ ပျော်ရွှင်စွာ အိုးစည်ဗုံမောင်းတီး၍ မီးရှူးမီးပန်းများ လွှတ်တင်ကာ နှစ်သစ်ကိုကြိုဆိုသည့် ပွဲတော်ကို ကျင်းပကြသည်။

ထိုနှစ်ဆန်းတစ်ရက် နံနက်တွင် နိုးစက်ဖြစ်သည့် ကြက်ဖသံ၊ အုံးမောင်းသံတို့ကို ကြားသည့်အချိန်မှစ၍ ရှမ်းတိုင်းရင်းသားများသည် သက်ကြီးရွယ်အို ဘိုးဘွားများမှ အစ ကလေးလူကြီးမကျန် မိမိတို့အထွတ်အမြတ်ထားကြသည့် ရပ်ကွက်/ကျေးရွာ ဘုန်းကြီးကျောင်းများသို့ သွားရောက်ကြသည်။ ဘိုးဘွားများက အဖြူရောင် စက္ကူ အလံငယ်နှင့် ရှမ်းဖယောင်းတိုင်တို့ကိုကိုင်လျက် တုန်ချိနေသော ခြေလှမ်းအစုံဖြင့် ဘုန်းကြီးကျောင်းသို့သွား၍ ဥပုသ်သီလဆောက်တည်ကြသလို ကာလသား လူပျို အပျိုတို့ကလည်း လွှတ်တင်ရန် မီးရှူးမီးပန်းများကို ထမ်းသူကထမ်း၊ အိုးစည်ဗုံမောင်း တီးသူကတီး၊ ရိုးရာ လမုန်းကသူက ကလျက် နှစ်သစ်ကိုကြိုဆိုရန် ဘုန်းတော်ကြီး ကျောင်းများသို့ ဦးတည်ရောက်ရှိလာကြသည်။

ဘုန်းကြီးကျောင်းများသို့ရောက်သည်နှင့် ဘုန်းကြီးကျောင်းဝင်းအနီးတွင် သဲပုံ စေတီပြုလုပ်ပူဇော်ရန် သဲပုံသူက ပုံ၊ မီးရှူးလွှတ်တင်ရန် သင့်တော်ရာနေရာတို့၌ ငြမ်းစင်ဆောက်အဖွဲ့က ဆောက်၊ စားသောက်ပျော်ပါးရန် ချက်ပြုတ်သူက ချက်ပြုတ်



ငြမ်းစင်ပေါ်မှတစ်ဆင့် မီးရှူးမီးပန်းများ ပစ်ဖောက်နေစဉ်။



သဲပုံစေတီ ပြုလုပ်ပူဇော်ထားစဉ်။

ကြ၍ ကဏ္ဍအလိုက် ပြင်ဆင်လုပ်ကိုင်ကြသလို ဝမ်းစာအရေးအတွက် တစ်ပိုင်တစ်နိုင် ဝင်ငွေရရှိရန် ပွဲတော်အတွင်း ဈေးခင်းသူကလည်း ခင်းလျက်။ နှစ်သစ်ကူးမြင်ကွင်း များမှာ မြင်တွေ့ရသူများအဖို့ပင် စိတ်ကို ပေါ့ပါးသစ်လွင်သွားစေသည့်အလား ခံစားရ သည်။

နှစ်သစ်ကူးပွဲတော်အတွက် လုပ်ငန်းများ အဆင်သင့်ပြီးစီးသည်နှင့် သက်ကြီး ဘိုးဘွား၊ ကလေးလူကြီးများပါမကျန် ဘုန်းကြီးကျောင်းအတွင်းသို့ဝင်ကာ သီလခံယူ ခြင်း၊ တရားဘာဝနာပွားများခြင်း၊ သံဃာတော် အရှင်သူမြတ်တို့က တရားတော်များ ချီးမြှင့်ဟောကြားခြင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဥပုသ်သီလ ဆောက်တည်ခြင်းများ ပြုလုပ်ကြပြီးနောက် ကျောင်းဝင်းအနီးတွင် သဲပုံစေတီ စတင် ပြုလုပ်ကာ ရှမ်းဖယောင်းတိုင်နှင့် အဖြူရောင် စက္ကူအလံငယ်များစိုက်၍ ဆီမီးထွန်းညှိ ခြင်းနှင့် ဆွမ်းခဲဖွယ်များ ဆက်ကပ်လှူဒါန်း၍ ဆုတောင်းခြင်းများပြုလုပ်ကြသည်။

ထို့နောက်တွင် အိုးစည်ဗုံမောင်းများတီး၍ လမုန်းအက ကကြ၊ မီးရှူးမီးပန်းများ ပစ်ဖောက်လွှတ်တင်ကြပြီးနောက် အစုအဖွဲ့လိုက် ဝိုင်းဖွဲ့စားသောက်ကာ နှစ်သစ်ကူး ပွဲတော် အခမ်းအနားကို ပျော်ရွှင်စွာ ဆက်လက်ကျင်းပလေ့ရှိကြသည်။ သို့ဖြစ်ရာ နှစ်ဟောင်းမှအညစ်အကြေးများကို စွန့်၍ နှစ်သစ်အတွက် သန့်စင်မွန်မြတ်သော စိတ်သစ်လူသစ်ဖြင့် ဆထက်ထမ်းပိုးအောင်မြင်တိုးတက်နိုင်ရန် ပျော်ရွှင် စိတ်ချမ်းမြေ့ စွာဖြင့် စုပေါင်းကျင်းပကြသည့် ရှမ်းနှစ်သစ်ကူးနေ့ အခမ်းအနားသည် ရှမ်းတိုင်းရင်း သားတို့၏ မွန်မြတ်အရေးပါသည့် ပွဲတော်တစ်ခုပင် ဖြစ်လေတော့သည်။

**ကိုကိုနိုင် (ပြန်/ဆက်)**

## မော်လူးမြို့၌ (၂၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

**မော်လူး ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့ရှိ အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲအခမ်းအနားကို မြို့အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၁၆ ရက် ညနေပိုင်းက (၂၉)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရပ်မိရပ်ဖ ဦးတင်ငွေက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြား ပြီး အခမ်းအနား တက်ရောက်လာကြသူများက ဘိုးဘွားများအား ကန်တော့ကြကာ ကန်တော့ခံဘိုးဘွားများကိုယ်စား အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်က ဆုမွန်ကောင်းများတောင်းပေးခဲ့သည်။ အဆိုပါ ကန်တော့ပွဲတွင် ကန်တော့ခံ သက်ကြီး ဘိုးဘွား ၈၄ ဦးအတွက် အလှူရှင်များ၏လှူဒါန်းငွေ စုစုပေါင်း ၅၀၇၃၆၀၀ ကျပ် ရရှိသဖြင့် ဘိုးဘွားတစ်ဦးလျှင် ကျပ် ၆၀၄၀၀ ရရှိသလို စားသောက်ဖွယ်ရာများ၊ ဆေးဝါး ပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ထို့နောက် ဓမ္မစကူးလ်ကျောင်း ဆောက်လုပ်ရေးအတွက် မော်လူးမြို့ ဝင်းရတနာ မိသားစုက အလှူငွေ ကျပ် တစ်သိန်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ သည့်ငွေမှ ပိုငွေ ကျပ် ၁၁၀၈၅၀ တို့ကို ဓမ္မစကူးလ်ဆောက်လုပ်ရေးကော်မတီထံ ပေးအပ်လှူဒါန်းကြသည်။

**နီတိုး**

## ရေနံချောင်း၌ လမ်းလျှောက်သင်္ကြန် စည်ကားစွာကျင်းပနိုင်ခဲ့

**ရေနံချောင်း ဧပြီ ၁၇**

ရေနံချောင်းမြို့၌ ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ကို အိုးဘိုရပ်ကွက်အတွင်းရှိ ကျောက်တိုင်လမ်းနှင့် ရွှေကြာငုံရပ်ကွက်ရှိ ဓမ္မာရုံလမ်းတို့၌ ကျင်းပခဲ့ရာ နေ့စဉ် စတုဒိသာ ကျွေးမွေးလှူဒါန်းသူများ၊ လာရောက်စားသောက်သူများ၊ ရေပက်ခံ သင်္ကြန်လည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

## သင်္ကြန်ပွဲတော်နှင့် ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားများ မြို့နယ်အသီးသီး၌ကျင်းပ

**မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် နောက်ဆုံးနေ့ဖြစ်သည့် ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ ညပိုင်းတွင် မြို့နယ်အသီးသီးရှိ ဗဟိုမဏ္ဍပ်များ၌ သင်္ကြန်ပွဲတော်နှင့် ဗဟိုမဏ္ဍပ် ပိတ်ပွဲအခမ်းအနားနှင့်အတူ ယိမ်းပြိုင်ပွဲများတွင် ဆုရရှိသော ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ပွဲများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စည်ကားစွာ ကျင်းပခဲ့ကြသည်။**

### သထုံ

သထုံမြို့နယ်၏ သင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ယိမ်းပြိုင်ပွဲမှ ဆုရယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဧပြီ ၁၆ ရက် ည ၇ နာရီက သထုံမြို့၏ကျက်သရေဆောင် ရွှေစာရံစေတီအနီးရှိ ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပခဲ့ရာ သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး မန်းတောင်ရိပ်ခို သီချင်းကို စုပေါင်းသီဆိုကြသည်။ ထို့နောက် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ ကိုးဖွဲ့အနက် ဆုရရှိသည့် ယိမ်းအဖွဲ့များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့် ခရိုင်အုပ်ချုပ်ရေးမှူး တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက ပြိုင်ပွဲဝင်ခဲ့ကြသည့် ယိမ်းအကများဖြင့် ပြန်လည်ညွှန့်ခံဖျော်ဖြေကာ သထုံမြို့နယ်၏ မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

**သက်ဦး (သထုံ)**



### ကော့သောင်း

ကော့သောင်းမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်း အနားကို ဧပြီ ၁၆ ရက် ည ၇ နာရီက ဆိပ်ကမ်းသာလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ ကော့သောင်းခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နေ ပြည်သူများ စည်ကားစွာ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မြို့ပေါ်ရပ်ကွက် ၁၁ ခုမှ ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များက ပြန်လည် ကပြဖျော်ဖြေကြပြီးနောက် ဆုရ ယိမ်းအဖွဲ့များနှင့် ရပ်ကွက်မဏ္ဍပ်အလှပြိုင်ပွဲတွင် ဆုရသည့်ရပ်ကွက်များကို တာဝန် ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးက ဗဟိုမဏ္ဍပ်ကိုပိတ်သိမ်းကြောင်း ကြေညာပြီး ည ၁၂ နာရီ နှစ်သစ်ကူးပြောင်းချိန်တွင် မီးရှူးမီးပန်းများပစ်ဖောက်၍ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

**ကျော်စိုး (ကော့သောင်း)**

### မော်လိုက်

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ဗဟိုမဏ္ဍပ်ပိတ်ပွဲကို နာရီစင်အနီးရှိ ဗဟို မဏ္ဍပ်၌ ဧပြီ ၁၆ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ရာ ရပ်ကွက်နှင့် နယ်မြေခံတပ်ရင်းများမှ သင်္ကြန်ယိမ်းအကအဖွဲ့များက သင်္ကြန်အကအလှ သီချင်းများဖြင့် ကပြဖျော်ဖြေကြပြီး မော်လိုက်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုး၊ နယ်မြေခံတပ်ရင်းများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ တက်ရောက် ကြည့်ရှုအားပေး၍ တာဝန်ရှိသူများက သင်္ကြန်ယိမ်းအဖွဲ့များအား အမှတ်တရ ဆုငွေများ အသီးသီး ချီးမြှင့်ခဲ့သည်။

**မော်လိုက်သားလေး**

### ဖန်းမော်

ကချင်ပြည်နယ် ဖန်းမော်မြို့၌ ဗဟိုမဏ္ဍပ်ပိတ်ပွဲကို သင်္ကြန်အတက်နေ့ ည ၇ နာရီက မြို့မရပ်ကွက် ရုပ်ပြေးဂိတ်အနီးရှိ ဗဟိုမဏ္ဍပ်၌ အောင်မြင်စွာ ကျင်းပခဲ့သည်။ ပိတ်ပွဲအခမ်းအနားတွင် ဖန်းမော်မြို့ရှိ ခွန်သာ၊ ဟန်းတဲ၊ ရွှေကျီးနား၊ နမ့်ဖား၊ (၃)မိုင် ရွှေပြည်သာ၊ နောင်ခို၊ ညောင်ပင်ရပ်နှင့် ပေါက်ကုန်းရပ်ကွက်တို့မှ ယိမ်းအဖွဲ့ ကိုးဖွဲ့က ကပြဖျော်ဖြေ၍ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးကာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက နှစ်သစ်အတွက် ဆုတောင်းစကားပြော ကြားသည်။ ထို့နောက် ဖန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က ဗဟိုမဏ္ဍပ်ကို ပိတ်သိမ်းကြောင်း ကြေညာခဲ့ပြီး ဗဟိုမဏ္ဍပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းလှူဒါန်း ခဲ့သော အလှူရှင်များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဂုဏ်ပြုမှတ်တမ်း လွှာများ ပေးအပ်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

### မင်းလှ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို မြို့မဈေးရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၆ ရက် ည ၇ နာရီက ကျင်းပ ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့ပေါ်ရပ်ကွက်များမှ ယိမ်းအဖွဲ့များက သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများ၊ ဧည့်သည်တော်များက ယိမ်းအဖွဲ့များအား ဆုလက် ဆောင်များ ပေးအပ်ခဲ့သည်။

**ပေါက်စ (မင်းလှ)**

### မြင်းခြံ

မြင်းခြံမြို့၏ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကို မာလာဟောဝန်မြိုင်ပန်းခြံ ရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၆ ရက် ညနေ ၆ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြင်းခြံမြို့မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လှူဒါန်းပေးကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး တရားသူကြီး ဦးခင်မောင်ကြည်၊ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်နှင့် တာဝန်ရှိသူများက ပေးအပ်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကူညီကြသည့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။ ထို့နောက် ယိမ်းအဖွဲ့များက မြန်မာ့ရိုးရာအဆိုအကများဖြင့် ကပြ ဖျော်ဖြေကြပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



### ကျုံပျော်

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဗဟိုမဏ္ဍပ်တွင် သင်္ကြန်အတက်နေ့ ညနေပိုင်းက ပိတ်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး ယိမ်းအကနှင့် စတိတ်ရှိုး တေးဂီတ များဖြင့်လည်း ဖျော်ဖြေခဲ့ရာ သင်္ကြန်နောက်ဆုံးညဖြစ်သည်နှင့်အညီ ပရိသတ်များ အထူးစည်ကားများပြားခဲ့သည်။ ပိတ်ပွဲ ဖျော်ဖြေပွဲတွင် သင်္ကြန်ယိမ်းအကများ၊ ကလေးငယ်များ၏ အကနှင့် စတိတ်ရှိုးတေးဂီတများ ပါဝင်ပြီး ဖျော်ဖြေကြသူများအား တာဝန်ရှိသူများက ဆုလက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### တနိုင်း

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့၌ သင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ပုန်ခုန်းရပ်ကွက် ဟူးကောင်းခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၆ ရက်က ညနေပိုင်းက ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က နှစ်သစ်ကူးဆုတောင်းစကားပြောကြားပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနောင်နဂျာတန်၊ ဒုတိယဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးရဲဟိန်းနှင့် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်လွင်တို့က ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၁ ဖွဲ့အား ဆုများချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးရန် ကင်းတပ်ရေလွှဲတမံမှ ရေများပေးဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း နွေစပါးနှင့် အခြားသီးနှံများကို တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေများကို ကင်းတပ်ရေလွှဲတမံမှ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်း၊ ရေဦးတူးမြောင်းနှင့် ရွှေဘိုတူးမြောင်း စသည့် တူးမြောင်းကြီးများမှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေဦး)မှ သိရသည်။

"၂၀၁၈-၂၀၁၉ နွေစပါးရာသီမှာ နွေစပါးနဲ့ အခြားသီးနှံတွေ စိုက်ပျိုးနိုင်ဖို့အတွက် ကင်းတပ်ရေလွှဲတမံမှ ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်က စတင်ရေပေးဝေခဲ့ပါတယ်၊ သဖန်းဆိပ်ရေလှောင်တမံ ရေသောက်စနစ်မှာ ပါဝင်တဲ့ ကင်းတပ်ရေလွှဲတမံ လက်ဝဲတူးမြောင်းမှ နွေစပါး ဧက ၅၀၅၀၀၊ လက်ယာတူးမြောင်းမှ နွေစပါးဧက ၆၀၀၀၀ နဲ့ ကင်းတပ်သဲထုတ်ရေတံခါး အောက်ဘက်က ကာဘိုးဆည်၊ ရေဦးတူးမြောင်းနဲ့ ရွှေဘိုတူးမြောင်းတို့ကနေ နွေစပါး ဧက ၁၆၃၉၇၀ နဲ့ အခြားသီးနှံ ဧက ၈၇၂၃၀ အတွက် ဆည်ရေပေးဝေသွားမှာပါ၊ သဖန်းဆိပ်ရေသောက်မှာပါဝင်တဲ့ မြောင်းကြီးလေးမြောင်းက အခုနှစ် နွေစပါး ဧက ၂၇၄၄၇၀ နဲ့ အခြားသီးနှံ ဧက ၈၇၂၃၀ ကို ဆည်ရေ အလုံအလောက်ပေးဝေသွားမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေဦး)မှ ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်နိုင်က ပြောသည်။

အဆိုပါ ရေပေးဝေမှုများဖြင့် ရွှေဘိုမြို့နယ်၌ နွေစပါး ဧက ၆၀၈၀၀ နှင့် အခြားသီးနှံ ဧက ၁၅၇၀၀၊ ဝက်လက်မြို့နယ်၌ နွေစပါး ဧက ၃၀၀၀၀ နှင့် အခြားသီးနှံ ဧက ၄၃၀၀၀၊ ခင်ဦးမြို့နယ်၌ နွေစပါး ဧက ၃၅၆၇၀ နှင့် အခြားသီးနှံ ဧက ၁၁၈၃၀၊ တန့်ဆည်မြို့နယ်၌ နွေစပါး ဧက ၃၂၅၀၀၊ ရေဦးမြို့နယ်၌ နွေစပါး ဧက ၃၉၀၀၀ နှင့် အခြားသီးနှံ ဧက ၃၀၀၊ ဒီပဲယင်းမြို့နယ်၌ နွေစပါး ဧက ၅၃၅၀၀ နှင့် အခြားသီးနှံ ဧက ၁၁၀၀၀၊ ကန့်ဘလူမြို့နယ်၌ နွေစပါး ဧက ၂၃၀၀၀ နှင့် အခြားသီးနှံ ဧက ၂၀၀၊ အရာတော်မြို့နယ်၌ အခြားသီးနှံ ဧက ၅၂၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံ တောင်သူလယ်သမားကြီးများ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် ရေအပြည့်အဝရရှိစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် မြောင်းအလိုက် ရေပေးဝေရေးလုပ်ငန်းများကို စနစ်တကျ လိုက်လံစစ်ဆေးခြင်းနှင့် ဆည်ရေအသုံးချရေးအဖွဲ့များ ဖွဲ့စည်းကာ ရေလိုအပ်သည့် မြောင်းလက်တံများတွင် ရေလှည့်စနစ်များပြုလုပ်၍ ရေပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်မွှေး၊ ဓာတ်ပုံ-ဆည်မြောင်း**



နွေစပါးအတွက် ဆည်ရေများကို ကင်းတပ်ရေလွှဲတမံမှ ဖြန့်ဝေပေးနေစဉ်။

# မုံရွာ၌ အစေ့ထုတ်ပြောင်း စိုက်ဧက ၂၀၀ ကျော်တွင် ငမြှောင်တောင်ပိုးကျရောက်နေသဖြင့် စောင့်ကြည့်ထိန်းသိမ်း

**မုံရွာ ဧပြီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျွန်းရွာသစ်မှကျေးရွာပိုင်ကွင်းများ၌ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းစိုက်ဧက ၂၀၀ ကျော်တွင် ငမြှောင်တောင်ပိုးကျရောက်နေခြင်းကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးများမပျံ့နှံ့စေရေး စောင့်ကြည့်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုဒေသရှိ ကျွန်းရွာသစ်၊ မရိုးကုန်း၊ ညောင်ဖြူပင်၊ ချမ်းသာကျွန်း၊ နတ်ကြီးကျွန်း စသည့်ကျေးရွာများတွင် အစေ့ထုတ်ပြောင်းသီးနှံ ဧက ၅၀၀ ကျော် စိုက်ပျိုးထားပြီး ရွာသစ်ကျေးရွာတွင် စိုက်ပျိုးထားသော ဧက ၂၀၀ ကျော်တွင် ငမြှောင်တောင်ပိုး ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ငမြှောင်တောင်ပိုးကျရောက်မှုကြောင့် ပျက်စီးမှုမှာ ငါးဧကခန့်သာရှိကြောင်း သိရသည်။

"အရင်နှစ်ဆောင်းတွင်းကာလမှာ အစေ့ထုတ်ပြောင်းစိုက်တဲ့အချိန်ကလည်း ငမြှောင်တောင်ပိုးကျခဲ့ဖူးတယ်။ ပျက်စီးမှုတော့ မရှိခဲ့ပါဘူး။ ဒါ့ကြောင့် အခုပိုစိုက်ကြတယ်။ စစိုက်ကတည်းက ပိုးကျနိုင်တယ်လို့သိပေမယ့် သီးနှံအထွက်နှုန်းကောင်းတဲ့အတွက် ဝင်ငွေပိုရမှုန်းသိတော့ တောင်သူတွေကစိုက်ကြတယ်။ ဖရဲ၊ သခွားမွှေးသီးနှံပေါ်ပြီးချိန် အစေ့ထုတ်ပြောင်းကို ရာသီလွန်မှ စိုက်ပျိုးကြတာပါ။ စိုက်ပျိုးပြီး အပင်ဒူးဆစ်လောက်အရောက်မှာ ပိုးကစကျတာပါ။ ပိုးကျတဲ့သတင်းရတဲ့အချိန်ကစပြီး စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေနဲ့ပူးပေါင်းပြီး နှိမ်နင်းနေတာ လေးပတ်ရှိပါပြီ"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အမာကြည်က ပြောသည်။

မတ်လအတွင်းမှစ၍ ငမြှောင်တောင်ပိုးများ ကျရောက်ခြင်းဖြစ်ပြီး အစေ့ထုတ်ပြောင်း ပိုးကျရောက်နေခြင်းကြောင့် စိုက်ပျိုးရေးဦးစီးဌာနက မတ်လမှ ဧပြီပထမပတ်အထိ အပတ်စဉ်အင်္ဂါနေ့တိုင်း ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်းကာ နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အခြားစိုက်ခင်းများတွင်လည်း ကျရောက်မှုမရှိစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တချို့တောင်သူတွေက ပိုးမွှားကာကွယ်ရေးလုပ်တဲ့အခါ ပူးပေါင်းမှုမရှိဘူး။ လူအင်အား၊ ငွေအင်အားမသုံးနိုင်တဲ့အတွက်ကြောင့်လို့ထင်ပါတယ်။ ဒါပေမယ့် အများစုကတော့ ပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် အခုလောလောဆယ်တော့ ထိန်းသိမ်းနိုင်တဲ့ အနေအထားရောက်နေပါပြီ။ ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ဖို့အတွက် စောင့်ကြည့်ထိန်းသိမ်းမှုတွေကို ဧပြီ ပထမပတ်လောက်အထိ လုပ်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း လုပ်ဆောင်သွားမှာပါ။ ပျက်စီးမှုအနေနဲ့ကတော့ ငါးဧကလောက်ပဲရှိပါတယ်။ အချိန်မီထိန်းချုပ်နိုင်တဲ့အတွက် ကျန်အခင်းတွေမှာ အပျက်အစီးမရှိပါဘူး။ ဆက်လက်ပြီး စိတ်ချရအောင်လည်း စောင့်ကြည့်ထိန်းသိမ်းမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ငမြှောင်တောင်ပိုးအန္တရာယ်ကိုကာကွယ်ဖို့က ဓာတုပိုးသတ်ဆေးတစ်မျိုးတည်းသုံးလို့မရပါဘူး။ သဘာဝပိုးသတ်ဆေးကိုလည်း ဖျန်းပေးရပါတယ်။ အခုပျက်စီးသွားတဲ့ အခင်းတွေက ဓာတုပိုးသတ်ဆေးရော၊ သဘာဝပိုးသတ်ဆေးရော အသုံးမပြုတဲ့အခင်းတွေပါ။ ပိုးမွှားကာကွယ်ရေးလုပ်တဲ့အခါမှာ တောင်သူတွေကရောလိုက်ပါဆောင်ရွက် ကာကွယ်နှိမ်နင်းပါက ပိုပြီးအောင်မြင်မှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ငမြှောင်တောင်ပိုးကို ထိရောက်စွာ နှိမ်နင်းခြင်းမပြုနိုင်ပါက သီးနှံအထွက်နှုန်းကို သိသာစွာ ထိခိုက်စေနိုင်သောကြောင့် ကျရောက်သည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနသို့ သတင်းပေးရန်လိုအပ်ကြောင်း၊ ငမြှောင်တောင်ပိုးသည် ပြောင်းနှင့် အခြားသီးနှံများဖြစ်သည့် စပါး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်နှင့် ဝါသီးနှံ အပါအဝင် သီးနှံပေါင်း ၈၀ ကျော်ကို စားသောက်ဖျက်ဆီးနိုင်သည့်အပြင် တစ်ညအတွင်း ကီလိုမီတာ ၁၀၀ (ပေပေါင်း သုံးသောင်းကျော်) အထိ ပျံသန်းနိုင်စွမ်းရှိသည့် ဖျက်အားပြင်း ပိုးတစ်မျိုးဖြစ်ကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှလည်း သတိပေးစာထုတ်ပြန်ထားသော ပိုးအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**



မုံရွာမြို့နယ် ကျွန်းရွာသစ်မှ ကျေးရွာပိုင်ကွင်းများ၌ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းစိုက်ခင်းများကို တွေ့ရစဉ်။

# မော်လူးတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၅၉ လုံး ပျက်စီး

**မော်လူး ဧပြီ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ဧပြီ ၁၅ ရက်က အချိန်အခါမဟုတ် လေပြင်းမုန်တိုင်းငယ်နှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူနေအိမ်ခေါင်မိုး ၅၉ လုံး ပွင့်ထွက်ပျက်စီးခဲ့ကြောင်း သိရသည်။

"ဒီနေ့ မွန်းလွဲပိုင်း ၂နာရီ မိနစ် ၂၀ လောက်က မိုးသက်လေပြင်းတွေ တိုက်ခတ်ခဲ့လို့ ကျွန်တော်တို့ တစ်ရပ်ကွက်တည်းမှာ လူနေအိမ် ၂၄ လုံး အမိုးတွေ ပျက်စီးခဲ့တာပါ။ အင်းတော်မြို့ အုပ်ချုပ်ရေးမှူးထံကိုလည်း တင်ပြထားပါတယ်။ ပျက်စီးမှုတွေကိုတော့ အတိအကျသိရှိဖို့ ကွင်းဆင်းပြီး စာရင်းကောက်ယူနေပါတယ်" ဟု မင်းချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်က ပြောသည်။

အဆိုပါ လေပြင်းမုန်တိုင်းငယ် တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်တိုင် တစ်တိုင်ကျိုးကျ၍ လျှပ်စစ်မီး ယာယီပြတ်တောက်ခြင်း၊ တစ်ထပ်တိုက်ဈေးဆိုင်ခန်းများနှင့် နှစ်ထပ်တိုက်ခေါင်မိုးများ ပွင့်ထွက်ပျက်စီးခဲ့ပြီး မော်လူးမြို့ပေါ် ခြောက်ရပ်ကွက်မှ နေအိမ်ခေါင်မိုး စုစုပေါင်း ၅၉လုံး ပျက်စီးခဲ့သည်။ အခင်းဖြစ်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြုံး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စိုးသိန်းနှင့် တာဝန်ရှိသူများ၊ မော်လူးမြို့ပေါ် ရပ်ကွက်ခြောက်ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မော်လူးနယ်မြေ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် မင်းသိန်းထွန်း (ယာယီ)တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **နီတိုး**



လေပြင်းတိုက်ခတ်၍ ပျက်စီးသွားသော အိမ်များကို တွေ့ရစဉ်။

# တနင်္သာရီတိုင်းဒေသကြီး ပလမြို့ရှိ ပါဒစက်တော်ရာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၅ ရက်တိုင်တိုင် ကျင်းပမည်

**ပုလော ဧပြီ ၁၇**

နှစ်စဉ်ကျင်းပမြဲဖြစ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလမြို့ ကြဲကျေးရွာအုပ်စု စက်တော်ရာကျေးရွာရှိ သမိုင်းဝင်ပါဒ စက်တော်ရာဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၁၈ ရက် (မြန်မာနှစ်ဆန်း ၂ ရက်) မှ မေ ၂ ရက်အထိ ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ ပါဒစက်တော်ရာဘုရားကို ပလမြို့ အနီး အနောက်ဘက်နှစ်မိုင်ခန့်အကွာတွင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရမည်ဖြစ်သည်။ ဗုဒ္ဓပူဇနိယပွဲတော်ကို ပလဒေသနှင့် အဝေးအနီး မြို့ရွာများ အပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာရောက်ဖူးမြော်ကြည်ညိုကြရာ ဘုရားပွဲတော်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

မြတ်ဗုဒ္ဓ၏ ဝဲဘက်ခြေတော်ရာနှင့် ဘုရားကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာကြသည်ဖြစ်၍ ယခုအခါ ရှေးလက်ရာများဖြင့် ဖူးမြော်ခွင့်ရရှိနေသော တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည်။ ထီးတော်အသစ်ကို စက်တော်ရာကျောင်းဆရာတော်ဘုရားကြီးက မြန်မာသက္ကရာဇ် ၁၃၃၅ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်နေ့မှာ ပါဒခြေတော်ရာစေတီကို ထီးတော်အသစ် တင်လှူခဲ့ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာ ယခုအခါ အကြိမ်(၁၅၀)တိုင်ခဲ့ပြီးဖြစ်သည်။



ပလမြို့ စက်တော်ရာကျေးရွာရှိ သမိုင်းဝင် ပါဒစက်တော်ရာဘုရားကို ဖူးတွေ့ရစဉ်။

“ဒီနှစ်ကဘုရားဖူးညှော့သည်တွေ အဆင်ပြေစေဖို့ပွဲတော်မစတင်မီ နှစ်လလောက်ကြိုတင်အချိန်ယူပြီး ပြင်ဆင်ခဲ့ပါတယ်။ တောင်ပေါ်မှာ အသစ်ငါးခန်းတွဲ နားနေဆောင်တစ်ဆောင် တိုးချဲ့ဆောက်ထားတယ်။ ဒါ့အပြင် ရင်ပြင်မှာလည်း ကြွေပြားထပ်ခင်းထားပါတယ်။ ရေ၊ မီးကအစ ထပ်တိုး ပြင်ဆင်ထားတယ်။ သန့်စင်ခန်း ၁၀ ခန်းပါ တစ်လုံးလည်း တိုးချဲ့ဆောက်လုပ်ထားပါတယ်။ ဘုရားဖူးညှော့သည်တွေ အဆင်ပြေပြေနဲ့ တောင်ပေါ် အလွယ်တကူ တက်ရောက်ဖူးမြော်နိုင်အောင်လို့ တောင်အတက်လမ်းကိုလည်း တောင်ခြေကနေ တောင်ပေါ်အထိ အရှည်တစ်မိုင်နဲ့ လေးဖာလုံ အကျယ် ၁၀ ပေကို ကွန်ကရစ်လှေကားထစ်ပေါင်း ၁၉၈၃ ထစ်နဲ့ ဒီနှစ်မှာ အသစ်ပြန်ခင်းထားတယ်။ တောင်ခြေမှာလည်း ပြင်ဆင်မှု တော်တော်လုပ်ထားတယ်။ ဇာတ်ပွဲက ရန်ကုန်- မော်လမြိုင်ဘက်က သုံးပွဲကပြ ဖျော်ဖြေဖို့ရှိပါတယ်။ ဒီနှစ်ကတော့ ဈေးဆိုင်ခန်း တွေက မနှစ်ကထက် ပိုများတယ်။ ဆိုင်ခန်း ပေ (၁၀ × ၃၀) ဆိုင်ခန်း တစ်ခန်းကို ရေ၊ မီးအစုံပါ ငွေကျပ် တစ်သိန်းနှုန်း သတ်မှတ်ထားပါတယ်။ လက်ရှိမှာတော့ ဆိုင်ခန်းပေါင်း ၃၀၀ လောက် ရှိပါတယ်။ ဒါ့အပြင် တောင်အတက်လမ်းတစ်လျှောက်မှာ ဈေးဆိုင်ခန်း ပေါင်း ၂၀၀ ကိုလည်း ဒေသခံတွေကို အခမဲ့ ရောင်းချခွင့် ပြုထားပါတယ်။ ပွဲတော်ကာလအတွင်းမှာ တောင်ပေါ်ကို ပြင်ပကား၊ ဆိုင်ကယ်တွေ တက်ရောက်ခွင့် မပြုပါဘူး။ ဘုရားဂေါပကအဖွဲ့ရဲ့ အစီအစဉ်နဲ့ ဘုရားဖူးညှော့သည်တွေ လုံခြုံမှုရှိစေဖို့ စီစဉ်ပေးထားတဲ့ ကားအစီး ၄၀ နဲ့ အလွယ်တကူ တက်ရောက်နိုင်ပါတယ်။ အရင်နှစ်ကထက် ကားအစီးရေကိုလည်း တိုးထားတယ်။ ကားခကတော့ အသက်သာဆုံးနှုန်းထားနဲ့ အဆင်ပြေအောင် လူတစ်ဦး အတက် ငွေကျပ် ၁၅၀၀နဲ့ အဆင်း ငွေကျပ် ၁၅၀၀ နှုန်း သတ်မှတ်ထားပါတယ်”ဟု ပါဒစက်တော်ရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ညိုက ပြောသည်။

**မြင့်ဦး(မြိတ်)**

# အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၆၇ ဦးအား သက်ကြီးပူဇော်ပွဲကျင်းပ

**အိမ်မဲ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၆၇ ဦးအား သက်ကြီးဘိုးဘွား ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာသော အဘိုးအဘွားများကို ပူဇော်ကန်တော့ကြပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တာဝန်ရှိသူများက ကန်တော့ပစ္စည်းများကို အဘိုးအဘွားများအား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲတွင် မြို့နယ်ရပ်ကွက်ငါးခုမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၆၇ ဦးရှိသော်လည်း ၂၇ ဦးသာ တက်ရောက်နိုင်သဖြင့် ကျန်ရှိသော အဘိုးအဘွား ၄၀ အား ကန်တော့ခံပစ္စည်းများဖြင့် အိမ်တိုင်ရာရောက် ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ)**

# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ကွန်ကရစ်တိုင်ရှစ်တိုင်အသစ်လဲလှယ်ပြီးစီး

**အင်းတော် ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ဧပြီ ၈ ရက် ညပိုင်းက လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ကောလင်းမြို့နယ်အတွင်း ၁၁ ကေဗွီ ဥဒုံးပင်-မရိတ် ဓာတ်အားလိုင်းရှိ ကွန်ကရစ်တိုင်ရှစ်တိုင် လဲပြိုပျက်စီးခဲ့ကာ လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။

မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလအတွင်း ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ရရှိသုံးစွဲနိုင်စေရန် ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၃၀ ကေဗွီ နဘား-ရွှေဘို-အုန်းတော ဓာတ်အားလိုင်း စီမံကိန်းကို တာဝန်ယူ တည်ဆောက်နေသော Central China Power Gird (CCPG) ကုမ္ပဏီမှ ပစ္စည်းဖိုးနှင့် ပြန်လည်ပြင်ဆင်ခြင်း ကုန်ကျစရိတ်အတွက် ငွေကျပ် ၂၃၂၆၂၀၀ အား ပေးအပ်လှူဒါန်းခဲ့ကာ အစားထိုး ပြုပြင်ခြင်းလုပ်ငန်းများအားလုံးကို ဆောင်ရွက်ပြီးဖြစ်၍ ဧပြီ ၁၁ ရက်မှ စတင်ကာ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားပုံမှန်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး**



ပျက်စီးသွားသာ ကွန်ကရစ်ဓာတ်တိုင်များအား အသစ်လဲလှယ်နေစဉ်။

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခပ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တာချီလိတ်၌ လူကုန်ကူးနှင့် လူမှောင်ခိုဆိုင်ရာ အသိပညာပေး

**တာချီလိတ် ဧပြီ ၁၇**

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်မှ ခရိုင်အတွင်း လူကုန်ကူးနှင့် လူမှောင်ခိုဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ စိန်ဂျူးဒီ ဘုရားကျောင်း၌ အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။ အသိပညာပေးဟောပြောပွဲတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁)တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေးနှင့် ရဲအုပ် လှဘုန်းတို့က ကလေးသူငယ်များ၏ အသက်အရွယ်အလိုက် ရပိုင်ခွင့်အခွင့်အရေးဆိုင်ရာများ၊ လူကုန်ကူးလူမှောင်ခိုဆိုင်ရာ အဓိပ္ပာယ်နှင့် ကွဲပြားခြားနားမှု၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ လူကုန်ကူးခံရသည့် ပုံစံဖြစ်စဉ်များ၊ ကလေးသူငယ်အခွင့်အရေး ဆိုင်ရာများ ကို အသိပညာပေးဟောပြောပြီး လူကုန်ကူးမှုဖြစ်စဉ် Video Clip များ ပြသပေးကာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါ ဟောပြောပွဲကို နွေရာသီသင်တန်းတက်ရောက်နေသည့် ရပ်ကွက်နှင့် ကျေးရွာများမှ ကလေးသူငယ် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးလေး (မြန်/ဆက်)**


Sweety®
ဇာဘော်လီ ၊ ဘရာစီယာနှင့် အတွင်းခံအမျိုးမျိုး
"Sweety ဇာဘော်လီ ၊ ဘရာစီယာ နှင့် အတွင်းခံအမျိုးမျိုးမှ
မြန်မာသက္ကရာဇ် ၁၃၈၁ ခု နှစ်သစ်မင်္ဂလာဆုတောင်း"
Sweety ထုတ်ကုန်များကို အစဉ်တစိုက်
နှစ်သက်စွာဝယ်ယူဝတ်ဆင် အားပေးခဲ့ကြသော
Sweety ချစ်သူမိဘပြည်သူများနှင့်
Sweety ဇာဘော်လီ ကို
ချစ်ခင်ယုံကြည်စွာရောင်းချပေးလျှက်ရှိသော
ရပ်နီး ၊ ရပ်ဝေး မှ မိတ်ဟောင်း/မိတ်သစ်
ဖောက်သည်ကြီးများအားလုံး
မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မင်္ဂလာရှိသော
မြန်မာ့နှစ်သစ်ကူးသင်္ကြန်အခါသမယ မှစ၍
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ၊
ပျော်ရွှင်ခြင်းသုခအဖြာဖြာနှင့် ကောင်းကျိုးလိုရာဆန္ဒများ
ပြည့်ဝကြပြီးလျှင် စီးပွားလာဘ်လာဘများ ဆပွားတိုးတက်
အောင်မြင်ကြပါစေကြောင်း Sweety မိသားစုမှ
လှိုက်လှဲစွာ နှစ်သစ်ဆုမွန်ကောင်းများ တောင်းအပ်လိုက်ပါသည်။
Sweety®
Lady life
NOBBY®

# Invitation for Bids

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**NATIONAL ELECTRIFICATION PROJECT**
**SPECIFIC PROCUREMENT NOTICE**
**IDA Credit No.:_5727-MM**
**Dated 18th April, 2019**
**Contract Title: Distribution Transformer for National Electrification Project**
**Reference No.** : MOEE-NEP-P2/C1-G1/19

1. The Ministry of Electricity and Energy has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Distribution Transformer for National Electrification Project.
2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of 11/0.4 kV- **50 kVA** and **100 kVA**, distribution transformer , for the total quantities of **4,900** transformers to be delivered in **2019** and **2020** to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods will be grouped into **4 lots** and bidders may submit bid for any one or more lots. Evaluation and award of contract will be on a lot-wise basis.
3. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised in July 2014] ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to the paragraphs 1.6 and 1.7 setting for the World Bank's policy on conflict of interest.
4. Interested eligible bidders may obtain further information from Project Manager, Office No (27), Ministry of Electricity and Energy, nep.pmomoep@gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours at the address given below .
5. Bidders can request complete set of bidding document from the purchaser via E-mail as mention below:

| | |
|---|---|
| Attention | : Project Manager<br>Project Management Office (National Electrification Project), Office Building No.27, Ministry of Electricity and Energy |
| City | : Nay Pyi Taw |
| ZIP Code | : 15011 |
| Country | : The Republic of the Union of Myanmar |
| Telephone | : +95 67 3431175 |
| Facsimile number | : +95 673431176 |
| Electronic mail address | : nep.pmomoep@gmail.com |

6. Bids must be delivered to the address below on or before 10:00 am, **4th June, 2019**. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below at 10:00 am, **4th June, 2019.**

Yadanar Hall, Office Building No.27,
Ministry of Electricity and Energy
City: Nay Pyi Taw
ZIP Code: 15011

7. All bids must be accompanied by a Bid Security as described in the bidding document.
8. The address referred to above para 4 and 5 are :

Attention: Project Manager
Project Management Office (National Electrification Project)
Office Building No.27, Ministry of Electricity and Energy
City: Nay Pyi Taw
ZIP Code: 15011
Country: The Republic of the Union of Myanmar
Telephone: +95 67 3431175
Facsimile number: +95 673431176
Electronic mail address: nep.pmomoep@gmail.com

## ရေကူးသင်တန်းများ လစဉ်သင်ကြားပေးနေပါသည်

[မြန်မာ့လက်ရွေးစင် နည်းပြများဖြင့် သင်ကြားပေးနေပါသည်။]

**တက္ကသိုလ် ရေကူးကန်**
**အင်းလျားလမ်း**
**(စိမ်းလန်းစိုပြေ ကားပါကင်ဝင်းအတွင်း)**
**ဖုန်း-၀၉-၇၃၁၀၅၂၇၆၊ ၀၉-၃၂၅၀၇၀၈၈**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်းပစ္စည်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများအား ဈေးနှုန်းအဆိုပြုလွှာပုံစံပါ နေ့ရက်များတွင် တင်သွင်းပေးပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) G 136 | စီမံကိန်းဆိုင်းဘုတ် | ၁၀၅၀၀ ချပ် |
| (ခ) G 137 | စီမံကိန်းတံဆိပ်ပါကျောပိုးအိတ် | ၂၀၀၀ လုံး |
| (ဂ) G 142 | အရွယ်အစား(၃)မျိုးဖြင့် စတစ်ကာများပုံနှိပ်ခြင်း | ၁၀၈၈၀၀ ခု |

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများအား ကြော်ငြာသည့်ရက်မှစ၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရမည့်နေ့မတိုင်မီနေ့ရက်ထိ ရုံးဖွင့်ရက်များ၌ လူကိုယ်တိုင်၊ ရုံးအမှတ် (၃၆)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော် (သို့မဟုတ်) အီးမေးလ်လိပ်စာ unioncdd procurement@gmail.com သို့ မိမိ၏လုပ်ငန်းအမည်၊ လိပ်စာနှင့်တယ်လီဖုန်းအမှတ်များဖော်ပြပြီး အခမဲ့ရယူနိုင်ပါသည်။
၃။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဦးကျော်စွာအောင်၊ ညွှန်ကြားရေးမှူး၊ ဝယ်ယူဖြန့်ဖြူးရေးနှင့် ထောက်ပံ့ရေးဌာန၊ ဖုန်း-၀၉-၄၃၄၃၄၃၃၃ သို့မဟုတ် ဝယ်ယူရေးဌာန၊ လူထုဗဟိုပြုစီမံကိန်း၊ ဖုန်း-၀၆၇-၄၁၈၆၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော် စိစစ်ရေးမှူး-၂ ရာထူး (၂၅)နေရာအတွက် လူတွေ့စစ်ဆေးခြင်းဖြေဆိုရန် ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း (၂၀၁၉ ခုနှစ် ဧပြီ ၁၂ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို ၁၆-၂-၂၀၁၉ရက် (စနေနေ့)တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။
၂။ အဆိုပါ ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခြင်း ဝင်ရောက်ဖြေဆိုရန် ရွေးချယ်ခံရသူများအား လူတွေ့စစ်ဆေးခြင်းကို ၁၈-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀:၀၀နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါသဖြင့် ဤဦးစီးဌာနတည်ရှိရာ ရုံးအမှတ် (၃၄)၊ နေပြည်တော်သို့ မပျက်မကွက်လာရောက်ဖြေဆိုရန် အကြောင်းကြားအပ်ပါသည်။
၃။ လူတွေ့စစ်ဆေးခြင်းလာရောက်ဖြေဆိုရန် ရွေးချယ်ခြင်းခံရသည့် ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပြီး စုံစမ်းမေးမြန်းနိုင်သည့် တယ်လီဖုန်းအမှတ်မှာ ဖုန်း-၀၆၇-၄၁၀၁၆၂၊ ၀၉-၄၃၀၄၆၁၂၅တို့ဖြစ်ပါသည်-

စိစစ်ရေးမှူး-၂ ရာထူးလူတွေ့စစ်ဆေးခြင်းလာရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံအမှတ်များ

| | | | | |
|---|---|---|---|---|
| ငွေတိုက်-၁ | ငွေတိုက်-၅ | ငွေတိုက်-၁၅ | ငွေတိုက် -၂၀ | ငွေတိုက်-၂၁ |
| ငွေတိုက်-၂၅ | ငွေတိုက်-၃၄ | ငွေတိုက်-၃၈ | ငွေတိုက် -၄၀ | ငွေတိုက်-၄၃ |
| ငွေတိုက်-၄၈ | ငွေတိုက်-၅၀ | ငွေတိုက်-၆၉ | ငွေတိုက် -၇၁ | ငွေတိုက်-၇၃ |
| ငွေတိုက်-၇၉ | ငွေတိုက်-၈၃ | ငွေတိုက်-၈၅ | ငွေတိုက် -၈၈ | ငွေတိုက်-၉၀ |
| ငွေတိုက်-၉၇ | ငွေတိုက်-၉၉ | ငွေတိုက်-၁၁၀ | ငွေတိုက် -၁၁၇ | ငွေတိုက်-၁၃၀ |
| ငွေတိုက်-၁၃၃ | ငွေတိုက်-၁၅၄ | ငွေတိုက်-၁၇၅ | ငွေတိုက် -၁၈၂ | ငွေတိုက်-၁၈၃ |
| ငွေတိုက်-၁၉၃ | ငွေတိုက်-၁၉၄ | ငွေတိုက်-၁၉၇ | ငွေတိုက် -၂၀၅ | ငွေတိုက်-၂၁၂ |
| ငွေတိုက်-၂၁၄ | ငွေတိုက်-၂၂၀ | ငွေတိုက်-၂၃၃ | ငွေတိုက် -၂၅၀ | ငွေတိုက်-၂၅၆ |
| ငွေတိုက်-၂၉၁ | ငွေတိုက်-၃၀၂ | ငွေတိုက်-၃၁၄ | ငွေတိုက် -၃၅၅ | ငွေတိုက်-၃၅၈ |
| ငွေတိုက်-၃၉၅ | ငွေတိုက်-၄၀၀ | ငွေတိုက်-၄၁၇ | ငွေတိုက် -၄၇၄ | ငွေတိုက်-၄၈၃ |

**ငွေတိုက်ဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**နေပြည်တော်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နှယ်ခွေကျေးရွာ၊ အမှတ် (၃)လမ်းနှင့် ရွှေညောင်ပင်ဆက်သွယ်လမ်းမပေါ်ရှိ နှယ်ခွေပင်မသိုလှောင်ရုံစခန်းဝင်းအတွင်းမှ သိုလှောင်ရုံအမှတ် (၂၊ ၃၊ ၄)အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ (၅)နှစ် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ငှားရမ်းမှု အိတ်ဖွင့်တင်ဒါဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၉ရက်မှ ၃၀-၄-၂၀၁၉ ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ ရုံးအမှတ် (၄၃)၊ နေပြည်တော်
(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၂-၅-၂၀၁၉ရက်၊ ၁၃:၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၁၉၆နှင့် ၀၆၇-၄၁၀၅၂၄တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာကို ၁၄-၅-၂၀၁၉ရက်၌ အဆိုပြုလွှာပုံစံပါအချိန်နှင့်နေရာသို့ တင်သွင်းပေးပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) G 126 မိတ္တူကူးစက် (၇၀)လုံး

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံအား ကြော်ငြာသည့်ရက်မှစ၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရမည့်နေ့မတိုင်မီနေ့ရက်ထိ ရုံးဖွင့်ရက်များ၌ လူကိုယ်တိုင်၊ ရုံးအမှတ် (၃၆)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်(သို့မဟုတ်) အီးမေးလ်လိပ်စာ- unioncdd procurement@gmail.com သို့ မိမိ၏လုပ်ငန်းအမည်၊ လိပ်စာနှင့် တယ်လီဖုန်းအမှတ်များ ဖော်ပြပြီး အခမဲ့ရယူနိုင်ပါသည်။
၃။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဦးကျော်စွာအောင်၊ ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၄၃၄၃၄၃၃၃ သို့မဟုတ် ဝယ်ယူရေးဌာန ဖုန်း-၀၆၇-၄၁၈၆၃၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၈၀**

| | | |
|---|---|---|
| ဒေါ်နီနီမြင့် | **နှင့်** | ၁။ ဦးထွန်းဝင်း |
| | | ၂။ ဒေါ်ယုယုမော် |
| | | ၃။ ဦးဇင်ကိုကို |
| | | ၄။ ဒေါ်ကြည်ကြည်ဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

(၂)ဒေါ်ယုယုမော် (ဘ)ဦးကိုကို၊ (၃)ဦးဇင်ကိုကို (ဘ)ဦးခင်ဇော် (လိပ်စာတူများ) (ရှ-၄)၊ မြို့သစ်(၃)ရပ်ကွက်၊ ၆၁ လမ်းနှင့် ဇလပ်ဝါလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျူးကျော်ဝင်ရောက်အဆောက်အအုံ ဆောက်လုပ်နေထိုင်သူများအား အဆောက်အအုံကိုပါ ဖျက်သိမ်းဖယ်ရှားထွက်ခွာစေ၍ မြေကွက်ပြန်လည်လက်ရောက်ပေးအပ်စေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဧပြီ ၂၅ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇၇၄**

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် | **နှင့်** | ၁။ ဦးကျော်စွာထွန်း |
| မန္တလေးဘဏ်ခွဲ (၁၀) (၎င်း၏ | | ၂။ ဦးကိုကိုကြီး(ခ)ဦးကိုကြီး |
| ကိုယ်စား တာဝန်ခံမန်နေဂျာ | | ၃။ ဒေါ်ခင်မာထွေး |
| ဒေါ်ဝါဝါယဉ်မင်း) | | |
| **တရားလို** | | **တရားပြိုင်များ** |

(၂) ဦးကိုကိုကြီး(ခ)ဦးကိုကြီး၊ (၃) ဒေါ်ခင်မာထွေး (အတူနေလင်မယား)၊ မြတ်မာန်အောင် ကျောက်မျက်ရတနာရောင်းဝယ်ရေး၊ အကွက် (၂၆၁)၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၃ အရ အပေါင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**မန္တလေးခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နှင်းဆီ ၁၃/ဟပန(နိုင်)၀၈၇၄၆၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၅၄၉၀၆၆၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၄၅၊ မြမာလာ)၊ ဦးပိုင်အမှတ်(၁၈၄-ဆ/၁)၊ မြေယာအမှတ်(108/109)၊ မြေဧရိယာ ၀ ဒသမ ၁၅၉ ဧကရှိ မြေကွက်အား မြေငှားဂရန်(ကျန်အပိုင်း၊ ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်အိအိချောပါ(၂)ဦး ၉/မမန(နိုင်)၀၈၀၂၃၁မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III ကွက်ပြင်)၊ ဦးပိုင်အမှတ်(၆၄-ဋ/၃)၊ မြေယာအမှတ်(191/480-B-3)၊ မြေဧရိယာ ၀ ဒသမ ၁၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးချိုဝင်း ၉/မမန(နိုင်)၀၀၀၀၉၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အကွက်အမှတ်(၇၊ ပဒေသာ)၊ ဦးပိုင်အမှတ် ၄၀၄၊ မြေယာအမှတ် 404၊ မြေဧရိယာ ၀ဒသမ၀၅၈ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သဲစုဝင်း ၉/ခမစ(နိုင်)၀၄၄၄၁၈မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ နောင်လိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၇၃၁)၊ ဦးပိုင်အမှတ် (၈၇)၊ မြေဧရိယာ ၄ဒသမ၀၀ဧကရှိ ယာမြေအား ဦးခင်မောင်စိုး ၉/ကဆန(နိုင်)၀၄၅၉၀၄မှ ရှံ့စေးမြေ ထုတ်ယူအသုံးပြုရန်အတွက် ပြင်ဦးလွင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၃၀အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ဆေးတလုံးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၉၀/၇၆၃)၊ ဦးပိုင်အမှတ် ၆၇၊ မြေဧရိယာ ၆ဒသမ၀၀ဧကရှိ ယာမြေအား ဒေါ်သင်းသင်းမာ ၁၂/သကတ(နိုင်)၀၉၉၀၇၅မှ သီးနှံကိုဒေါင်နှင့် သီးနှံထုပ်ပိုးရေးရုံ ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၃၀အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ အကွက်အမှတ် (RA-V၊ ကွက်ပြင် -၅)၊ ဦးပိုင်အမှတ် (၂၇-က/၁)၊ မြေယာအမှတ် (24-A/1)၊ မြေဧရိယာ ၀ဒသမ၅၄ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမျိုးသိန်း(ခ)မိုဘင် ၉/မမန(နိုင်)၀၂၈၄၄၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(၂၃)၊ မြေဧရိယာ ၁ ဒသမ ၁၁ ဧကရှိ ယာမြေအား ဒေါ်လှသန္တာ ၁၁/ရဗန(နိုင်)၀၀၁၀၈၃မှ လူနေအိမ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်မြို့**

# သင့် သွေး ဖြင့် အ သက် ကယ် ပါ

## Capt: တင်မောင်ပါ (C.D.C 2985)
ကြယ်ငါးပွင့်
ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအပတ်စဉ်(၁) ၁/၆၃(ဆိပ်ကြီး)
(ရွှေကျင်အသင်း)
အသက်(၇၇)နှစ်

ရွှေကျင်မြို့၊ မကျည်းတန်းရပ်နေ (ဦးစောမောင်-ဒေါ်သန်းတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးတင်-ဒေါ်အုန်းမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ အောင်ဇေယျလမ်း၊ အမှတ်(၂၈)နေ ဒေါ်ခင်ရွှေဦး၏ခင်ပွန်း၊ ဦးဇေဌပါ-ဒေါ်ပပဦးသာ၊ ဦးရူဝပါ-ဒေါ်လွင်လွင်မြ၊ ဦးဇော်လင်းကို-ဒေါ်ခင်ဝဌာပါ၊ ဦးအောင်အောင်သီဟ-ဒေါ်ခင်သရဝဏ်ပါတို့၏ကျေးဇူးရှင်ဖခင်၊ မမြနှင်းဒီပါ၊ မောင်စွမ်းထက်အောင်၊ မဇမ္ဗူဒီပါ၊ မလင်းသုန္ဒရီပါ၊ မောင်လင်းသုန္ဒရပါတို့၏ချစ်လှစွာသောအဘိုးသည် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက်၁၀း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ၈-၄-၂၀၁၉ ရက်နေ့မှစ၍ ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များနှင့် Telematic စနစ် တပ်ဆင်ထားသောယာဉ်များသည် အောက်ပါအချက်များ မပြည့်စုံပါက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် ဖြတ်သန်းမောင်းနှင်ခွင့်မရှိ

၁။ ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာအလုပ်လုပ်သုံးစွဲနိုင်ရမည်။
၂။ ယာဉ်၏ကိုယ်ထည် ကြံ့ခိုင်ကောင်းမွန်မှုရှိရမည်။
၃။ တာယာများစံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှုရှိရမည်။
၄။ အင်ဂျင်၏ မီးခိုးထွက်နှုန်းသည် (၅၀%) Bosch Unit ထက်မပိုရ။
၅။ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်ထက် ပိုမိုတပ်ဆင်ထားခြင်း မရှိရ။
၆။ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။
၇။ မီးသတ်ဆေးဘူး (3Kg) (၂ ဘူး)တပ်ဆင်ထားရှိရမည်။
၈။ အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်မှု ရှိရမည်။ (အရေးပေါ်ထွက်ပေါက်နေရာအား ထိုင်ခုံဖြင့် ပိတ်ဆို့ထားဆီးခြင်း မရှိစေရ)
၉။ လေကာမှန်၊ ရေသုတ်တံ၊ (Wiper) များ ကောင်းမွန်မှုရှိရမည်။
၁၀။ ရောင်ပြန်ပြားများ သတ်မှတ်ချက်အတိုင်း တပ်ဆင်ထားရှိရမည်။
၁၁။ ယာဉ်ရပ်နားစဉ်တွင် အသုံးပြုသည့် တြိဂံရောင်ပြန်ပါရှိရမည်။
၁၂။ အရေးပေါ်အချိန်တွင် မှန်ခွဲသည့်တူ (Emergency Hammer) များအား ခရီးသည်များ အလွယ်တကူအသုံးပြုနိုင်သော နေရာတွင် တပ်ဆင်ထားရှိရမည်။
၁၃။ ရှေ့လေကာမှန်နှင့် ဘေးပြူတင်းမှန်များ(Safety Glass) ဖြစ်ပြီး ကောင်းမွန်ပြည့်စုံမှုရှိရမည်။
၁၄။ နောက်မြင်ကွင်းအား လွယ်ကူရှင်းလင်းစွာ တွေ့မြင်နိုင်ရမည်။
၁၅။ ယာဉ်မောင်းနှင့် ခရီးသည်များအားလုံး ထိုင်ခုံခါးပတ် ပတ်ဆင်ထားရမည်။
၁၆။ လုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် ကိုက်ညီမှု၊ (င)ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူသာ မောင်းနှင်ခွင့် ပြုမည်။
၁၇။ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ယာဉ်လုပ်သားများအရက်သေစာမသောက်စားရ။
၁၈။ ယာဉ်မောင်းချိန် (၈)နာရီထက်ကျော်လွန်သော ခရီးစဉ်တွင် ယာဉ်မောင်း(၂)ဦး ပါရှိရမည်။
၁၉။ အမြန်လမ်းအားအသုံးပြုသည့် မည်သည့်ယာဉ်မဆို ခေါင်မိုးပေါ်တွင် လူနှင့်ပစ္စည်းများ တင်ဆောင်ခြင်း မပြုလုပ်ရ။
၂၀။ Telematic စနစ်တပ်ဆင်ထားသော ကုန်စည်တင်ယာဉ်များသည် အမိုးအကာ၊ တာလပတ်များဖြင့် စနစ်တကျ အုပ်ဆိုင်းချည်နှောင်ထားရမည်။

**ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှုပူးပေါင်းစစ်ဆေးရေးအဖွဲ့**

## သွေးတိုးရောဂါကာကွယ်ပါ (၁)

သွေးပေါင်ချိန် (၁၄၀/၉၀) မီလီမီတာ မာကျူရီနှင့်အထက်ရှိလျှင် သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ထားပါသည်။

သွေးတိုးရောဂါ၏ လက္ခဏာများမှာ-
- ခေါင်းမူးခြင်း
- ခေါင်းကိုက်ခြင်း
- ဇက်ကြောတက်ခြင်း
- အော့အန်ခြင်း
- သတိလစ်ခြင်းတို့ဖြစ်ပြီး အချို့လူများတွင် မည်သည့်လက္ခဏာမှမပြဘဲ သွေးတိုးရောဂါ၏ နောက်ဆက်တွဲဝေဒနာများဖြစ်သည့် နှလုံးရောဂါ၊ ရုတ်တရက် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်တတ်ပါသည်။

**သွေးတိုးရောဂါရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် သွေးပေါင်မှန်မှန် ချိန်ပြီး စနစ်တကျဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ဆွေလှိုင်
အသက်(၉၈)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်ဘူး-ဒေါ်လှည္တန့်)တို့၏သမီး၊ တောင်ငူမြို့နေ (ဦးမြ-ဒေါ်မမ)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးကြီးသိန်းဟန်)၏ ချစ်လှစွာသောဇနီး၊ (ဦးကျော်အုံ့-ဒေါ်အေးကြိုင်)၊ (ဦးခင်မောင်လေး)-ဒေါ်မာမာအေးတို့၏အစ်မ၊ ဒေါက်တာအောင်မျိုးဟန်-ဒေါက်တာခင်အိဟန်၊ (ဦးထွန်းနိုင်)-ဒေါ်ဆွေဆွေဟန်၊ (ဒေါက်တာခင်မဥ္ဇူဟန်)၊ ဦးမြင့်စိုး-ဒေါ်သီဂီဟန်တို့၏မိခင်၊ တူ၊ တူမ ၁၇ယောက်၊ မြေး လေးယောက်၊ မြစ် နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ဗဟန်း မြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာလမ်း၊ အမှတ် (၃၀/D)နေအိမ်၌ ၁၅-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]
ကျန်ရစ်သူမိသားစု

## ဒေါ်မြဟန်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးအရှေ့ရပ်ကွက်၊ သြဘာလမ်း၊ အမှတ် ၅၅(လေးလွှာ-A)နေ (ဦးဖိုးထွေး-ဒေါ်လှတင်)တို့၏သမီး၊ ဦးရွှေသန်း၏ဇနီး၊ ဒေါ်မူမူသန်း(ခ)မဥမ္မာ၊ ဦးသောင်းထွန်း(ခ)ကိုဖိုးချို၊ ဦးနိုင်အောင်(အလုံ-ဓာတ်အားပေးစက်ရုံ)-ဒေါ်ခင်လှဝေ(ကထိက၊ ဥပဒေပညာဌာန၊ ထားဝယ်တက္ကသိုလ်)တို့၏မိခင်၊ မောင်ကောင်းဆက်လင်း(TTC၊ လှိုင်)၏အဘွားသည် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်မူပလယ်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်ကြာညွှန့်လမ်း၊ (၃၂)ရပ်ကွက်၊ အမှတ် ၁၅၂နေ (ဦးမူတူး-ဒေါ်မြကြီး) တို့၏သမီး၊ (စောအလီဂျာဖိုး)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးလွင်-နော်မေမေအောင်(မချို)၊ ဦးကျော်စွာအောင် (C/E,Raffles Technical Services Pte., Singapore)-နော်ရီရီအောင်၊ စောပေါက်ပေါက်-နော်လီလီအောင်(ချောစု)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၆-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဝတ်ပြုဆုတောင်းခြင်းကို ၁၈-၄-၂၀၁၉ရက် နံနက် ၁၁နာရီ နှင့် ၂၂-၄-၂၀၁၉ရက် နံနက် ၈နာရီတို့တွင်ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ကို(ခ)တန်အီပိန်း (ညောင်တုန်းမြို့နယ်အသင်း)
(ညောင်တုန်းမြို့)
ရွှေရောင်းဝယ်ရေး၊ ညောင်ပင်လေးဈေး၊ ရန်ကုန်
အသက်(၇၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစင်းကား-ဒေါ်လှရင်)တို့၏သား၊ (ဦးဟုတ်စိန်)-ဒေါ်ရှုဝေ တို့၏မောင်၊ ဦးမောင်မောင်ကြည်-ဒေါ်ရှုခင်တို့၏ညီ၊ ဦးအောင်ကြည်-ဒေါ်ရှုဟုန်၊ ဦးသန်းလွင်-ဒေါ်ရှုနန်း၊ ဦးအိုဂုက်-ဒေါ်ခင်ညိုဝင်းတို့၏အစ်ကို၊ ဒေါ်ခင်ခင်ဖော၏ခင်ပွန်း၊ မမေဇင်ဦး၊ မမေဇင်ဝင်းမောင်၊ လင်းထက်အောင်တို့၏ဖခင်သည် ၁၆-၄-၂၀၁၉ရက် (အင်္ဂါနေ့) ည ၁၀း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ်(၁၃)၊ မြေညီထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးမြင့်သိန်း (အင်းမ)
အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ (ဦးပေါ်လှ-ဒေါ်ထွားကြည်)တို့၏သား၊ ဦးမောင်မောင်စိုး-ဒေါ်ညွန့်ညွန့်ခင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သုခမ္မာလမ်း၊ အမှတ်(၈၈)နေ ဒေါ်စန္ဒာစိုး(မြင့်စန္ဒာ-အိမ်ဆောက်ပစ္စည်းရောင်းဝယ် ရေး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်ခင်ဖုန်းမြင့်တို့၏ညီ/မောင်၊ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးသန်းထွန်းဦး -ဒေါ်ခင်မာချို၊ ဦးကျော်ကျော်ဦး-ဒေါ်ဥမ္မာထွန်း၊ ဒေါ်နီနီချို၊ ဒေါ်ကြည်ကြည်မော်၊ ဦးကျော်မိုးနိုင်-ဒေါ်စန္ဒာခင်၊ ဒေါ်သီတာစိုး၊ ဦးသောင်းထိုက်စိုး-ဒေါ်တင်မာဇော်တို့၏အစ်ကို၊ တူ၊ တူမခုနစ်ယောက်တို့၏ဘကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၃း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ ပုပ္ပားကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ဦးသိန်းဝင်း(ခ)ဦးဖိုးသီ
(ပင်မရေနံ-ခနီတော)(ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀တောင်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်(၅)၊ အခန်း(၃၀၃)နေ (ဦးပု-ဒေါ်စိန်)တို့၏သား၊ ဦးအောင်လင်း[ဥက္ကဋ္ဌ၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ-မြောက်ဒဂုံ]-ဒေါ်ခင်ခင်လေး၊ ဦးခင်အောင်(ဈေးတာဝန်ခံ ဒဂုံသီရိဈေး-တောင်ဒဂုံ)-ဒေါ်အေးအေးမော်၊ ဦးမောင်မောင်ထွေး-ဒေါ်ဆန္ဒဝင်းတို့၏ဖခင်၊ ကိုသူရအောင်(ဦးသူရစာသင်ဝိုင်း၊မြောက်ဒဂုံ)၊ ကိုပြည့်ဖြိုးဟန်-မဝတ်ရည်လှိုင်၊ မဖူးပွင့်ခိုင်၊ မောင်ထူးထက်စံတို့၏အဘိုးသည် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၄-၂၀၁၉ရက် နံနက်၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးလှဦး(ခ)ကဗျာဆရာမောင်ကြည်မွန်
စိန်ဂျွန်းကျောင်းသားဟောင်း
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၆)၊ ရွှေတောင်တန်း လမ်းနေ (ဦးမြသာ-ဒေါ်အောင်မေ)တို့၏သား၊ ဒေါ်ရင်ကြည်(ခ)ဒေါ်သူဇာ၏ခင်ပွန်း၊ မောင်ဝေဇော်ခိုင်-မခိုင်ကြူသင်း၊ မောင်ပြည့်ဖြိုးသာ-မသင်ဇာလွင်တို့၏ဖခင်၊ မရွှန်းရတီဖြိုး၏အဘိုးသည် ၁၇-၄-၂၀၁၉ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၂၃-၄-၂၀၁၉ရက် နံနက် ၆ နာရီမှ ၈ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဒေါ်မြစိန် (မော်လမြိုင်)
ရုံးအုပ်၊ ဗဟိုအလုပ်သမားအစည်းအရုံး
အလပြ(ငြိမ်း)၊ အလက(၈)ဥယျာဉ်စု
အထက(၃)ပျဉ်းမနား၊ အထက(၁)ကော့သောင်း
အသက်(၇၇)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၁၄/၅၃၀)နေ (ဦးကြူဝိန်-ဒေါ်ဖွားခင်)တို့၏သမီး၊ စလင်းမြို့နေ(ဦးရွှေဖူး-ဒေါ်အေးတင့်)တို့သမီးချွေးမ၊ ဦးတင့်ရွှေ (ဦးစီးအရာရှိ-ငြိမ်း၊ ပြန်/ဆက်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)၏ဇနီး၊ (ဦးအောင်မြင့်ခိုင်)-ဒေါ်သီတာတင့်(ပြန်/ဆက်၊ ပျဉ်းမနားရုံး)၊ ဦးနေဝန်းတင့်-ဒေါ်တင်မာ ဝင့်တို့၏မိခင်၊ ဒေါ်နေရည်ဝန်းရွှေ(ပြန်/ဆက်၊ လယ်ဝေးရုံး)၊ ဦးကျော်စိုးလွင်-ဒေါ်တင့်ဖူးခိုင်(ပြန်/ဆက်၊ ဥတ္တရခရိုင်ရုံး)၊ မောင်သီဟနေဝန်း(တတိယနှစ်၊ မြို့ပြ၊ နည်းပညာတက္ကသိုလ်၊ တောင်ငူ)၊ မဖူးပွင့်အောင် (အဌမတန်း၊ အထက-၂၊ ပျဉ်းမနား) တို့၏အဘွားသည် ၁၇-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၀နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ဆေးရုံကြီး၌ ကွယ် လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၉ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ဒါယိကာမကြီး
## ဒေါ်ရီရီမြင့် အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)လုံးတန်း၊ တိုက်(၂၁၇)၊ အခန်း(၁၀)နေ (ဦးငွေဆိုင်-ဒေါ်ဆင့်)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်-ဒေါ်သန်း)တို့၏သမီး၊ ဦးဝင်းမြင့်(ရပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ သတင်းထောက်)၏ချစ်လှစွာသောဇနီး၊ [ဦးဂျောမီ(ခ)ဦးတင်ဇော်အေး)-ဒေါ်နီလာဝင်းမြင့်၊ ဦးဆက်ဝင်းမြင့်(စွမ်းအင်-ငြိမ်း၊ ရေနံသယ်ပို့)-ဒေါ်စန်းစန်းဝင်း(လယ်ယာ/ဆည်မြောင်းစက်ရုံမှူး-ငြိမ်း)၊ ဦးသက်ဝင်းမြင့်- ဒေါ်ခင်တိုးမာ(ဗိုလ်ချုပ်ဈေး)တို့၏ချစ်လှစွာသောမိခင်၊ ကိုခိုင်မင်းဇော်(ချင်းတွင်းကောလိပ်)၊ ကိုမင်းဟိန်းကျော်(ချင်းတွင်းကောလိပ်)၊ ကိုရဲအိမ်ချမ်းမြေ့၊ မယွန်းအိမ်ချမ်းမြေ့၊ မသင်းမြတ်ဝတီဦး(National Management Degree College)၊ မောင်မင်းဟန်ကောင်း(ALBA)တို့၏ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု

## ဦးအောင်ဇော်ဦး(CCK-Norstar Co., Ltd) အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းညို-(ဒေါ်မြင့်မြင့်ကြီး) တို့၏သားငယ်၊ (ဦးသန်းဝင်း-ဒေါ်ကြည်အောင်) အေးစန္ဒာ အုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေးမိသားစု တို့၏သားသမက်၊ ကိုသူရရဲဝင့်-မခိုင်ဇင်သင်း၊ မမိုးဇင်သင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ဉာဏ်ဏရဲဝင့်၏ချစ်လှစွာသောအဘိုး၊ ဒေါ်အေးအေးမော်၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်၃၈၉/၁၅၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။[ကွယ်လွန်သူအား ရည်စူး၍ ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်ဦး
တာမွေမြို့နယ်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၅လမ်း၊ အမှတ်-၄၅နေ ဦးအောင်တင်-ဒေါ်ကြူစွမ်းတို့၏သား၊ ဦးသိန်းအောင်-(ဒေါ်ငြိမ်းတင်)တို့၏သားသမက်၊ ဒေါ်မို့မို့လွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဦး-ဒေါ်သင်းသင်းနွယ်၊ ဦးသန်းငွေအောင်၊ ဦးဝင်းထွေး-မနီလာယုတို့၏အစ်ကို၊ မသီသီနိုင်၊ မောင်ကျော်ရဲလွင်၊ မောင်ရဲလင်းထိုက်တို့၏ဖခင်သည် ၁၇-၄-၂၀၁၉ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ် ၄၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

# ဆရာတော်များက နေပြည်တော်ကောင်စီ နယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူ

နေပြည်တော် ဧပြီ ၁၇

**ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်ကုန်ဆုံး၍ ၁၃၈၁ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ နေ့ထူးနေ့မြတ်အချိန်အခါ သမယ ဖြစ်သည့်အတွက် နှစ်ဟောင်းမှ ကိုယ်၏အညစ်အကြေးများကို အတာရေဖြင့် ဆေးကြော သန့်စင်ပြီး စိတ်၏အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြော သန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာ အစပြုကြသည်။**

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီး ဘိုးဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းမှုများ ပြုလုပ်ပေးခြင်းနှင့် ကန်တော့ခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းနှင့် ကုသိုလ်ဒါနပြုခြင်းတို့ဖြင့် နှစ်သစ်ကို အစပြုကြသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် နှစ်သစ်ကူးနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းမှစ၍ တန်ခိုးကြီးဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ (၁၁)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် ဘုရားဖူးလာ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐



ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသောဆရာတော်၊သံဃာတော်များက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများ ဖျန်းပက်ကာ မေတ္တာပို့သကြစဉ်။

# ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၈ နှင့် ယူ-၁၅ အသင်း ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၇**

ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၈ အသင်းနှင့် မြန်မာ ယူ-၁၅ အသင်းသည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံမှတစ်ဆင့် ဟောင်ကောင်သို့ ထွက်ခွာသွားသည်။

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်သည် ယူ-၁၈ ပြိုင်ပွဲနှင့် ယူ-၁၅ ပြိုင်ပွဲကို တစ်ပေါင်းတည်း ကျင်းပခြင်းဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ယူ-၁၈ ပြိုင်ပွဲတွင် အိမ်ရှင် ဟောင်ကောင်၊ မြန်မာ၊ ဗီယက်နမ်၊ စင်ကာပူ၊ ယူ-၁၅ ပြိုင်ပွဲတွင် အိမ်ရှင် ဟောင်ကောင်၊ မြန်မာ၊ မလေးရှားနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၁၉ ရက်တွင် ဟောင်ကောင်အသင်း၊ ဧပြီ ၂၀ ရက်တွင် *စာမျက်နှာ ၁၂ ကော်လံ ၁* ▼



ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၅ အသင်း ဓာတ်ပုံ-MFF

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချပ်ပိုပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် နေပြည်တော်ကောင်စီ၏ တတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။**

# AFC Cup ပြိုင်ပွဲ ရန်ကုန်အသင်း အိမ်ကွင်း၌ ရှုံး

**ရန်ကုန် ဧပြီ ၁၇**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (F) ပွဲစဉ်ဖြစ်သည့် မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဗီယက်နမ်ကလပ် ဟန္နိုင်းအသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းသည် ငါးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရန်ကုန်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရန် အခွင့်အရေး နည်းသွားပြီဖြစ်ပြီး လက်ကျန်နှစ်ပွဲတွင် ရှန်းကန်ရတော့မည်ဖြစ်သည်။ ဟန္နိုင်းအသင်းမှာမူ ပထမအကျော့ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ◆




မြန်မာ့အလင်း
ကြာသပတေး၊ ဧပြီ ၁၈၊ ၂၀၁၉

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် အားသွန်ခွန်စိုက် ဆောင်ရွက်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဆောင်ရွက်သွားမည့် နေပြည်တော်ကောင်စီ

//////////// သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - မိုင်ခ ////////////

နေပြည်တော်ကောင်စီသည် နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသော မူဝါဒများကိုအခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာအသီးသီးမှ ရည်မှန်းချက် လုပ်ငန်းတာဝန်များကို ရရှိသော ဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"နေပြည်တော်ကောင်စီအနေနဲ့ တတိယ (၁)နှစ်တာကာလအတွင်း မိမိတို့ တာဝန်ယူရတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းမြင့်မားရေးတို့ကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်နေပါတယ်"ဟု နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြောသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၏ ရည်မှန်းချက်ဖြစ်သော ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်သောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားမှုဆိုင်ရာ အခွင့်အရေးများ ကျေးလက်အထိ ရရှိရေးအတွက် လိုအပ်သော အခြေခံ အဆောက်အအုံများ ဆောက်လုပ်ရန်၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများအရ ရရှိနိုင်မည့် အခွင့်အရေးများ၊ အကာအကွယ်ပေးမှုများကို ပြည်သူများ အပြည့်အဝခံစားခွင့်ရရှိရန်နှင့် နေပြည်တော်ကို အနာဂတ်မျှော်မှန်းချက်များ ရွေးချယ်သတ်မှတ်ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် စသည်တို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအနေဖြင့် အစိုးရသက်တမ်း (၃) နှစ်တာကာလအတွင်း နှစ်အလိုက်လုပ်ငန်းများကို ကဏ္ဍအလိုက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ဒေသအစီအစဉ် အလှူရှင်များ၏ အလှူငွေများဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရ (၁)နှစ်တာကာလတွင် လုပ်ငန်းပေါင်း ၁၄၃၁ ခုကို ငွေကျပ်သန်းပေါင်း ၄၁၆၃၂ ဒသမ ၂၄၇ သန်းနှင့် ဒုတိယ (၁)နှစ်တာကာလတွင် လုပ်ငန်းပေါင်း ၁၃၉၂ ခုကို ငွေကျပ်သန်းပေါင်း ၄၂၄၆၄ ဒသမ ၅၅၅ သန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအစိုးရ၏ တတိယ (၁)နှစ်တာ ကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၂၀/ ၂၀၁၈ ဖြင့် သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း အကောင်အထည်ဖော်မှုနှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အကောင်အထည်ဖော် ဆောင်ရွက်မှုများမှာ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ဒေသအစီအစဉ် အလှူရှင်များမှ လှူဒါန်းခဲ့သည့် လုပ်ငန်းပေါင်း ၆၁၂ ခုကို ငွေသန်းပေါင်း ၈၀၆၄ ဒသမ ၀၄၅ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ဒေသအစီအစဉ် အလှူရှင်များမှ လှူဒါန်းသည့် လုပ်ငန်းပေါင်း ၁၂၆၇ ခုကို ငွေကျပ်သန်းပေါင်း ၈၂၇၂၄ ဒသမ ၆၆၆ သန်း ခွင့်ပြုခဲ့သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

*အချပ်ပို(ခ)သို့*



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်

**"ဆောက်လုပ်ပေးမယ့် ကျောင်းတွေထဲမှာ ဝေးလံခက်ခဲတဲ့ ဒေသတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဥပမာ - ပျဉ်းမနားအရှေ့ခြမ်းတောင်ပေါ်ဒေသမှာဆိုရင် မရမ်းတောင် အထက်နဲ့အောက်၊ အလယ်ချောင်း(ရွာမ) အလယ်ချောင်း အထက်နဲ့ ခြောက်အိမ်စု အစရှိသည့် ကျောင်းများ ပါဝင်သလို လယ်ဝေး၊ တပ်ကုန်းနဲ့ ဥတ္တရသီရိမြို့နယ်တွေမှာရှိတဲ့ ဝေးလံခေါင်သီတဲ့ နေရာတွေက ကျောင်းတွေမှာ ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်"**



၂၃-၁-၂၀၁၉ ရက်က နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အဖွဲ့ ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

*အချပ်ပို(က)မှ*

### ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ဒေသအလှူရှင်များ၏ အစီအစဉ်ဖြင့် လုပ်ငန်းပေါင်း ၁၀၆ ခုကို ငွေကျပ်သန်းပေါင်း ၅၄၉၂ ဒသမ ၆၇၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှ အမက(ခွဲ)သို့ ငါးကျောင်း၊ အမက(ခွဲ)မှ အမကသို့ ၁၄ ကျောင်း၊ အမကမှ မူလတန်းလွန်သို့ ၂၇ ကျောင်း၊ မူလတန်းလွန်မှ အလက(ခွဲ)သို့ ကျောင်း ၂၀၊ အလက(ခွဲ)မှ အလက သို့ ၂၁ ကျောင်း၊ အလကမှ အထက(ခွဲ)သို့ လေးကျောင်း၊ အထက(ခွဲ)မှ အထကသို့ လေးကျောင်းဖြစ်ပြီး အခြေခံပညာကျောင်း စုစုပေါင်း ၉၆ ကျောင်းကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျောင်းဆောင်ပေါင်း ၉၀ ဆောက်လုပ်နိုင်ရေး ခွင့်ပြုရန်ပုံငွေရရှိပြီး စာသင်ကြားမှု ပိုမိုလွယ်ကူ၍ ရေရှည်ခိုင်ခံ့ရန်အတွက် သံဇရိန်ဖြင့် စာသင်ခုံ ၁၆၁၆ ခုံကို ဖြန့်ဝေထားသည့်အပြင် ကျောင်းသား၊ ကျောင်းသူ ၂၀၇၃၀၀ ကို ပြဋ္ဌာန်းစာအုပ်များ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့သည်။

"ဆောက်လုပ်ပေးမယ့် ကျောင်းတွေထဲမှာ ဝေးလံခက်ခဲတဲ့ ဒေသတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဥပမာ - ပျဉ်းမနားအရှေ့ခြမ်းတောင်ပေါ်ဒေသမှာဆိုရင် မရမ်းတောင် အထက်နဲ့ အောက်၊ အလယ်ချောင်း(ရွာမ) အလယ်ချောင်းအထက်နဲ့ ခြောက်အိမ်စု အစရှိသည့် ကျောင်းများပါဝင်သလို လယ်ဝေး၊ တပ်ကုန်းနဲ့ ဥတ္တရသီရိမြို့နယ်တွေမှာ ရှိတဲ့ ဝေးလံခေါင်သီတဲ့နေရာတွေက ကျောင်းတွေမှာ ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြောသည်။

KG - Kinder Garden ပညာရေးစနစ် အကောင်အထည်ဖော်မှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်ကစ၍ စတင်အကောင်အထည်ဖော်လာခဲ့ပြီး ယခုဆိုရင် ၈၀ ရာခိုင်နှုန်းခန့် အောင်မြင်မှုရရှိကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆိုသည်။

### ကျန်းမာရေးကဏ္ဍ

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (Mini Budget)တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ဖြင့် လုပ်ငန်းနှစ်ခုကို ငွေကျပ်သန်းပေါင်း ၁၅ ဒသမ ၁၄၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ဒေသအလှူရှင်များ၏ အစီအစဉ်ဖြင့် လုပ်ငန်း ၂၄ ခုကို ငွေကျပ်သန်းပေါင်း ၁၇၉၅ ဒသမ ၄၂၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နေပြည်တော်အတွင်းတွင် ဗဟိုအဆင့်ဆေးရုံ ခြောက်ရုံ၊ နေပြည်တော်ကုသရေးဌာနအောက်တွင် ခုတင် ၂၀၀ ဆေးရုံ တစ်ရုံ၊ မြို့နယ်အဆင့် ခုတင် ၁၀၀ ဆေးရုံ နှစ်ရုံ၊ ခုတင် ၅၀ ဆေးရုံ ခြောက်ရုံနှင့် တိုက်နယ်ဆေးရုံ ၂၅ ခုတင်ဆံ့ တစ်ရုံနှင့် ၁၆ ခုတင်ဆံ့ ဆေးရုံ ခြောက်ရုံ စုစုပေါင်း ဆေးရုံ ၂၂ ရုံဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကာကွယ်ဆေးထိုးနှံမှု ရာခိုင်နှုန်းများမှာ တီဘီရောဂါကာကွယ်ဆေး ၉၇ ဒသမ ၀၈ ရာခိုင်နှုန်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ အဆုတ်ရောင်ကာကွယ်ဆေး ၉၇ ဒသမ ၅၇ ရာခိုင်နှုန်း၊ ပိုလီယိုကာကွယ်ဆေး (အစက်ချ) ၉၇ ဒသမ ၅၇ ရာခိုင်နှုန်း၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး



၁-၁၂-၂၀၁၈ ရက်က နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ အမှတ် (၂) ခရိုင်ချင်းဆက်လမ်း လမ်းတံတားကြံ့ခိုင်မှု အခြေအနေများ ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအား မှာကြားစဉ်။

၉၇ ဒသမ ၅၈ ရာခိုင်နှုန်း၊ ဝက်သက်/ ဂျိုက်သိုးရောဂါကာကွယ်ဆေး ၉၈ ဒသမ ၉၅ ရာခိုင်နှုန်း၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ၉၁ ဒသမ ၈၁ ရာခိုင်နှုန်း၊ မေးခိုင်/ဆုံဆို့နာ ရောဂါကာကွယ်ဆေး ၉၄ ဒသမ ၁၁ ရာခိုင်နှုန်း စသဖြင့် အသီးသီး ကာကွယ်ဆေးများ ထိုးနှံနိုင်ခဲ့သည့်အတွက် နေပြည်တော်တွင် ကူးစက်ရောဂါများဖြစ်ပွားမှု မရှိခဲ့ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌထံမှ သိရသည်။

၂၀၀၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် နေပြည်တော် ခုတင် ၃၀၀ ဆေးရုံကို ၂၀၁၈ ခုနှစ် မတ် ၁၇ ရက်တွင် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း မျက်စိရောဂါဌာန၊ နားနှာခေါင်းလည်ချောင်းကုဌာန၊ အရိုးကုဌာန၊ သားဖွားမီးယပ်ဌာနနှင့် ကလေးဆေးကုဌာနတို့သည် ဥတ္တရသီရိမြို့နယ်တွင် သီးခြားအထူးကုဆေးရုံကြီးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်၍ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၈ ဒီဇင်ဘာ ၃၁ ရက်အထိ ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ဆေးရုံ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း၊ ကင်ဆာဆေးကုသဆောင်၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဆောင်၊ ဆီးနှင့် ကျောက်ကပ် ခွဲစိတ်ကုသဆောင် စသည့် အတွင်းလူနာကုသဆောင်အသစ်သုံးဆောင် တိုးချဲ့ဖွင့်လှစ်ခြင်း၊ နှလုံးသွေးကြောရောဂါ စမ်းသပ်ကုသခြင်းကို New Catheterization Lab စက်အသစ်ဖြင့် ယနေ့အထိ လူနာပေါင်း ၇၉ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူနာကုသဆောင်များတွင် High Dependency Unit(HDU) Units များ အဆင့်မြှင့်တင်မွမ်းမံခြင်း၊ ဆီးချိုရောဂါပညာပေးကုသဌာနနှင့် အထူးကုပြင်ပလူနာဌာန နှစ်ခု ဖွင့်လှစ်ခြင်း၊ ထိုင်းနိုင်ငံ Rajavithi Hospital မှ Professer Dr. Vorapot Choonhaklai ဦးဆောင်သည့် ဆီးနှင့် ကျောက်ကပ်အထူးကုဆရာဝန်ကြီးများနှင့်ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် Live Surgery အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ လူနာ ခုနစ်ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးသည်။

၂၄ နာရီ အရေးပေါ်ခွဲစိတ်ခန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း၌ ဖွင့်လှစ်ခဲ့ပြီး စမ်းသပ်မှု ၁၄ မျိုးရရှိအောင် ဆောင်ရွက်ခဲ့ပြီး ဓာတ်မှန်ဌာနရှိ X-Ray စက်များကို Digital X - Ray စက်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးဖြစ်သည်။ ဆေးရုံကြီး၏ အတွင်းအပြင် သန့်ရှင်းကောင်းမွန်အောင် လျှပ်စစ်၊ ရေ၊ မီးနှင့် မိလ္လာ တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကျား/မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မှုခင်းရေးဌာနနှင့် နှစ်သိမ့်ဆွေးနွေး ပညာပေးဌာနတို့ကို ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး အကျဉ်းလူနာများအတွက် Guard Ward စီစဉ်ထားပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ပြင်ပလူနာ ၂၀၈၅၇၃ ဦး၊ အတွင်းလူနာ ၂၈၁၀၉ ဦးနှင့် ခွဲစိတ်လူနာ ၁၀၂၅၅ ဦး ရှိခဲ့သည်။

နိုင်ငံတော်အဆင့် အရေးကြီးပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဆေးရုံသို့ရောက်ရှိလာသော လေဖြတ်လူနာများကို လေဖြတ်လူနာ အထူးကြပ်မတ်ကုသခန်း ဖွင့်လှစ်ပြီး ကုသပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသို့ လာရောက်ပြသသော ပြင်ပလူနာဦးရေ ၅၀၀ ကျော်မှ ၆၀၀ ဝန်းကျင်ခန့်ရှိပြီး အဆောက်အအုံ အကျယ်အဝန်းနှင့် လူနာဦးရေမှာ မျှတမှုမရှိသည့်အတွက် လူနာများ သက်သောင့်သက်သာ နားနေစောင့်ဆိုင်းနိုင်ရန် အခန်းကျယ်ပါသော အထူးကုဆရာဝန်များ စမ်းသပ်ကြည့်ရှုရန် အခန်း ၂၀ ပါသည့် ပေ ၂၀၀ × ပေ ၅၀ သံကူကွန်ကရစ် ပြင်ပလူနာတိုးချဲ့ဆောင် အဆောက်အအုံတစ်လုံးကို တင်ဒါအောင်သော ကုမ္ပဏီနှစ်ခုဖြင့် ငွေကျပ် ၄၇၁ ဒသမ ၈၄၃ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။



၉-၁၂-၂၀၁၈ ရက်က နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာနေ တောင်သူများအား လယ်ယာမြေ လျော်ကြေးငွေ ပေးအပ်စဉ်။

### အားကစားကဏ္ဍ

အားကစားကဏ္ဍအနေဖြင့် အားကစားပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲ၏ အားကစားနည်း ၂၃ နည်းတွင် ပါဝင်ယှဉ်ပြိုင်ရာ ဘော်လီဘော၊ တိုက်ကွမ်ဒိုနှင့် အလေးမအားကစားနည်းများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည်။

### လမ်းတံတားကဏ္ဍ

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ Mini Budget တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ဖြင့် လုပ်ငန်း ၂၄၆ ခုကို ငွေကျပ်သန်းပေါင်း ၂၅၃၈ ဒသမ ၉၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပါလုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်တွင် ကတ္တရာလမ်း ၁၁ မိုင်ခန့်၊ ရိုစာလမ်း နှစ်မိုင်နှင့် ကတ္တရာထပ်ပိုးလွှာ ပေ ၆၆၀ တို့ကို ဆောင်ရွက်ခဲ့သည်။

"ကတ္တရာလမ်း အဆင့်မြှင့်တဲ့အထဲမှာ ကျေးရွာချင်းဆက်လမ်းတွေဖြစ်တဲ့ ပျဉ်းမနားမှာ နတ်သူရဲ - ပေါစံခေါ - သစ်ဆိမ့်ပင်လမ်း၊ ရွာသစ် - ကျွန်းကုန်းလမ်းအစရှိတဲ့ ကျေးရွာချင်းဆက်လမ်းတွေကို မြို့ပြနဲ့ကျေးလက် ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌက "ရိုစာလမ်း နှစ်မိုင်ဆိုရင် ပျဉ်းမနားမြို့နယ်နဲ့ လယ်ဝေးမြို့နယ်ကို ဆက်သွယ်ထိစပ်နေတဲ့ ဇီးဖြူပင်ကျေးရွာနဲ့ လက်ပံခုံကျေးရွာတို့ကို ဆက်သွယ်ပေးတဲ့လမ်း ဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြင်ထိန်းလုပ်ငန်း ၂၉ ခုကို နေပြည်တော် လမ်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် ပျဉ်းမနားမြို့နယ် အရှေ့ဘက်ရှိ တောင်ပေါ်ဒေသလမ်းများနှင့် ဥတ္တရသီရိမြို့နယ်ထဲရှိ ပျက်စီးနေသည့်လမ်းများကို ပြင်ဆင်ထိန်းသိမ်းခဲ့ကြောင်း သိရသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ဒေသအလှူရှင်များ၏ အစီအစဉ်ဖြင့် လုပ်ငန်းပေါင်း ၆၂၄ ခုကို ငွေကျပ်သန်းပေါင်း ၃၁၈၁၄ ဒသမ ၂၆၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၁၇ ဒသမ ၅ မိုင်၊ ရိုစာလမ်း ၅၅ ဒသမ ၀၅ မိုင်၊ ကတ္တရာလမ်း ၅၅ ဒသမ ၅ မိုင်၊ ကွန်ကရစ်လမ်း ၁၆ ဒသမ ၄ မိုင်တို့အပြင် အမာခံလမ်းတည်ဆောက်ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းနှင့် ချဉ်းကပ်လမ်းများကို နေပြည်တော်အတွင်းရှိ ရန်ကုန် - မန္တလေး အမြန်လမ်းပိုင်းများတွင် ကျောက်စီရေမြောင်းများ၊ မြေထိန်းနံရံများနှင့် ကုန်ထုတ်ဆက်သွယ်ရေးလမ်းများ ပါဝင်သည်။

"ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ရွာမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းတွေနဲ့ မြေသားလမ်းပြုပြင်ခြင်းတွေကို ထည့်သွင်းလျာထားဆောင်ရွက်လျက်ရှိပါတယ်" ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆိုသည်။

ထို့အပြင် ယခင်နှစ်က ရန်ကုန် - မန္တလေး လမ်းဟောင်း(နေပြည်တော်အပိုင်း)ရှိ လမ်းအရှည် ၅၇ မိုင် ၅ ဖာလုံကို အလျား ၄၈ ပေ ကတ္တရာလမ်း အဆင့်မြှင့်တင်ပေးခဲ့ရာ နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီမှ သတ်မှတ်မိုင်နှုန်းထက်ကျော်လွန်ပြီး အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု မဖြစ်ပေါ်ရေး Action Plan များကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

*အချပ်ပို(ဂ)သို့*

*အချပ်ပို(ခ)မှ*

### စိုက်ပျိုးရေးကဏ္ဍ

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နေပြည်တော်အတွင်း ၂၀၁၈ - ၂၀၁၉ ခုနှစ်၌ မိုးစပါး ၁၇၁၅၁၄ ဧက စိုက်ပျိုးခဲ့ပြီး ၁၇၁၀၇၅ ဧက ရိတ်သိမ်းခဲ့ကာ အထွက်နှုန်း ၈၄ ဒသမ ၃၇ တင်းဖြင့် စပါးအထွက်တင်း ၁၄၄၃၃၀၀၅ တင်း ထွက်ရှိခဲ့သည်။ နွေစပါးအနေဖြင့် ၁၆၈၅၃ ဧက လျာထားခဲ့ရာမှ ၇၀၂ ဧက စိုက်ပျိုးထားရှိပြီး လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။ စပါးသီးနှံမျိုးသန့်ထုတ်လုပ်မှုတွင် RS to CS မျိုးစေ့ထုတ်လုပ်ငန်းတွင် မိုးစပါး ၁၄၄၆ ဒသမ ၄၇ ဧက စိုက်ပျိုးရိတ်သိမ်းခဲ့ရာ အထွက်နှုန်း ၈၁ ဒသမ ၆၀ တင်းဖြင့် ၁၁၈၀၃၅ တင်းထွက်ရှိခဲ့သည်။

နွေစပါးအနေဖြင့် ဧက ၃၆၀ စိုက်ပျိုးရန် လျာထား၍ ၁၁၁ ဒသမ ၅ ဧက စိုက်ပျိုးပြီးဖြစ်သည်။ မျိုးစေ့ထုတ်လုပ်ငန်း (Hybrid) ဆောင်ရွက်မှုအနေဖြင့် မျိုးခွဲ ရှစ်ခုကို မိုးစပါး စိုက်ဧက ၁၀၁၃၃ ဒသမ ၃၃ ဧက စိုက်ပျိုးရိတ်သိမ်းခဲ့ရာ ၄၀ ဒသမ ၇၆ တင်းဖြင့် အထွက်တင်းပေါင်း ၄၁၃၀၄ တင်းထွက်ရှိခဲ့သည်။ နွေစပါး ၇၄၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၄၀၆ ဧက စိုက်ပျိုးပြီးဖြစ်သည်။

မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုများမှ ထွက်ရှိလာမည့် မိုးစပါးများကို လာမည့်မိုးရာသီတွင် တောင်သူများထံ ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ တောင်သူစံပြကွက်အနေဖြင့် မြို့နယ် ရှစ်မြို့နယ်တွင် စိုက်ဧက ၃၀၀ စိုက်ပျိုးရိတ်သိမ်းခဲ့ပြီး အထွက်နှုန်း ၈၂ ဒသမ ၉၃ တင်းဖြင့် အထွက်တင်း ၂၄၇၈၉ တင်း ရရှိခဲ့သည်။

### ဆည်မြောင်းကဏ္ဍ

ဆည်မြောင်းကဏ္ဍအနေဖြင့် နေပြည်တော်တွင် ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ Mini Budget တွင် ရေဆင်းဆည်၊ ငလိုက်ဆည်၊ ဆင်သေဆည်၊ ကျောင်းဆည် ဆည်နှင့် ကျေးလက်ဆည်ကန်များ ပြုပြင်ခြင်းလုပ်ငန်း ၁၅ ခုကို ငွေကျပ်သန်း ၁၅၀ ဒသမ ၃၂ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးဧက ၃၉၇၅၁ ဧကအား ရေအလေအလွင့် နည်းပါးစွာဖြင့် စိုက်ပျိုးရေ လုံလောက်စွာပေးနိုင်မည်ဖြစ်သည့်အပြင် ရေဘေးကာကွယ်ရေးလုပ်ငန်းအနေဖြင့် ရေဆင်းချောင်းဟောင်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၄ ဒသမ ၄၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် စိုက်ပျိုးမြေဧက ၃၂၀ နှင့် အိမ်ခြေ ၄၀၀ ကို အကျိုးပြုခဲ့သည်။

ထို့အပြင် ရေဆင်းတမံ ရေပိုလွှဲဆည်မှ ရေကျော်ကျဆင်းခြင်းကြောင့် ရေဆင်းကျေးရွာရှိ လူနေအိမ်များနှင့် ရန်ကုန် - မန္တလေး ကားလမ်း ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။




**နေပြည်တော် ကောင်စီနယ်မြေအတွင်း နေထိုင်သည့် အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်ရန် လူမှုဖူလုံရေး-မေမေ အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲကို ၂၆-၃-၂၀၁၉ ရက်က ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မေမေဆေးရုံတာဝန်ခံနှင့် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်တို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငလိုက်ဆည်ရေသောက်စနစ်မှ ၄၄၄ ဧက၊ ရေဆင်းဆည်ရေသောက်စနစ်မှ ဧက ၆၄၀၊ စက်စက်ယိုဆည်ရေသောက်စနစ်မှ ၃၉၅ ဧက၊ ရေနီဆည်ရေသောက်စနစ်မှ ဧက ၉၀၊ သဲဖြူတမံနှင့် ကြို့ကုန်းဆည် ရေသောက်စနစ်မှ ဧက ၂၀၀ ၊ ရန်အောင်မြင်ဆည် ရေသောက်စနစ်မှ ၃၇၅ ဧကနှင့် ဆင်သေဆည် ရေသောက်စနစ်မှ ဧက ၂၂၀ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများပြီးစီးပါက ဆည်ရေသောက်စနစ်များအတွင်းရှိ စိုက်ပျိုးမြေ ၂၃၆၄ ဧကတို့မှာ ရေကြီးနစ်မြုပ်မှု အန္တရာယ်မှ ကာကွယ်နိုင်မည့်အပြင် ရေသွင်းရေနုတ်ကောင်းရန်အတွက် ရိုးများ၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများကို လျာထားဆောင်ရွက်လျက်ရှိသည်။

### ကမ္ဘာ့ဘဏ်ချေးငွေ

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၁၇ - ၂၀၁၈ တွင် ငွေကျပ်သန်း ၃၀၆၄ ဒသမ ၁၂၀ သန်းနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ဘတ်ဂျက်တွင် ငွေကျပ် ၄၉၈ ဒသမ ၄၄၉ သန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၉၉၃ ဒသမ ၁၀၃ သန်းဖြင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ဆည်ရေသောက်ဧရိယာ ၆၈၄၆ ဧကကို ရေအလေအလွင့် နည်းပါးစွာ ရေပေးဝေနိုင်မည့်အပြင် တပ်ကုန်းမြို့နယ်အတွင်းရှိ ရှောက်ကုန်း၊ ကင်ပွန်းတန်းနှင့် ကျားသေအိုင်ကျေးရွာတို့ရှိ လယ်ယာမြေ ၉၅၅ ဧကကို စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်မည်ဖြစ်သည်။

### မွေးမြူရေးကဏ္ဍ

မွေးမြူရေးကဏ္ဍအနေဖြင့် မြစိမ်းရောင် (အသားကဏ္ဍ)တွင် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာနှင့် ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာတို့ရှိ တောင်သူ ၅၁၀ ထံ ဝက်အကောင်ရေ ၆၀၀ နှင့် နွားအကောင်ရေ ၆၀ တို့အား ဖြန့်ဖြူးပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျွဲ၊ နွားရောဂါ ကာကွယ်ဆေးထိုးခြင်း၊ မေထုန်မဲ့သားစပ်ပေးခြင်းနှင့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်အမည်ဖြင့် သင်တန်းဟောပြောပွဲ ၁၄၁ ကြိမ် ပြုလုပ်ခဲ့ပြီး လူဦးရေ ၅၂၀၃ ဦးအား အသိပညာပေးနိုင်ခဲ့သည်။

### လျှပ်စစ်မီးလင်းရေးကဏ္ဍ

လျှပ်စစ်မီးလင်းရေးကဏ္ဍအနေဖြင့် နေပြည်တော်အတွင်း တတိယ (၁)နှစ်တာ ကာလအတွင်း ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် လုပ်ငန်း လေးခုကို ငွေကျပ် ၃၅၃၄ ဒသမ ၅၈၅ သန်းနှင့် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် လုပ်ငန်း ၁၄၉ ခုကို ငွေကျပ် ၁၀၆၀၉ ဒသမ ၅၃၀ သန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တွင် ကျေးရွာပေါင်း ၇၉၆ ရွာရှိသည့်အနက် မီးလင်းပြီးကျေးရွာ ၄၃၂ ရွာရှိပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးပါက ကျေးရွာ ၄၈ ရွာ ထပ်မံမီးလင်းမည်ဖြစ်ပြီး မီးလင်းရန်ကျန်ရှိသည့်ကျေးရွာ ၃၁၆ ရွာကို မီးလင်းရေးအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်းတို့ကို နေပြည်တော်တစ်ခွင်လုံး လျှပ်စစ်မီးလင်းနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

### ရေရရှိရေးကဏ္ဍ

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေနှင့် နေပြည်တော်ကောင်စီ ရန်ပုံငွေတို့ဖြင့် လုပ်ငန်းပေါင်း ၂၆ ခုကို ငွေကျပ်သန်းပေါင်း ၂၅၂ ဒသမ ၁၉၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းပေါင်း ၁၀၁ ခုကို ငွေကျပ်သန်းပေါင်း ၆၂၈၈ ဒသမ ၆၀၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဒီလိုဆောင်ရွက်သည့်အထဲတွင် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် အိမ်ခြေ ၉၈၅ လုံးကို သန့်ရှင်းသော သောက်သုံးရေရရှိဖို့အတွက် ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ပြောသည်။

### ဖွံ့ဖြိုးရေးဆောင်ရွက်မှုများ

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ဖြင့် လုပ်ငန်းပေါင်း ၁၉၃ ခုကို ငွေကျပ်သန်းပေါင်း ၁၂၄၅ ဒသမ ၂၃၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ပြည်ထောင်စုလွှတ်တော်ခွင့်ပြုရန်ပုံငွေတို့ဖြင့် လုပ်ငန်းပေါင်း ၁၇၂ ခုကို ငွေကျပ်သန်းပေါင်း ၁၆၆၅၄ ဒသမ ၈၀၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဒေသခံပြည်သူများ နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးရေလျှံမှုမှ ကာကွယ်ရန် တောင်ညိုကျေးရွာအုပ်စု ချောင်းမကြီးချောင်း ရေထိန်းနံရံ တည်ဆောက်ခြင်း၊ မရမ်းခုံကျေးရွာ စံပြလယ်ယာအနီး ရေထိန်းနံရံများ တည်ဆောက်ခြင်း၊ မရမ်းခုံကျေးရွာဘေးရှိ ချောင်းမကြီးချောင်း ရေထိန်းနံရံ တည်ဆောက်ခြင်း၊ တက်ရှိန်းကျေးရွာ အုပ်စုအတွင်းရှိ နတ်တောင်ချောင်း ရေထိန်းနံရံတည်ဆောက်ခြင်း၊ မိုးစွေကျေးရွာအုပ်စု လဲဝန်းကျေးရွာအတွင်း ငလိုက်ချောင်းရေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများကို တည့်သွင်းဆောင်ရွက်ရခြင်းဖြစ်ပြီး လုပ်ငန်းများပြီးစီးပါက အိမ်ခြေ ၂၉၀၆ အိမ်နှင့် စိုက်ပျိုးမြေဧက ၃၅၁၈ ဒသမ ၁၈ ဧကကို ရေလွှမ်းမိုးမှုဘေးမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ထို့အပြင် အထူးကိစ္စတစ်ရပ်အနေဖြင့် ပြည်ထောင်စုအစိုးရမှ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အပျိုဆောင်၊ လူပျိုဆောင်၊ အမှုထမ်း၊ အရာထမ်း ဝန်ထမ်းအိမ်ရာ ၄၃ လုံးကို ငွေကျပ် ၂၂၇၈ ဒသမ ၁၅၄ သန်းဖြင့် နေပြည်တော်ကောင်စီမှ တာဝန်ယူတည်ဆောက်ပေးခဲ့ရာ အခန်းပေါင်း ၆၂၇ ခန်းတွင် ဝန်ထမ်းများ စိတ်ချမ်းသာစွာ နေထိုင်နေကြပြီဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာ ၇၆ လုံးကို ငွေကျပ်သန်း ၅၀၀၀၀ ဖြင့် တာဝန်ယူတည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းအားလုံးအတွက် တင်ဒါများခေါ်ယူပြီး ၂၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌထံမှ သိရသည်။



**၂-၃-၂၀၁၉ ရက်က နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တပ်ကုန်းမြို့၌ တွေ့ဆုံဆွေးနွေးစဉ်။**

*အချပ်ပို (ဃ) သို့*

**“ နေပြည်တော်တွင် ကျေးရွာပေါင်း ၇၉၆ ရွာရှိသည့်အနက် မီးလင်းပြီးကျေးရွာ ၄၃၂ ရွာရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးပါက ကျေးရွာ ၄၈ ရွာ ထပ်မံမီးလင်းမည်ဖြစ်ပြီး မီးလင်းရန် ကျန်ရှိသည့်ကျေးရွာ ၃၁၆ ရွာကို မီးလင်းရေးအတွက် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်းတို့ကို နေပြည်တော်တစ်ခွင်လုံး လျှပ်စစ်မီးလင်းနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိ ”**




နေပြည်တော်ကောင်စီရုံး အဆောက်အအုံ

*အချပ်ပို (ဂ) မှ*

### တရားဥပဒေစိုးမိုးမှု

နေပြည်တော်ကောင်စီ၏ ရည်မှန်းချက် ၃ ခုအနက် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ဆဲဥပဒေများအရ ရရှိနိုင်မည့် အခွင့်အရေးများ၊ ပြည်သူများ အပြည့်အဝ ခံစားခွင့်ရရှိရန်နှင့် ပြစ်မှု ကျူးလွန်ကာကွယ်ရေးအတွက် ၂၀၁၈ ဇန်နဝါရီ ၁ ရက်မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ကြိုတင်ကာကွယ်မှု ၁၉၂၄ မှုကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

အမှုကြီးဖြစ်ပွားသော မြို့နယ်များတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများ ဦးစီး၍ လူစည်ကားရာ မြို့ပေါ်ရပ်ကွက်များနှင့် ဈေးများ၊ ကျေးရွာများ၊ ကျောင်းများ၊ ဝန်ထမ်းအိမ်ရာများသို့ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော ဆောင်ရွက်ခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြစ်မှုများမဖြစ်ပွားရေးအတွက် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်ခြင်း၊ ရဲစခန်းများအလိုက် လူဆိုးမှတ်တမ်းများ စနစ်တကျပြုစုထားရှိကာ စောင့်ကြပ်ကြည့်ရှုခြင်း၊ မှုခင်းဖြစ်ပွားတတ်သော နေရာနှင့် ပြစ်မှုကျူးလွန်တတ်သူများကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းသိမ်းခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့အပြင် ရာဇဝတ်မှုနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

### မူးယစ်ဆေးဝါးနှိမ်နင်းရေး

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တတိယ(၁)နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးမှု ၉၃ မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

နေပြည်တော်အတွင်း ပြည်သူများကို ဝန်ဆောင်မှု ပိုမိုထိရောက်စွာပေးနိုင်ရန် ပြစ်မှုကျူးလွန်ခံရသူများ၊ ထိခိုက်နစ်နာသူများအတွက် တရားဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ ဖြေရှင်း ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်သိပြည်သူများနှင့် တောင်းခံသူများမှ ပေးပို့လိုသည့် ဒုစရိုက်မှုခင်းသတင်းများနှင့် အခြားသတင်းများကို လွယ်ကူစွာပေးပို့နိုင်ရန် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး 199 Call Center ရှိ ၀၆၇ - ၂၇၁၉၉၊ ၀၆၇ - ၅၅၀၀၄၁၊ ၀၆၇ - ၅၅၀၀၄၂ တို့သို့ 199 နံပါတ်ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၆ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ရဲတပ်ဖွဲ့၏ နေ့စဉ်ဆောင်ရွက်မှုသတင်းများကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သတင်းစာများ၊ Myanmar Police Force Website နှင့် Facebook စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိသည်။

သတင်းပေးမှုများအပေါ် အရေးယူဆောင်ရွက်နိုင်ခဲ့မှုများမှာ ၂၀၁၆ ခုနှစ်တွင် ခေါ်ဆိုမှုပေါင်း ၈၉၆ ခုအနက် သတင်းမှန် ၇၁ ခုတွင် ၂၅ မှု၊ ၂၀၁၇ ခုနှစ်တွင် ခေါ်ဆိုမှုပေါင်း ၃၁၅၇ ခုအနက် သတင်းမှန် ၂၀၆ ခုတွင် ၆၇ မှု၊ ၂၀၁၈ ခုနှစ်တွင် ခေါ်ဆိုမှုပေါင်း ၉၃၅၄ ခု အနက် သတင်းမှန် ၁၇၀ တွင် ၅၆ မှုဖြစ်သည်။

နေပြည်တော်အတွင်း ဒုစရိုက်မှုများကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ဖြစ်ပွားပါက အထိရောက်ဆုံး လျှင်မြန်စွာ တရားခံဖမ်းဆီးရမိရေးအတွက် မြို့ဝင်/ထွက် ဂိတ်များနှင့် အရေးကြီးနေရာများတွင် CCTV ကင်မရာ ၅၁ လုံး တပ်ဆင်၍ ၂၄ နာရီစောင့်ကြည့်၍ လုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့အကျိုးပြု လုပ်ငန်းများအနေဖြင့် နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) များ ဖွင့်လှစ်ပြီး ပြည်သူလူထုသို့ ဌာန ၁၀ ခုမှ ဝန်ဆောင်မှုလုပ်ငန်း စုစုပေါင်း ၃၁၇၅၈ ခု ဝန်ဆောင်မှု ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

### အသေးစားချေးငွေလုပ်ငန်းများ

အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း (EXIM Bank)တွင် အခြေခံအသင်း ၂၇၃ သင်းရှိ အသင်းသားတောင်သူလယ်သမား ၂၆၉၉၇ ဦးအား စိုက်ပျိုးစရိတ်ချေးငွေကို အတိုးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန်အတွက် ပထမအကြိမ် ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်တွင် ၎င်းတို့၏ အစု၊ စုဆောင်းငွေနှင့် EXIM Bank ပံ့ပိုးချေးငွေ အပါအဝင် ငွေကျပ် ၄၁၃၂ ဒသမ ဝ၃ဝ သန်း ထုတ်ချေးပေးနိုင်ခဲ့သည်။ ထို့ပြင် ဒုတိယအကြိမ် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အခြေခံအသင်း ၂၄၄ သင်းရှိ အသင်းသား ၂၂၀၀၁ ဦးအား ၎င်းတို့၏ အစု၊ စုဆောင်းနှင့် EXIM Bank ပံ့ပိုးချေးငွေ အပါအဝင် ငွေကျပ် ၃၃၆၆ ဒသမ ၈၄၆ သန်း ထုတ်ချေးခဲ့သဖြင့် ပြင်ပအတိုးနှုန်းထက် ငွေကျပ် ၃၁၄၉ ဒသမ ၅၂၈ သန်း သက်သာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း သက်တံ့ရောင် အစီအစဉ်ဖြင့် အသင်းသား လက်လုပ်လက်စား ကျပန်းအလုပ်သမား ၉၁၁၈ ဦးအတွက် အရင်းအနှီးရရှိရန် ချေးငွေကို အတိုးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန်အတွက် ပထမအကြိမ် ၂၀၁၈ ခုနှစ် မေ ၁၅ ရက်တွင် ၎င်း၏ အစု၊ စုဆောင်း၊ အသင်းအချင်းချင်း ပံ့ပိုးချေးငွေ အပါအဝင် ငွေကျပ် ၅၂၉ ဒသမ ၄၇၃ သန်း၊ ဒုတိယအကြိမ် ၂၀၁၈ ခုနှစ် ဇွန် ၁၃ ရက်တွင် ၎င်း၏ အစု၊ စုဆောင်း၊ အသင်းအချင်းချင်း ပံ့ပိုးချေးငွေ အပါအဝင် ငွေကျပ် ၄၁၃ ဒသမ ၆၁၀ သန်းကို ထုတ်ချေးပေးနိုင်ခဲ့သဖြင့် ပြင်ပအတိုးနှုန်းနှင့် နှိုင်းယှဉ်ပါက ငွေကျပ် ၃၉၆ ဒသမ ၁၉၅ သန်း သက်သာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### သဘာဝဘေးအန္တရာယ်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအနေဖြင့် နေပြည်တော်အတွင်း သဘာဝဘေးဖြစ်ပွားမှုများမှာ လေဘေး ၆၃ ကြိမ်၊ ရေဘေး ငါးကြိမ်၊ မီးဘေး ငါးကြိမ်၊ ကမ်းပြိုဘေး ၁၀ ကြိမ်၊ မိုးကြိုးဘေး တစ်ကြိမ်နှင့် ကြွက်ဘေး တစ်ကြိမ် ကျရောက်ခဲ့ပြီး လေဘေးအများဆုံး ဖြစ်ပွားခဲ့ကြောင်း ဘေးဖြစ်ပွားမှုမှတ်တမ်းအရ သိရသည်။

သဘာဝဘေးဖြစ်ပွားမှုအတွက် အိမ်ထောင်စု ၉၃၄ စုနှင့် လူဦးရေ ၁၉၂၀၅ ဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၄၀၃၀၁၁၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၃၂၇၃၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ငွေကျပ် ၁၃၀၃၄၉၄၆ စုစုပေါင်းငွေကျပ် ၈၆၀၆၆၀၄၆ ကို နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးနိုင်ခဲ့သည်။

ထို့အပြင် သဘာဝဘေး အသိပညာပေးဟောပြောပွဲ၊ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဟောပြောပွဲ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းများ ၁၀၉ ကြိမ် ပြုလုပ်ခဲ့ပြီး ၂၂၇၇၂၂ ဦး တက်ရောက်ခဲ့သည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် တတိယ (၁)နှစ်တာကာလအတွင်း ဈေးများဌာနအနေဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်နေ ပြည်သူများ စည်းကမ်းတကျ ဈေးဝယ်ယူရောင်းချနိုင်ရေးအတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် အောင်ဇမ္ဗူဈေးကို ဆိုင်ခန်းပေါင်း ၃၆၀ ခန့်ဖြင့် ဖွဲ့စည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

“အောင်ဇမ္ဗူဈေး ဖွင့်လှစ်လိုက်တဲ့အတွက် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ယာဉ်အန္တရာယ်ကင်းဝေးသည့်အပြင် စားသုံးသူများအနေဖြင့် စည်းကမ်းတကျ နေရာသတ်မှတ်ထားသည့် ဈေးနေရာတွင် အဆင်ပြေစွာ ဝယ်ယူနိုင်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုကင်းဝေးခြင်း၊ အမှိုက်များ စည်းကမ်းတကျ စွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်” ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆိုသည်။

### ပန်းဥယျာဉ်နှင့် အားကစားကွင်းများ

ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနအနေဖြင့် ရေပန်းဥယျာဉ်ကို နိုင်ငံ၏ မြို့တော်အဆင့်နှင့်လျော်ညီစွာ ပြည်သူများအတွက် ပိုမိုပျော်ရွှင်ကြည်နူးစေမှု၊ အပန်းပြေစေမှုများ ရရှိနိုင်ရန် အဆင့်မြှင့်တင်တည်ဆောက်ဖွင့်လှစ်သွားနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၂၉/၂၀၁၈)မှ ရေပန်းဥယျာဉ်အား ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ တင်ဒါစနစ်ဖြင့် အငှားချထား ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

### ပုဂ္ဂလိကသို့ ငှားရမ်း

ထုတ်လုပ်မှုနည်းစနစ်အရ ကုန်ကျစရိတ်များပြီး အရှုံးပေါ်နေသဖြင့် ၂၀၁၇ ခုနှစ်မှစ၍ စက်ရပ်နားခဲ့ရသည့် ဘိလပ်မြေစက်ရုံ(နေပြည်တော်)ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းနိုင်ရေး တင်ဒါခေါ်ယူခဲ့ပြီး ယခုအခါ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါအောင်မြင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းနိုင်ခြင်းဖြင့် ကော်မတီပိုင်ငွေများ လေလွင့်ဆုံးရှုံးမှုမှ လျော့နည်းပြီး ကော်မတီပိုင်ဝင်ငွေများ တိုးတက်ရရှိမည်ဖြစ်သည်ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြောသည်။

### Smart Cities ကွန်ရက်

အာဆီယံအဖွဲ့အနေဖြင့် ၂၀၁၈ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မြို့ကြီး ၂၆ မြို့နယ် အာဆီယံ Smart Cities ကွန်ရက် (ASEAN Smart Cities Network) ထူထောင်ရာတွင် နေပြည်တော်သည် ကနဦးမြို့တော်တစ်မြို့အဖြစ် ပါဝင်ခဲ့သည်။ အာဆီယံ Smart Cities မူဘောင်အဖြစ် ချမှတ်ထားသော လုပ်ငန်းစဉ်များအနက် ပြည်သူလူထု၏ ကျန်းမာရေးနှင့် သာယာဝပြောရေး၊ အရည်အသွေးကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် အခြေခံအဆောက်အအုံ စသည့် ကဏ္ဍ(၃)ရပ် ဖွံ့ဖြိုးတိုးတက်ရေးကို ရွေးရှူ၍ လုပ်ငန်းစဉ် (Action Plan) များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီသည် ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူတို့၏ လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များအား အစိုးရနှင့် အလှူရှင်များမှ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် လူမှုဘဝအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခြင်း၊ အချို့သော အစိုးရရုံးလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာများအထိ သွားရောက်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က “ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ လမ်း၊ တံတားများအပြင် အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အရှိန်အဟုန်မြှင့် အားသွန်ခွန်စိုက်ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။ ။